နမ္မားမြို့

သီရိမင်္ဂလာမြို့မကျောင်း

ဆရာတော်-ဦးဉာဏ

၏

# ကူးဝဋ္ဋကမ်း ဆွေးနွေးချက်

အောင်ဓမ္မ စာပေဖြန့်ချိရေး-နှင့်-ပုံနှိပ်တိုက်၊
၈၄-လမ်း-မန္တလေးမြို့။

၁၀၇၁၃

နန်းမားမြို့။

# သီရိမင်္ဂလာ မြို့မကျောင်း

## အသျှင် ဉာဏ

၏

# တရားစစ်တမ်းဆွေးနွေးခန်း


အောင်ဇေယျ ပုံနှိပ်တိုက်
TRADE MARK
၇၄-လမ်းမန္တလေး။

# တ ဘိ ယ အ ကြိ မ် ရို က် နှိ ပ် ခြ င် း ။

စာအုပ်ရေ (၃၀၀၀) ၁၀-၁၂-၆၆

ပုံနှိပ်သူ။ ။ဦးနီ (၀၀၁၂) ယာယီမှတ်ပုံတင်
အောင်ဇေယျပုံနှိပ်တိုက်
အမှတ် ၅၀၇ ၈၄-လမ်း၊
ရှမ်းစုစာတိုက်မန္တလေးမြို့။

ထုတ်ဝေသူ။ ။ဦးနီ (၀၀၀၉) ယာယီမှတ်ပုံတင်
အောင်ဇေယျစာပေ
အမှတ် ၅၀၇ ၈၄-လမ်း၊
ရှမ်းစုစာတိုက်မန္တလေးမြို့။



နမ္မားမြို့ အသျှင်ဉာဏပုံတော်။

# နိဒါန်း

မြန်မာနိုင်ငံတော်သည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာ (၅) နိုင်ငံတို့တွင် ပဉ္စမ သံဂါယနာ၊တင်သော အားဖြင့်၎င်း ဆဋ္ဌ သံဃာယနာ တင်သော အားဖြင့်၎င်း ရှေ့သွား ခေါင်းဆောင် ဖြစ်ပေသည် သို့အတွက် ကျန်ဗုဒ္ဓဘာသာ နိုင်ငံများ အားထား လောက်အောင်၎င်း ဘာသာခြား တိုင်းပြည်များ ယုံကြည် လေးစား လောက်အောင်၎င်း မှတ်ကျောက် အတင်ခံလောက်အောင်၎င်း ဗုဒ္ဓဘာသာ ရေးရာတွင် ခိုင်လုံတောင့်တင်း၍ သန့်ရှင်း ရပေလိမ့်မည် လေယဉ်ပျံကို ကောင်းတယ် ထင်ပြီး မစစ် ဆေးဘဲ ပျံသန်းခဲ့သော် လမ်းတွင် ပျက်စီး၍ ဒုက္ခကြီးတွေ့ရသလို မြန်မာပြည်ရှိ ရဟန်းရှင်လူတို့ ယူနေပုံ လုပ်နေပုံဟာ ဟုတ်တယ်ထင်ပြီး မစစ်ဆေးဘဲ ဖြစ်ထားခဲ့သော် မဟုတ်တာ လုပ်နေဒါကို ဘာသာခြားပညာရှင်တွေ မြင်သွား၍ အထင်သေး ခံရမှာစိုးပါသည် သို့အတွက် မြန်မာပြည် သည် ဗုဒ္ဓဘာသာတိုင်းပြည်လို့ ဆိုပေသည့်သရေဂုဏ် အစစ် တည် မတည်ကို စစ်တမ်းလုပ်၍ ပြင်ဆင်ကြစေရန် ရေး သားလိုက်ပေသတည်း။

# အ မှာ စာ ။

ဤစာအုပ်သည် မောင်စိန်ဆိုသူနှင့်အမေးအဖြေလုပ်၍ ဆွေးနွေးသွားပုံကို ရေးသားထားပေသည် သို့သော်လည်း အမျိုးမျိုးသော တကာ-တကာမတို့၏ လျှောက်ထားမေး မြန်းချက်တွေကို မောင်စိန်ဆိုတဲ့ နာမည်ဖြင့် တင်စား၍ သုံးနှုံးသွားပေသည် မောင်စိန်၏ လျှောက်ထားချက်မှန် သမျှ **တ**ကာ တကာမ အမျိုးစုံတို့၏ စကားဘဲဟုသိစေ လိုပေသည် (၇) တန်းနှင့် ကျောင်းထွက်လိုသော သား ကလေးကို (၁၀) တန်းထိအောင် သင်စေလိုသော မိဘ သည် (၇) တန်းကိုရှုတ်ချ၍ (၁၁) တန်းကိုသာ ချီးမွမ်း သလို စာကြည့်ပရိသတ်အား မဂ်ဉာဏ် ဖိုလ်ဉာဏ် သိ မြင်စေလိုသော ဤစာအုပ်အရှင်သည် လောကီကုသိုလ်ကို ၎င်း ပုထုဇဉ်အဖြစ်ကို၎င်း ရှုတ်ချ၍ လောကုတ္တရာကုသိုလ် ကိုသာ အမွှန်းတင်၍ ရေသွား ပေသည် သို့အတွက် အကဲ့ရဲ့အလျှင်မလိုဘဲ စာအုပ်ဆုံးအောင်ဘတ်၍ ယောနိ သော မနသိကာရဖြင့်ရှိသေစွာဆင်ခြင်စေလိုပါသည်။

# တရားစစ်တမ်း ဆွေးနွေးခန်း။

**နမော ဗုဒ္ဓါနံ။**
**ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။**

မောင်စိန်။ ။ တပည့်တော်တို့၏ ဗုဒ္ဓ ဘာသာမှာ သိစရာကများ တပည့်တော်တို့၏ ဉာဏ်က သေးပါသဖြင့် အပါယ်ဘေး စိတ်ချ ရအောင် တဆိတ်ကလေး ဆွေးနွေးပါရစေဘုရား။

ဆရာ။ ။ အေး ဆွေးနွေးကြတာပေါ့၊ မြတ်စွာဘုရားကလဲ ကာလေနဓမ္မသာကစ္ဆာ လို့ ဟောတော်မူပါလားကွယ်၊ သင့်တင့် လျောက်ပတ်သော အခါ တရားစကားဆွေးနွေးကြတာဟာ မင်္ဂလာပေါ့။

မောင်စိန်။ ။ တပည့်တော်တို့၏ အရေး အကြီး ဆုံးက တော့ အပါယ်တံခါး ပိတ်ရေးဘဲဘုရား ဘယ်လို လုပ်မှ အပါယ်ဒုက္ခ ပြွတ်ကျွမယ် ဆိုဒါ သိချင် ပါတယ်ဘုရား။

ဆရာ။ ။ သရဏဂုံ ၃-ပါးတည်ရင်ဘဲ အပါယ်ဘေးတော့ အေးပါတယ်ကွယ်၊ အပါယ် ဘေးတင် ဘယ်က မလဲ ခပ်သိမ်းသော ဒုက္ခမှ အေးရပါတယ်လို့ မြတ်စွာဘုရားက ဟောတော်မူသကွဲ့၊ ဟောပုံက

## တေ်ခေါသရဏံ ခေမံ တေံသရဏံ မုတ္တမံ၊ တေံသရဏမာဂမ္မ သဗ္ဗဒုက္ခာပမုစ္စရေ။

တေံ၊ ဘုရား၊ တရား၊ သံဃာ၊ အားဟု သုံးပါ အစုံ မြတ်သရဏဂုံသည်။ ခေါ၊စင်စစ် ကေန် မသွေမှန်သဖြင့် ခေမံ၊ ဒုက္ခခပ်သိမ်း အကုန် ငြိမ်းစေနိုင်သော သရဏံ၊ ကိုးကွယ် ပုံးအောင်း လည်းလျှောင်းဘွယ်ရာ မြတ်ရတနာ သည်။ ဟောတိ၊ မုချပုံသေ ဖြစ်တော့၏။ တေံ၊ ဤ ဘုရား တရား သံဃာ အားဟု သုံးပါးအစုံ မြတ်သရဏဂုံ သည်။ ဥတ္တမံ၊ မြင့်လာတိုင်းရှုံး အမြတ်ဆုံး ဖြစ်သော သရဏံ၊ ကိုးကွယ် ပုံးအောင်း လည်းလျှောင်း ဘွယ်ရာ မြတ်ရတနာသည်။ ဟောတိ၊ မုချပုံသေ ဖြစ်တော့လေ၏။ တေံသရဏံ၊ ဤသို့ရတနာသုံးပါး အားထားမပြတ် ဆည်း ကပ် ကိုးကွယ် ခြင်းကို အာဂမ္မ၊ အကြောင်း တခု အစွဲ ပြု၍။ သဗ္ဗဒုက္ခာ၊ အပါယ်ဘေးနှင့် အိုဘေးနှစ်ဖြာ နာဘေး တတွေ သေဘေးတမျိုး ဆိုးဆိုး ဝါးဝါး များပြားဒုက္ခ

ဟူသမျှမှ ပမုစ္စရေ၊ ကင်းစင်၊ လွတ်မြောက် ဘေးတွေ ပျောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက် နိုင်ကြလေကုန် သ တည်း။

ကဲ- မောင်စိန့်ရေ၊ သရဏဂုံ သုံးပါးဟာ သယ်လောက် အားထားစရာ ကောင်းသလဲကွဲ့၊ ပစ္စုပ္ပန် သံသရာနှစ်ဖြာ သောဘေးတွေ ပျောက်ပြီး၊ နိဗ္ဗာန်ကို ရောက်စေနိုင်တယ်။ ထင်းခုတ်သမားသားအဘတို့ မဋ္ဌကုဏ္ဍလိတို့ သခင်နတ်တို့ဟာ လက်တွေ့တွေပေါ့။

မောင်စိန့်။ ။ ဒီလိုဆိုရင် တပည့်တော်တို့ မြန်မာပြည်က ဘုန်းကြီးရော လူတွေပါ အပါယ်သွားမည့်သူဟာ မရှိသလောက် ဖြစ်နေတာပေါ့ဘုရား။

ဆရာ။ ။ ဘယ်ဟုတ်မလဲကွယ်၊ ဘုန်းကြီး(၁၀၀)မှာ သရဏဂုံတည်တဲ့ကိုယ်တော်ဟာ (၃၀) ရှိချင်မှရှိမယ် လူဆိုရင်လဲ (၁၀၀) မှာ (၁၀) ရှိချင်မှရှိမယ်ကွဲ့

မောင်စိန့်။ ဘယ်နှယ် မရှိတာလဲဘုရား၊ ဘုန်းကြီးတွေက ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ရှေ့ကချပေး လူတွေက နောက်ကလိုက်ဆိုကြရဒါ အမြဲလိုဘဲ မဟုတ်လား ဘုရား။

ဆရာ။ ။ အဲဒါက ကြက်တူရွေး သရဏဂုံကွဲ့၊ ဘုရားသရဏဂုံ၊ မဟုတ်သေးဘူး။

မောင်စိန့်။ ။ ရှင်းပါအုံး။

ဆရာ။ ဗုဒ္ဓသရဏံ ဂစ္ဆာမိကို ကြက်တူရွေးကို သင်ပေးရင် မဆိုတတ်ဘူးလား။

မောင်စိန်။ ဆိုတတ်ပါတယ်ဘုရား။

ဆရာ။ ။ဆိုတော့ ဆိုတတ်တယ် ဘုရားဂုဏ်တော် ကိုးပါး သိပြီးအားထားရဲ့လား။

မောင်စိန်။ ။သိလဲမသိ အားလဲမထားပါဘုရား။

ဆရာ။ ။ အဲဒီလိုပေါ့ကွဲ့၊ ဘုန်းကြီးက စာရလို့ချပေးလူတွေက နောက်ကလိုက်ဆို၊ ဆိုသာ ဆိုတယ် ဘုရားဂုဏ်တော်တွေကို မသိကြ။ အားလဲမထားကြ၊ အားထားတာက ဘိုးဘိုးအောင်တို့ မင်းညီနောင်တို့ ဘိုးမင်းကျော်တို့ မင်းမဟာဂီရိတို့ ခရေ ငံပိုင် ဦးရှင်ကြီးတို့ ရေယာဉ်ကတော်တို့ မြင်းဖြူရှင်တို့ ၃၇မင်းတို့၊ အဲဒါတွေကိုသာအားထားကြတယ်။ ဒါကြောင့် ကြက်တူရွေး သရဏဂုံလို့ ဆိုတာကွဲ့။

မောင်စိန်။ ။ ဘယ်လိုမှ ဗုဒ္ဓံသရဏံ ဂစ္ဆာမိမှာလဲဘုရား

ဆရာ။ ။ ဘုရား၏ ဂုဏ်တော်ကိုးပါးကို သေချာစွာသိပြီး ဗုဒ္ဓေါမေ သရဏံ အညံနတ္တိလို့ ဆိုသည့်အတိုင်း ဂုဏ်တော် ကိုးပါးမှ တပါး ကိုးကွယ်ရာကိုမထားပါမှဂစ္ဆာမိမှာကွဲ့ အခုတော့ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ထဲမှာ ဝိဇ္ဇာဓိုရ်တွေ နတ်စိန်းတွေပါ ရောကြော်နေကြတယ်။ စင်စစ်မှာတော့၊ ဘုရားဟာ မိမိ

သဏ္ဍာန်မှာ ပွင့်မှသာ သေသေချာချာ ဂုဏ်ဒြပ်မိ မှာကလားကွယ်။

မောင်စိန်။ ။ မိမိသဏ္ဍာန်မှာ ဘုရားက ဘယ်လိုပွင့်ရအုံး မှာလဲဘုရား။

ဆရာ။ ။ဂေါတမဘုရားဟာ သစ္စာ ၄-ပါးမသိမီ သိဒ္ဓတ္ထ မင်းသားဘဝနှင့် တောထွက်ပြီး ဒုက္ခရစရိယာ ကျင့်စဉ်အခါတုံးက ဘုရား ဟုတ်သေးရဲ့လားကွဲ့။

မောင်စိန်။ ။ မဟုတ်သေးပါဘုရား။

ဆရာ။ ။ဒုက္ခရစရိယာ ၆ နှစ်ကျင့်ပြီး၍၊ ကဿပမြတ်စွာ ဘုရားကို ပြစ်မှားခဲ့တဲ့ ဝစီကံဝဋ်ကြွေးတွေ ကြေ ပျောက်သွားသောအခါ၊ ဩြဘ် ငါဟာ အတ္တ ကိလမထာနုယောဂ အကျင့် ယုတ်ပါလားလို့ အမှန်သိ၍၊ ထိုအကျင့်ကပယ်ပြီး၊ ခန္ဓာကိုယ် မျှတအောင် ကျင့်တော်မူတယ်၊ ခန္ဓာကိုယ်မျှတ လာမှ မယ်သုဇာလှူတဲ့ ဂဏာနို့ဆွမ်းကို ဘုန်း ပေး၍ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်သဖြင့် သစ္စာ ၄ ပါးကိုသိမှ ဘုရားဖြစ်တာမဟုတ်လား။

မောင်စိန်။ ။ ဟုတ်ပါတယ်ဘုရား။

ဆရာ။ ။အဲဒါကြောင့် သစ္စာ ၄--ပါးကို ဆရာမရှိ ကိုယ် တိုင်သိတဲ့ ဉာဏ်သာလျှင် မှုများအားဖြင့် ဘုရား -

ကွဲ။ ငုင်းဉာဏ်၏ တည်ရာ ခန္ဓာငါးပါးက ဌာနုပစာ အားဖြင့်သာ ဘုရားလို့ဆိုရဒါကွဲ၊ အဲဒါကြောင့် ပုထုဇဉ်ဆိုတာ ဘုရားကိုဘယ်လို ကြည့်ကြည့်မမြင်ပါဘူးကွဲ။

မောင်စိန်။ ။မြင်အောင်ဘယ်လိုလုပ်ရမှာလဲဘုရား။

ဆရာ။ ။သစ္စာလေးပါးကို ပြနိုင်သူ သပ္ပုရိသကိုရအောင်ရှာ၊ ရလျှင် တရားကိုနာ ရှိရှိသေသေ ဆင်ခြင်သစ္စာလေးပါးကို သိအောင် ပွားများ ပွားများလို့မြင်လာရင် မိမိ သန္တာန်မှာ သစ္စာလေးပါးသိတဲ့ ဉာဏ်ဘုရားပွင့်မလာပါလား။

မောင်စိန်။ ။ပွင့်ပါတယ်ဘုရား။

ဆရာ။ ။အဲဒါက သူများဟောလို့ တဆင့်သိမို့ အနုဗုဒ္ဓတဲ့ကွဲ၊ သမ္မာသမ္ဗုဒ္ဓ မဟုတ်ဘူး။ သစ္စာလေးပါး မြတ်တရားကိုမြင်မှ ဘုရားကို မြင်တယ်ကွဲ၊ ဒါကြောင့် မြတ်စွာဘုရားက ဝက္ကလိကိုဟောတယ်။

## ယော ဟိ ပဿတိ သဒ္ဓမ္မံ သော မံ ပဿတိ ပဏ္ဍိတော အပဿမာနော သဒ္ဓမ္မံ မံ ပဿမ္ပိ န ပဿတိ။

ယောပဏ္ဍိတော၊ သစ္စာမြင်ငြား အကြင် ချစ်သားသည် သဒ္ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို ပဿတိ ကောင်းစွာပိုင်ပိုင် သိမြင်နိုင်၏။ သောပဏ္ဍိတော ထိုသစ္စာ မြင်သိ ပညာရှိသည်၊ မံ၊ ငါဘုရားမြတ်စွာ သင်တို့ ဆရာကို ပဿတိ ယူဇနာ (၁၀၀) ဝေးကွာသော်လည်း အမြဲမြင်သည်

မည်၏။ ယောဗာလော အကြင် သစ္စာမသိ လူဒိဋ္ဌိသည် သဒ္ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို နပဿတိ အဝိဇ္ဇာ တိမ်လုံး၊ ဝိတ်ကာ ဖုံးသဖြင့် လုံးလုံးမထင် မသိမြင်သော ပါလော၊ ထိုသစ္စာမသိ လူတော်သည် မ ငါဘုရားကို ပဿမာနော မျက်လုံး နှစ်ဘက်ဖြင့် တသက်လုံး ထွက် အောင် ကြည့်သော်လည်း နပဿတိ ကောင်းစွာထင်ထင် မသိမြင်နိုင်ပါတကား။

ကဲမြတ်စွာဘုရားက တရားကိုမြင်မှ ဘုရားကို မြင်မယ် တဲ့၊ အဲဒီတော့ တရားမျက်စိနှင့် မြင်ရရဲ့လား

မောင်စိန်။ ။မမြင်ရပါဘုရား။

ဆရာ။ အေး။ ပုံကလေးတခု ပြောအုံးမယ်ကွဲ့။ ရှေး တုံးက သားအဘနှစ်ယောက် တောထဲ သွားကြ သတဲ့ အဲဒီလို တောထဲသွားတဲ့ အဖြစ်ကို သိတော့ ရန်သူက တောထဲမှာ သင့်တော်တဲ့နေရာ ခြုံထဲက လက်နက်ကို ကိုင်ပြီး စောင့်နေလို့ သားအဘနှစ် ယောက် အနားကို ရောက်တယ်ဆိုရင်ဘဲ ရန်သူက ခြုံထဲမှ ထွက်ပြီး ဒါးနှင့် ခုတ်ဘို့ရာ အဘေနား ကပ်သွားသတဲ့ ဒါနှင့် သားက ဟာ ငါ့အဘေကို ဒါးနှင့် ခုတ်တော့မှာပါလားလို့ သိတာနှင့် ထင်းခွဲဘို့ ရာ ပါလာတဲ့ ပေါက်ဆိန်နှင့် ဉကျောင်းကို ခုတ်ဖြတ် လိုက်သတဲ့၊ ခုတ်လို့ ရန်သူ သေသွားတော့ အဘေ က စဉ်းစားသတဲ့၊ အော် ငါ့အသက် မရှိတော့ ဘူး၊ သားပေးတဲ့ အသက်သာ ရှိတော့တယ်

ဒီသားဟာ ကျေးဇူးရှင်ဘဲ ရှိခိုးမှ တော်မယ်လို့ ကြံပြီး ရှိခိုးမလို့ အလုပ်မှာ အမှတ်တခု ရသလဲ အောင် ဒီသားဟာလဲ သူ့အမေ မွေးလို့သာ ရှိဒါ သူ့အမေ မမွေးရင် ရှိမှာ မဟုတ်ဘူး၊ အဲဒီတော့ သားထက် သူအမေက ကျေးဇူး ကြီးတယ် သူ့ အမေ့ရှိခိုးမှ တော်မယ်လို့ ရှိခိုးရအောင် အိမ်ပြန် သွားသတဲ့၊ အိမ်ကိုရောက်တော့ မီးဖိုချောင်ထဲမှာ ထမင်းချက်နေတဲ့၊ မယားကို ရှာမရေ ခဲမြန်မြန် လာစမ်းပါ ဟဲ့လို့ အရေး တကြီး ခေါ်သတဲ့ ဒီ တော့ မိန်းမက ဘာများ ဖြစ်ခဲ့ကြပါလိမ့်မလဲ လို့ ကဗျာကရာ ထသွားပြီး အနားမှာ ရပ်၍ ဘာဖြစ် တာလဲလို့ မေးသတဲ့ ဘာဘဲဖြစ်ဖြစ် ထိုင်သာထိုင် စမ်းပါကွာ ကျေးဇူး ကြီးလွန်းလို့ ရှိခိုးချင်လို့ပါ လို့ ပြောသတဲ့ မဟုတ်ပါဘူး တောထဲက တစ္ဆေ များပူးခဲ့သလား မယားကသာ လင်ကို ရှိခိုး ရပါ တယ် အခုတော့ ပြောင်းပြန်ကြီး အကြောင်း ကို ပြောပါအုံးလို့ မေးသတဲ့၊ ဒီတော့ လင်ကပြော ဒါခေါ့လေ ဒီလိုကွ ငါ့ကိုရန်သူက ချောင်းမြောင်း ပြီး ဒါးနှင့်ခုတ်မယ်လို့အနားကို ကပ်အလာ ငါ့ သားက ပေါက်ဆိန်နှင့် ခုတ်လိုက်လို့ သေသွား တယ် ဒါနှင့် ငါ စဉ်းစားတယ် ငါ့ အသက်တော့ မရှိတော့ဘူး သားရဲ့ အသက်ဘဲ ရှိတော့တယ်လို့ သားကိုရှိခိုးမလို့ ကြံတုံး မင်းကို အမှတ်ရသတဲ့၊ အောင် ဒီသားဟာလဲ သူ့အမေက မွေး လို့သာ ရှိဒါ ဒီတော့ သူ့အမေက ပိုပြီး ကျေးဇူးကြီးတယ်

လို့ အကြံဖြစ်ပြီး မင်းကို ရှိခိုး မလို့ကွဲ့ ကျေးဇူးရှင်မကြီးရဲ့၊ အဲဒီလို ပြောဘော့ မိမ္ဗကမျက်နှာကို သေချာစွာကြည့်ပြီး၊ အော် ဒီသား ကလေးဖြစ်အောင်ဟာ ငါချည်းဘဲလားလို့ ပြောလိုက်သတဲ့၊ အဲဒီတော့မှ လင်က သတိရပြီး အော် ငါကိုယ်သာငါ၏ အားကိုးရာပါကလားလို့ လိမ့်ပတ်လည်သွားသတဲ့ကွဲ့၊ အဲဒီပုံလိုပေါ့ တရားကို မျက်စိနှင့် မမြင်ရရင် ဘုရားကိုလဲ မျက်စိနှင့် မမြင်ရဘူးကွဲ့ မျက်စိနှင့်မြင်ရဒါက ရုပ်ရုံသာဖြစ်တယ် ဒါကြောင့် အထက်က ပြောခဲ့တဲ့ပုံအတိုင်း မိမိသန္တာန်မှာ ဘုရား ပေါ်လာအောင် ကိုယ့်ကိုယ်ကိုသာ အားကိုးပြီး ကြိုးစားရမှာကွဲ့၊ ဘုရားကလဲ မိမိကိုယ်သာ မိမိ အားထား ကြရမယ် ဆိုဒါ ဟောတော်မူတယ်၊ ဟောပုံက ဒီလိုကွဲ့

**အတ္တာဟိအတ္တနောနာထော၊**

**ကောဟိနာထောပရောသိယာ၊**

**အတ္တနာဟိသုဒန္တေန၊ နာထံလဘတိဒုလ္လဘံ။**

အတ္တာဟိ၊ မိမိသည် သာလျှင် အတ္တနော၊ မိမိ၏။ နာထော ကိုးကွယ်အားထား လေးစားရာတည်း ပရော မိမိမှတပါးသော နာထော၊ ကိုးကွယ်ရာမြောက် အား ထားလောက်သော ကောဟိ၊ ဘယ်လူ ဘယ်နတ် ဘယ်ပြဟ္မာသည်။ သိယာ၊ မုချမှန်စွာ ရှိခြေပါအံ့နည်း။ အတ္တနာဟိ၊ မိမိသည်သာလျှင် သုဒန္တေန ကိုယ် နှုတ် နှစ်လုံး သုံးပါးလုံးကို ဆုံးမပဲ့ပြင် သွန်သင် ခြင်းဖြင့် ဒုလ္လဘံ

ကမ္ဘာကုဋေ သင်္ချေသင်္ချာ ကုန်ဆုံးပါလည်း အလွန်တရာ ဘဲရ နိုင်ခဲသော နာထံ၊ ကိုးကား လောကရော မဂ် သစ္စာ ကို လာဘတိ၊ ကောင်းစွာမသွေ ရရှိနိုင်လေသတည်း။

ကဲ မြတ်စွာဘုရားကလဲ ကိုယ့်ကိုယ်ကိုအားကိုးပြီး မိမိ သန္တာန်မှာ သစ္စာ ၄ ပါးကို သိတဲ့ဉာဏ်ပေါ်အောင် လုပ် ကြတဲ့ကွဲ့ ကိုယ့် သန္တာန်မှာ ဉာဏ်ဘုရား ပေါ်အောင် လုပ်ရမှာကို မလုပ်ကြပါဘဲနှင့် ဟိုအနား ဘုရားပေါ်တယ် ဆိုရင် သွားလိုက်ကြဒါ ဆီးမရ တားမရ န္တားမိတ်သင်း ကြီးလိုဘဲကွဲ့။ ကောင်းလိုက်တဲ့ သဒ္ဓါတရား ပါဒါ အကုန် ခွတ်လှူဒါဘဲ မစဉ်းစားကြဘူးကွဲ့ ပေါ်တော်မူ အစစ်ဆို ဒါ မှိုနှင့် မြစ်သာ ရှိသကွဲ့ အဲဒါကလွဲရင် ကိုယ့်ဘုရားကိုယ် မြုပ် ကိုယ့်အိပ်မက် ကိုယ်မြင်ပြီး လိမ်စား ကြဒါချည်းဘဲ ပေါ်တော်မူမှန့်ရင် မြေထဲ မြုပ်လို့ မဆွေးတဲ့ ကျောက် ဆင်းတုနှင့် ဖန် ဘုရား တွေချည်းဘဲ ကျွန်းသား ဆင်းတု မပါဘူး ပါအုံး မြုပ်တာဘဲကွဲ့ အဲဒီလို မစဉ်းစားဘဲ အရမ်းကောင်းတဲ့ သဒ္ဓါတရားဟာ သဒ္ဓါရူး သဒ္ဓါနှမ်းတဲ့ ငွေကုန်ပြီး ဘာအကျိုးမှ မရှိဘူး အကျိုးမရှိတဲ့ နေရာမှာ သဒ္ဓါတွေက ကောင်း အကျိုးရှိမဲ့ နေရာ ကျတော့ သဒ္ဓါ တရားမကောင်း ဘယ်ကလာပြီး ဗမာတွေ ကောင်းစား မလဲကွယ် ကြည့်ပါလား အလှူပေးဒါကလဲဗမာ မှဲ့ဒါက လဲဗမာ အဲဒါ သဒ္ဓါတရား အချိုးမကျလို့ကွဲ့ မြတ်စွာ ဘုရားက ဂရုနာ ဆင်းရဲတဲ့လူတွေကို ပေးကမ်းကြ ချီးမြှင့် ကြ ထောက်ပန့်ကြတဲ့ ဒါမှ သဒ္ဓါစစ်ကွဲ့ အခုတော့ မဟုတ်က ဟုတ်ကလုပ်ပြီး ညာရင် သဒ္ဓါတရား ကောင်းပြီ

အဲဒါ သဒ္ဓါမဟုတ်ဘူးကွဲ့ ဒိဋ္ဌိတဲ့ ဘုရားစစ် ဘုရားမှန်ဟာ သစ္စာလေးပါးသိတဲ့ ဉာဏ်သာ ဟုတ်တယ်ဆိုဒါ သေသေ ချာချာ မသိလို့ယုံဒါမဟုတ်ဘူးလား။

မောင်စိန်။ ။ပေါ်တော်မူ ဆိုဒါ လုပ်ကြဒါမို့ ရှိပါစေ တော့ ဘုရားစေတီကြီး တွေကို ဘုရားပွဲလုပ်ပြီး ပူဇော်ကြဒါကော ဗုဒ္ဓိသရဏာဂစ္ဆာမိ မဟုတ်ဘူး လားဘုရား။

ဆရာ။ ။အဲဒီ ဘုရားပွဲတွေမှာ ဘုန်းကြီးရော လူတွေပါ ဘုရား အကြိုက် ဖြစ်တဲ့ ဗုဒ္ဓါနုဿတိ ဘာဝနာ ကို ပွားနေကြဒါလား သို့မဟုတ် ဓမ္မစကြာ သုတ်တို့ အနတ္တလက္ခဏာ သုတ်တို့ သတိပဋ္ဌာန သုတ်တို့ကို ရွတ်ဘတ်ပြီး ပူဇော် နေကြဒါလား သို့မဟုတ် ဘုရားမကြိုက်တဲ့ ဒုစရိုက်တွေကို လုပ် နေကြဒါလားကွယ်

မောင်စိန်။ ။ဘုရား မကြိုက်တဲ့ ဒုစရိုက် တွေကိုသာ လုပ် နေကြပါတယ်ဘုရား

ဆရာ။ ။အဖြစ်အပျက်ကလေး တခု ပြောအုံးမယ်ကွဲ့ နား ထောင်။

မြို့တမြို့မှာ ပသီအစ်နေ့ကျတော့ အမဲသားတွေ ရဲနေတာ ကို၊ ဗမာမကမြင်တော့ အမယ်လေးတော် ဘဝဆက်တိုင်း ဆက်တိုင်း ပသီများ မဖြစ်ပါရစေနဲ့ ကြောက်စရာ လန့် စရာ အမဲသားတွေကို ရဲနေတာဘဲလို့ အရပ်ထဲအော်ကျယ်

အော်ကျယ်ပြောသတဲ့၊ နောက် တလလောက် ကြာတော့ ဗမာဘုရားပွဲ ကြိုရောဆိုကိုးကွဲ၊ ဘုန်းကြီးစာက,ဝက်၊ ကြက် ငါး၊ လူတွေက, နွားတွေသတ်ပြီး စင်းသူကစင်း အိုး ပြင်သူက အိုးပြင်၊ ဒါတွေကို ပသီ ကုလားမက မြင်တော့ အမယ်လေးတော် ဗမာတော့ ဘဝ ဆက်တိုင်း ဆက်တိုင်း ဘုရားမလို့ မဖြစ်ပါရစေနှင့် ငါတို့ပသီက နွားတမျိုးထဲ သူတို့ ဗမာအစ်က သတ္တဝါပေါင်းစုံ သေရဒါပါကလားလို့ လက်စားခြေတာနှင့် ဗမာမကရှုံးသတဲ့ကွဲ။

မောင်စိန်။ ။ မှန်ပါပသီအစ်ထက် ဗမာအစ်က သတ္တဝါ အသေများတော့ ရှုံးသွားဒါပေါ့ဘုရား။

ဆရာ။ ။ အဲ့ဒါကြောင့် နာမည်ကတော့ဘုရားပွဲတဲ့ စင်စစ် သတ္တုချပြီး ကြည့်မည်ဆိုရင်၊ သတ္တဝါတွေ သေ ရတဲ့ပွဲ ကစားဝိုင်းချ၍ လူတွေမွဲတဲ့ပွဲ အရက်မူး တဲ့ပွဲ ရန်ညိုးရှိသူတွေ တယောက်နှင့် တယောက် ရိုက်တဲ့ပွဲ၊ ကခုန်မြူးထူး၍ ကမြင်းကြော ထတဲ့ ပွဲတဲ့၊ ဒါကြောင့် လယ်တီဆရာတော်က တနှစ် တခါ ငရဲရွာ လူ့ရွာဘုရားပွဲလို့ဆိုခဲ့တာကွဲ။

မောင်စိန်။ ။ မှန်ပါ စေ့စေ့တွေးရင် ဆိုလဲ ဆိုစရာဘဲ ဘုရား။

ဆရာ။ ။မောင်စိန့်ရေ ပသီမှာ တနှစ် အစ်ဘယ်နှစ်ခါလုပ် သလဲကွဲ။

မောင်စိန်။ ။တနှစ်မှာ တခါသာ လုပ်ပါတယ်ဘုရား။

ဆရာ။ ။ ဗမာကတော့ တနှစ်မှာ တနှစ်လုံးကွဲ့၊ ဘုရားပွဲ အစ် ဘုန်းကြီးပျံချတဲ့အစ် သားရှင်ပြုတဲ့အစ် ရဟန်းခံတဲ့အစ်၊ မဿာချတဲ့အစ် မင်္ဂလာ ဆောင်တဲ့အစ် ဖျားတဲ့အခါ ရောဂါစုန်း ခေါက် ရတဲ့အစ် အစ်တွေကို စုံနေဒါဘဲကွဲ့၊ အဲဒီလိုအရှုး တွေနှင့်တူအောင် လုပ်နေ ကြဒါကြောင့် သဒ္ဓါ တရား နုကြတဲ့ တချို့ဗမာတွေဟာ ဗုဒ္ဓဘာသာ ကို အထင်သေးပြီး ဘာသာခြားကို ဝင်သွားကြ ဒါပေါ့ကွယ်။ မိမိ သဏ္ဍာန်မှာ အနုဗုဒ္ဓဘုရားမရှိ သမျှတော့ အရှုးဘဝက မလွှတ်သေးဘူးကွဲ့။

မောင်စိန်။ ။အနွှပုထုဇဉ်တို့၏ ကိုးကွယ်ရာတွေကို အမိန့် ရှိပါအုံးဘုရား။

ဆရာ။ ။ဥဒ္ဒိဿစေတီ၊ ဓါတုစေတီ၊ ပရိဘောဂစေတီ မွေ့ စေတီတဲ့ကွဲ့။

ဥဒ္ဒိဿစေတီဆိုဒါက၊ မြတ်စွာဘုရား ပေစ္စေက ဗုဒ္ဓါ ရဟန္တာ စကြာမင်းတို့၏ ဓါတ်တော် အရိုးတော် များကို ဌာပနာသွင်းပြီး အုဋ္ဌ်ရှိုးစေတီ တည်ထား ကိုးကွယ် ကြဒါ ကွဲ့၊ ရုပ်ပွားလဲ အပါအဝင် ဆိုချင်ဆိုပါတော့ကွယ် ဒါပေ ရုပ်ပွားကိုတော့ မြတ်စွာဘုရားက တိုက်ရိုက် ခွင့်ပြုဒါ ဟုတ်ဘူးကွဲ့၊ ဘုရား ပရိနိဗ္ဗာန် စံပြီး၍ နှစ်ပေါင်း ၁၀၀၀ ကျော်ကြာမှ ယောနကတိုင်းက ယွန်းလူမျိုးတို့ ကျောက်

ဆစ်အတတ်ကို ကျွမ်းကျင်ဒါနဲ့ ၃၂ ပါးသော လက္ခဏာ တော်ကြီးတွေကို ပြောပြ၍ အထူခိုင်းတာကစပြီး ပေါ်ဒါ ကွဲ့ ဒါကြောင့် မလှပ မသပ္ပါယ်တဲ့ ရုပ်ပွားတွေကို လူ တွေ ပူဇော်တဲ့နေရာမှာ မထားသင့်ဘူး မြတ်စွာဘုရားကို ပြောင်ရာကြတယ် ဘူးသီး ခရမ်းသီးတွေ ပုံထားသလိုဘဲ ဟိုအာရုံခံထဲ စုလို့ပုံလို့ ဒီတဆောင်းထဲ စုလို့ပုံလို့ မထား သင့်ဘူး အာရုံခံ တခုမှာရုပ်ပွား တဆူသာ ထားသင့်တယ် ကျန်တဲ့ ခေါင်းကျိုး လက်ပြတ်တွေကို အကုန်လုံး မီး သဂြိုဟ်ပြစ်သင့်တယ် ဘာသာခြားတွေ မြင်ရင် အထင် အ မြင်သေးစရာကောင်းတယ်။

ဓါတုစေတီဆိုဒါက မြတ်စွာဘုရား၏ ဓါတ်တော်တွေ ကိုရင်း တဖုဿ ဘလ္လိကတို့လို မြတ်စွာဘုရား၏ ဆံတော် မွေညင်းတော်တို့ကိုရင်း ကြုတ်ကလေးနှင့် ထည့်ပြီး ကိုးကွယ် ကြဒါကိုခေါ်တယ်။

ပရိဘောဂစေတီ ဆိုဒါက မြတ်စွာ ဘုရား၏ အသုံး အဆောင်ဖြစ်သော ဗောဓိပင်တို့ ရေစစ်တို့ သပိတ်တို့ကို ကိုးကွယ်ကြဒါကို ခေါ်တယ်ကွဲ့။

ဓမ္မစေတီဆိုဒါက မြတ်စွာဘုရား၏ နှုတ်ခပါဌ်တော်တွေ ကို ရွတ်ဘတ် သရဇ္ဈာယ်စေပြီး ပူဇော်ကြဒါကွဲ့၊ ယခုကာလ ပရိတ်တရားတော် နာကြဒါတွေ သံဃာတော် စုပေါင်းပြီး ရွတ်ဘတ်တာကို ပူဇော်ဒါတွေကို ခေါ်တယ်ကွဲ့ ဗိဋကတ် ဘော် စာအုပ်ပူဇော်ဒါလဲ အပါအဝင် ဆိုပါတော့ကွယ် စာကဘော့ စတုတ္တ သံဃာယတနာ တင်ပြီးမှ ပေါ်ဒါကိုး ကွဲ့ ရှေးတုံးကတော့ နှုတ်နှင့်သာ ဆောင်ရွက်ကြတယ်ကွဲ့

ဘယ်ဘာသာ၏ စာနှင့်မှ ရေးမထား သေးဘူး မြတ်စွာဘုရားဟာ မိဘနှင့် တူသကွဲ၊ သတ္တဝါ တွေက သားသမီးတွေနှင့် တူသကွဲ၊ မိဘတွေဟာ အရွယ် ရောက်လာတဲ့ သားပျို သမီးပျိုကို အဘိုးတန်တဲ့ အဝတ်ပုဆိုး ရွှေငွေ စိန် ပုလဲ တို့ဖြင့် တန်ဆာ ဆင်သကွဲ့ ၁၀-နှစ် ၁၂-နှစ် အရွယ်ကလေးတွေကို သူတို့ တန်တဲ့ ပုဆိုးကလေး အင်္ကျီကလေး တို့ဖြင့် တန်ဆာ ဆင်သကွဲ၊ ကစားတဲ့ အရွယ် ၅-နှစ်၊ ၆-နှစ်ကလေးတွေကို အရုပ်ကလေးတို့ဖြင့် နှစ်သိမ့် စေသကွဲ့ ထို့အတူဘဲ ငါတို့ဘုရားလဲ မဂ်ဉာဏ်နှင့် တန်သူကို သစ္စာလေးပါးကို ပြသကွဲ့ သဒ္ဓါဝိရိယ နုသေးတဲ့ လူကို သဒ္ဓါကြွအောင် ဒါနကထာ သီလကထာ သဂ္ဂကထာ ဂုဏ်တော် ကိုးပါးတို့ကို ဟောတော်မူသကွဲ့ အန္ဓပုထုဇဉ် ကလေးတွေကိုတော့ စေတီလေးပါးနှင့် နှစ်သိမ့် စေသကွဲ့။

မောင်စိန်။ ။ဒီလိုဆိုရင် သီဟိုဠ် ပြည်မှာ သျှင်မဟိန္ဒတို့ သုမနသာမဏေကို ဓါတ်တော်အယူခိုင်းပြီးတော့ စေတီ တည်ထား ကိုးကွယ် ဒါက ဘယ်လိုလဲ ဘုရား။

ဆရာ။ ။ဒါက ကိုးကွယ်ဒါ မဟုတ်ဘူးကွဲ့ ပူဇော် ဒါပါ။

မောင်စိန်။ ။ကိုးကွယ်ဒါနှင့် ပူဇော်ဒါ ဘာထူး သလဲ ဘုရား။

ဆရာ။ ။ထူးဒါပေါ့ကွဲ့ ငါဥပမာတခု ပြောမယ်။

မောင်စိန်၏ သားကလေး အသဲအသန် ဖျားတယ် ဆိုပါတော့ မောင်စိန်တို့ လင်မယားဟာ ဖိုးရိုးဖြာယာ ဖြစ်ပြီး ငွေ ငါးကျပ်တန် စက္ကူကလေးဆွဲပြီး အရပ်ထဲ အသုံးပြုနေကြ ဆေးဆရာထံ ပြေး၍ ဆရာကြီးရယ် ကျွန်တော် သားကလေး အလူး အလိမ့် ဖြစ်နေပါတယ် တဆိတ်· ကလေး ကယ်ပါအုံး ဆိုပြီး ရိုရိုသေသေ ငွေငါးကျပ်ကို ပေးဘယ် မဟုတ်လား။

မောင်စိန်။ ။ပေးရပါတယ် ဘုရား။

ဆရာ။ ။အဲဒါက ကလေးမသေအောင် အားကိုးပြီး ပေး ဒါမို့ ကိုးကွယ်ဒါတွဲ့

မောင်စိန်။ ။မှန်ပါ ပူဇော်ဒါကကောဘုရား။

ဆရာ။ ။ ဆရာကြီးက လူနာထံ ရောက်၍ ရေတွေ တော်မျက်လုံးတွေကနီ ကျင်ငယ်ဘွေကရဲ ခြေမငြိမ် ခေါင်းမငြိမ် ဖြစ်နေဒါမြင်တော့ အပူနာဘဲလို့ အတပ်သိပြီး ကြို့သွေး ကျောက်သွေး ကဲထားတဲ့ သွေးဆေး ကလေး မွှေးမွှေးကို သကြားခရောစပ်ပြီး ရေအေးနှင့် ဖျော်ပါ ၂ ခွက်၊ ၃ ခွက် လောက် ခပ်မျှားမျှား ကလေး တိုက်ပေးတော့ ကလေးဟာ အိပ်ပျော်ပြီး သွားဒါနှင့် ဆရာကြီးလဲ အိမ်ပြန် သွားတော့ ဒါပေါ့၊ ခလေးကလေး နိုးလာလို့ ကြည်ကြည် လင်လင် ထမင်းကလေး တောင်းစားတော့ လင်မယား ၂ ယောက် ဝမ်းသာကြ လွန်းလို့ စားစရာ သောက်စရာတို့ ပုဆိုး ခေါင်းပေါင်း တို့နှင့် ပြန်ပြီး ဆရာကြီးကို မကန့်တော့ကြပါလား။

မောင်စိန်။ ။ ကန့်တော့ရပါတယ်ဘုရား။

ဆရာ။ ။အဲဒါကပူဇော်ပူဒါကွဲ့ အဲဒီဥပမာအတိုင်းပုထုဇဉ် ဘ၀က စေတီကို ရှိခိုးဒါက ငရဲပြိတ္တာ ဘေးက လွတ်ရအောင် အားကိုးတဲ့အနေမို့ ကိုးကွယ်ဒါ သောတာပန်၊ သဒါဂန်၊ အနာဂန်၊ ရဟန္တာ ဖြစ် ပြီးမှ စေတီကို ရှိခိုးဒါက မြတ်စွာဘုရား ပွင့်လို့ သာ အပါယ်က လွတ်ရပေပြီလို့ ကျေးဇူးတင်တဲ့ အနေမို့ ပူဇော်ဒါကွဲ့။

မောင်စိန်။ ။ဘာပြုလို့ ဘုရားပွဲနှင့် ပေါ်တော်မူကို အပြစ် နာနာဆိုပါသလဲဘုရား။

ဆရာ။ ။အရူးကို ဆေးကုတဲ့ အခါ ဆိုင်းတီးပြီး မြှောက် ပေးနေရင် ရောဂါပျောက်ပါမလားကွဲ့။

မောင်စိန်။ ။မပျောက်ပါဘုရား။

ဆရာ။ ။အေး ဟုတ်တယ် အရူးကို ဆေးကုတယ် ဆိုဒါ ခြောက်ခြည်တခါ ချော့ခြည် တလှည့် လုပ်ပြီး သင့်တော် သော ဆေးကိုတိုက်ပေးမှ ပျောက်သလို သဒ္ဓါရူး သဒ္ဓါနှမ်း ပေါ်နေတဲ့ ပုထုဇဉ်တွေကို မြှောက်ပေးရင် သာဆိုးသွား မှာပေါ့ သဒ္ဓါမကောင်းရမဲ့ နေရာတွေမှာ ကောင်းနေရင် ရှုက် လောက် အောင် ပြော၊ ကောင်း ရ မည့် နေ ရာ မှာ မကောင်းရင် ကြောက် လောက်အောင်ပြော၍ မှန်ရာကို

ဝေဘန်ခါပြပါမှ သဒ္ဒါရှုး သဒ္ဒါနှမ်း ပျောက်၍ သဒ္ဒါစင် သဒ္ဒါမှန်တွေ ပေါ်ကာ နိဗ္ဗာန် ရောက်မှာကြောင့် ကရုဏာ တရားကြီးကြီး ထားပြီး ကဲ့ရဲ့နေရဒါကွဲ့ ဒေါသနှင့် ဆိုဒါ မဟုတ်ပါဘူး ကျောက်စိန်းတွင်းမှာ ကျောက်တူးတော့ မယ်ဆိုတော့ အပေါ်က သစ်ပင် ခြုံနွယ်တွေကို အရင်ရှင်း ပြီးမှ ကျောက်စိမ်းကို တူးကြသလို သဒ္ဒါရှုး သဒ္ဒါနှမ်း ကြောင့် ထင်ရာကို လုပ်၍ ငွေကုန်ကျိုး မနပ်တဲ့ အမှုရှုပ် တွေကိုမရှင်းဘဲ တရားမှန်ကိုဖေါ်ထုတ်လို့မရဘူးကွဲ့ မြတ်စွာ ဘုရားကလဲ ပဉ္စဝဂ္ဂီ ငါးဦးကို သစ္စာ ၄-လေးပါး အမှန် တရားပြချင်တော့ ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ ကတမေ ဒွေး အတ္တကိလ မထာနုယောဂေါ ကာမသုခလ္လိ ကာနုယောဂေါလို့ အကျင့်နှစ်ပါး၏ အပြစ် တွေကိုပြပြီးမှ သစ္စာလေးပါးကို ဟောတယ် မဟုတ်လားကွဲ့။ ဓမ္မာစကြာကို ကြည့်စမ်းပါတော့ အဲဒီလို အကျင့်ယုတ် ၂ပါး၏ အပြစ်တွေကို မပြဘဲနဲ့သာ သစ္စာလေးပါးကိုဟော ရင် ရှင်ဂေါတမဟာ အပြောသမားပါ အလုပ်မပါဘူးလို့ ဆိုပြီး မယုံဒါနှင့် ဘယ်ကလာပြီး သောတာပန် တည်မလဲ ကွဲ၊ အခုတော့ မြတ်စွာဘုရားက ခန္ဓာကိုယ် ပင်ပန်းအောင် ကျင့်ရင် အတ္တကိလမထာ နုယောဂ အကျင့် သဿတဒိဋ္ဌိ ခန္ဓာကိုယ်ကို အလို လိုက်ရင် ကာမသုခလ္လိက နုယောဂ အကျင့် ဉစ္ဆေဒဒိဋ္ဌိ ခန္ဓာကိုယ်လဲ မပင်ပန်းစေ စိတ်ကိုလဲ ကာမဂုဏ်ကြား မသွားစေဘဲ ခန္ဓာကိုယ်၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို အမှန်အတိုင်း မြင်အောင် ဆင်ခြင်၍နေ ဒါမှ မဇ္ဈိမပဋိပဒါ အကျင့်ကောင်း လမ်းမှန်ဖြစ်တယ်လို့ အကျင့် ၍ရောဂါကို နှိမ်နင်း ဖျက်ဆီးပြီးမှ အမြစ်ဖြတ် ဆေးနှင့်

ဟူသော သစ္စာလေးပါးကို ပြဒါကလားကွဲ့ ဒါကြောင့် ပဋ္ဌဝဂ္ဂ ိတွေလဲ အကျင့်စွဲ ရောဂါကို ဖျောက်၍ ဆင်ခြင်မှု ဉာဏ်ကိုသာ အားကိုးပြီး ဆင်ခြင်ဒါနဲ့ သောတာပန်တည် ကုန်ဒါပေါ့ တမင်တဖိုလ်ကို ဘကယ်ပြမည့် ဆရာတိုင်းဟာ လောက အံရှုတ်တွေကို မရှင်းဘဲ တရား မဟောဘူးကွဲ့။ ဒီလိုအရှုပ်တွေကို အရင်မရှင်းဘဲ ပုထုဇဉ်တွေကို မြှောက်ပင့်ပြီး တရားဟောတဲ့ ဆရာဟာ ငွေမျှော် သမားရင်လဲ ဖြစ်ရမယ် နာမည် ကျော်ဘို့ မျှော်ဒါရင်လဲ ဖြစ်ရမယ် သတ္တဝါတွေ တရားရဘို့တော့ သူမမျှော်ပေဘူး ဒီလိုဆရာကို ဆည်းကပ်မိရင် ပိုပြီး အရှုးရောဂါ တိုးဘို့သာ ပြင်ပေတော့ ဤမျှလောက်နဲ့ မြန်မာပြည်မှာ ဗုဒ္ဓသရဏံဂစ္ဆာမိ တဲ့ ပုဂ္ဂိုလ်ရှားကြောင်း သိသာနိုင်ပါပြီ ကြက်ဟူရွေး သရဏဂုံ သာပေါကြောင်း ထင်ရှားပါပြီ။

**ဗုဒ္ဓံသရဏံဂစ္ဆာမိစစ်တမ်းပြီး၏။**

# ဓမ္မသရဏဂုံ ဂစ္ဆာမိစစ်တမ်း

မောင်စိန်။ ။တပည့်တော်တို့၏ ဗမာပြည်မှာ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ မစင်ကြယ်ဘူး ဆိုဒါ တပည့်တော် လဲ သဘောတူပါပြီ ဓမ္မံ သရဏံဂစ္ဆာမိ မှာတော့ ဘာမှမရောဘူး ထင်ပါတယ်ဘုရား ဘာကြောင့်လဲ ဆိုတော့ ဘုရားဟောဆိုလျှင် ဘုန်းကြီးရော လူ ပါ ယုံဒါချည်းဘဲဘုရား။

ဆရာ။ ။မယုံပါဘူးကွယ် ဘုရားဟောထက် ဗေဒင်ကို ယုံ သူတွေ နမန္တာကျမ်းကို ယုံသူတွေကများပါတယ် တနှစ်တခါထုတ်တဲ့ သင်္ကြန်စာမှာ ဗြဟ္မာမင်း၏ ဦးခေါင်း ပြတ်ကြီးကို နတ်သမီးများ တယောက် လက်ကတယောက်ကို ကမ်းနေဒါမြင်တယ် မဟုတ် လား မြတ်စွာဘုရားက နတ်ဗြဟ္မာတို့၏ ခန္ဓာကိုယ် သည် ကမ္မဇရုပ်တွေချည်းမို့ သေလျှင် မီးတောက် သဘွယ် ပျောက်ကွယ် တယ်လို့ ဟော တယ် ဗေဒင်က ယခုထိ ဒီခေါင်းပြတ်ကြီးဟာမပုတ်သေး ဘူး၊ မြန်မာပြည်ကယုံကြည်စွာလက်ခံသမျှပုဒ်မှာ မဟုတ်ကွဲ့ ဗေဒင်က ရက်ရာဇာနှင့် ပြဿဒါး ကို ပဓါနထားသကွဲ့ မြတ်စွာ ဘုရားက ကုသိုလ်နှင့် အကုသိုလ်ကို ပဓါန ထားသကွဲ၊ ဗေဒင်က မဟာ ဘုတ်ကို အဓိကထား၍ထူသကွဲ့၊ မြတ်စွာဘုရားက

သမ္ဗုတ္တိ ၄-ပါးကို အစဝိက ထား၍ ယူသကဲ့ ကဲ မဆန့်ကျင် ပါလားကွယ် မြတ်စွာဘုရားနှင့် ဆန့်ကျင်ဒါကို ယုံလျှင် ဘုရား တရားကို မယုံရာ ကျဒါပေါ့ ဘုရားတရားထက် နမန္တာ ကျမ်းကို ယုံဒါကို ပြောအုံးမယ် မြတ်စွာဘုရားဟောဒါက၊

**အတ္တာဂေဟေနိဝတ္တန္တိ၊ သုဿာနေမိတ္တဗန္ဓဝါ၊ သုကတံဒုက္ကတံကမ္မံ၊ ဆာယာဝ အနုယာယတိ။**

အတ္တာ၊ လယ်ယာမိုးမြေ ရွှေ ငွေ စိန်ကျောက် ထိန်တောက်ဝင်းလျံ ရတနာအမျိုးမျိုး အဘိုးတန် တို့သည်။ ဂေဟေ၊ မိမိတည်ပျော် အိမ်ကြီးပေါ်၌ နိဝတ္တန္တိ တချပ်တပြားမှ လိုက်ပါခဲ မသွားကြလေကုန်။ မိတ္တဗန္ဓဝါ မိတ်ဆွေပေါင်းသင်း သူငယ်ချင်း တို့သည်လည်း သုဿာနေ၊ လူသေမြှုပ်နှံ သုဿာန်သင်္ချိုင်း မြေလုပ်တိုင်း၌ နိဝတ္တန္တိ ပြုံးပြုံးငှာငှာ ဆုညံစွာဖြင့် မသာပို့ခဲ ပြန်ကြ ကုန်၏။ သုကတံ ဒုက္ကတံ ကမ္မံ ကောင်းစွာပြုအပ် မကောင်းပြုအပ် သောကုသိုလ် အကုသိုလ် ကံ ၂-ပါးသာလျှင် ဆာယာ၊ အရိပ်သည်။ အနုယာယတိဣဝ၊ သွားလေသူ နောက်သို့ ကောက်ကောက်မသွေ လိုက်ပါလေကုန် သကဲ့သို့ အနုယာယန္တိ သွားလေသူနောက်သို့ ကောက်ကောက် မကွာ လိုက်ပါကာ လာကြလေကုန်၏ တဲ့ကွဲ့ အစဝိပ္ပါယ်ကတော့ သေတဲ့အခါ ဘယ်ရွှေ ဘယ်ငွေ ဘယ်ဆွေမျိုးမှ မပါဘူး

၁ဝ၄၁၇

ကုသိုလ် အကုသိုလ် နှစ်ပါးသာပါတယ် ဒီလိုဟောပါရက် သားနဲ့ လူသေလျှင် ကူးတို့ခထည့်ကြဒါ ဒီတရားမယုံလို့ မဟုတ်ပါလားကွဲ။

မောင်စိန်။ ။မယုံရာကျပါတယ်ဘုရား။

ဆရာ။ ကူး တို့ ခ ထည့် ဒါ လောကရေးရော သံသရာရေးပါဆိုးရှုံးပုံကို ပြောအုံးမယ်ကွဲ နားထောင် ဥပမာ သူတယောက်သေလျှင် ငွေတမတ် ကူးတို့ခထည့်တယ် ဆိုကြပါစို့ရဲ့၊ မြန်မာပြည်မှာ တနေ့မှာ လူတထောင် သေတယ် ဆိုပါတော့ မတ်ပေါင်းတထောင် ငွေနှစ်ရာ ငါးဆယ်ကျပ် မြေကြီးထဲ သွားပြီကွယ် တနှစ်ဆိုလျှင် ကိုးသောင်း ကျပ် ဆုံးရှုံးပြီကွယ် နှစ်စဉ် ၉၀၀၀၀-မြေကြီးထဲ ဝင်ကုန်တယ် ဘယ်တော့မှ ပြန်မလာတော့ဘူး နိုင်ငံခြားကို ထွက်တာကမှ နိုင်ငံခြား ကုန်ကို သုံးလိုက် ရသေးတယ် ပုံကလေး ပြောအုံးမယ်ကွဲ၊ ရွာဘရွာမှာ ဗိုက်ဆံကလေး အတော် ကြွယ်ဝတဲ့ ကုန်သည် လင်မယား ရှိသတဲ့ သမီးကလဲ တ ယော က် လဲဆိုကိုး၊ အဲဒီသမီး အလှကလေးဟာ ၁၆-နှစ် အရွယ်ကျ တော့ သေသွားသတဲ့၊ သေသွားတော့ လင်မယားနှစ် ယောက်မှာ ယူကြုံးမရ ပူလုံးထဒါပေါ့လေ၊ သို့သော်လဲ လင်ကတော့ ယောကျ်ားမို့ ခဏာ့ဆွေးပြီး မေ့ပျောက် သွားဒါပေါ့ မယားက နှစ်လုံးပျော့သူဆိုတော့ မမေ့နိုင် ဘဲ သင်္ချိုင်းကို သွားသွားပြီး သမီးကြိုက်တဲ့ အစာကလေး တွေကို ယူ၍ သမီးဂူခေါင်းရင်းမှာ ထားခါ ငိုကြွေးသတဲ့ အဲဒီရွာကလဲ တောရွာဆိုတော့ ကွန်မြူနစ်တို့ ကြီးစိုးနေဒါ ပေါ့ ဒါနဲ့ဘိန်းစားကလဲ ရွာထဲဘိန်းမရှုရဲဘဲ သင်္ချိုင်းကို

သွားပြီး ရှုရဒါကိုး ဘိန်းစားက သူဘိန်းရှုတဲ့ ခြင်နားကို ခဏခဏလာငိုလို့ စည်းစိမ်ပျက်တာက တကြောင်း။ ဘိန်းရှူစရာ ငွေကုန်ဒါလဲ တကြောင်းကြောင့် အကြံထုတ်လိုက်တာနှင့် အကြံရပြီး အိမ်ကိုပြန်၍ မိုင်းကိုင်းစက္ကူကို ရောင်ပြားတွေကပ်ပြီး နတ်ဝတ်တန်းဆာတွေ ကိုက်သတဲ့ နက်ဖန်ခါကြတော့ အဲဒီနတ်ဝတ်တန်းဆာတွေဝတ်ပြီး ညောင်ပင်ပေါ်ကိုတတ်ခါ မိန်းမကြီးအလာစောင့်နေသတဲ့ မိန်းမကြီးကလဲ အချိန်ကျတော့ သွီးစားစရာ ကလေးတွေ ယူလာပြီး ခါတိုင်းလို ငိုနေဒါပေါ့ ဒီတော့ဘိန်းစားက ညောင်ကိုင်းကို ရှမ်းရှမ်းမြည်အောင်လှုပ်သတဲ့ မိန်းမကြီးကလဲ အငိုတိတ်ပြီး ညောင်ပင်ပေါ်ကို ကြည့်လိုက်တော့ အလို-နတ်ကြီးပါလားလို့ အောင့်မေ၍ ရှိခိုးခါ မေးလိုက်သတဲ့၊ အို-နတ်မင်း ဘယ်အထပ်ကပါလဲရှင်လို့ မေးတော့၊ ဘိန်းစားက တာဝတိံသာက သိကြားမင်း မာဃဆိုဒါ ကျုပ်ပါဘဲ ဗျာလို့ ပြောသတဲ့၊ ဒီလိုဆိုရင် ကျွန်တော်မ၏ သွီးကလေးကိုမသိဘူးလားရှင်လို့ မိန်းမကြီးကမေးတော့၊ သိတာပေါ့ဗျာ သိလို့ဘဲ သူ့ကိစ္စနဲ့ ယခုလာခဲ့ရဒါဘဲလို့ ပြောသတဲ့၊ ဘာကိစ္စ ပါလဲရှင်လို့ မေးတော့၊ ဒီလိုဗျ ဒီမိန်းကလေးမှာ သူ့မိဘကထည့်လိုက်တဲ့ ကုုးတို့ကလဲ တမတ်ထဲမို့ မုံ့ဘိုးတောင် မလောက်ဖြစ်နေတယ် သူများ တွေမှာ ဝတ်ကြစားကြ သွားကြလာကြနှင့် သူကတော့ဝတ်စရာလဲ သူ့မိဘများက မထည့်လိုက်လို့ ဝတ်စရာ မရှိ ဖြစ်ပြီး ထိုင်ငိုဒါနဲ့ ငိုပါနဲ့ကွာ ငါသွားတောင်း ပေးပါမယ်လို့ ချော့ထားခဲ့ပြီး လာခဲ့ရသဗျ အဲဒါခင်ဗျား ပေးချင်ရင်လဲ ခပ်မြန်မြန်ပေးလိုက် ကြာကြာတော့ မဆိုင်းနိုင်းဘူးလို့ ပြောသတဲ့

ဒီတော့ မိန်းမကြီးက ဝမ်းသာအားရနှင့် တဆိတ်ကလေး ဆိုင်းပါအုံးရှင်လို့ ရှိခိုးပြီး အိမ်ပြန်ခါ သေတ္တာ တွေကို ဖွင့် သွီး၏ဆွဲကြိုး လက်ကောက် နားကပ် ခြေကျင်း တို့ကို ယူပြီး အရေးကြီးဒါနဲ့ သေတ္တာကိုလဲ မပိတ်ခဲ့ဘဲ သင်္ဂြိုင်း ကို ပြေးသတဲ့ သင်္ဂြိုင်းကို ရောက်၍ လက်ဝတ် လက်စား အထုပ်ကို ပေးခါ မှာစရာတွေ အကုန်မှာပြီး ပြန်ခဲ့ဒါပေါ့ ဒီတော့လင်ကလဲ ရွာလယ်လို့အပြန် အိမ်မှာ မဟန်ဒါတွေ မြင်၍မိန်းမကိုလိုက်ရှာပြီး မေးသတဲ့ ဒီတော့မိန်းမက အမယ် လေး ရှင့်မှာ မယားရှာသနေ ကျမမှာ သိကြားမင်း နှင့် တွေ့ဒါနဲ့ သွီး၏ လက်ဝတ် လက်စား တွေကိုပါ ပေးလိုက် ရတယ်လို့ ပြောတော့ လင်က, "ဟိုက်" ဖြီးပြီ ဘယ်မလဲ ဒ်သိကြားမင်း ဆိုတော့ သင်္ဂြိုင်းမှာလို့ ပြောသတဲ့ ဒါနဲ့ လင်လဲ နှိလို့နှိုင်ငြား ဆိုပြီး မြင်းစီး၍ လိုက်သတဲ့ ဒီတော့ ဘိန်းစားက ဟိုခြုံဝင် ဒီခြုံထွက်နှင့် ခြုံကြားကိုတိုးပြေး ဒါကိုး ဒါနဲ့ မြင်းဆရာက မြင်းကို ညောင်ပင်မှာ အသာ ချိတ်ထားပြီး ဆင်းလိုက်တာပေါ့လေ ဒီတော့ ဘိန်းစားက ဟိုတွေ့ ဒီတွေ့နှင့် လှည့်ပတ်ခါ မြင်းကို စီးပြေးသတဲ့ လူကြီးလဲ လိုက်၍မမှီဒါနှင့် ဗျိုးသိကြားမင်း သွီးကိုအဘေ ကလဲ မြင်းတစီး ပေးလိုက်ဘယ်လို့ ပြောလိုက်ပါလို့ မှာ လိုက်ရသတဲ့ ကဲ-ဘုရား ဟောကို မယုံ၊ အဆံ မပါတဲ့ နမ္တာကို ယုံကြရဒါနှင့် ဘယ်လောက် လောကရေးရာမှာ နစ်နာ သလဲကွဲ၊ အဲ့ဒါက လောကရှုံးကွဲ၊ သံသရာရှုံး ရှိ သေးတယ်။

မောင်စိန်။ ။သံသရာရှုံးကို အမိန့်ရှိပါအုံးဘုရား

ဆရာ။ ။ကူးတို့ခ ထည့်တယ်ဆိုဒါ အသက်လိပ်ပြာ ရှိတယ် ထင်၍ ၎င်းအသက် လိပ်ပြာ ကလေးဟာ ချောင်းနှင့် တွေ့လျှင် ငွေ ဘမတ်ကိုပေး၍ ကူးသွားစေဘို့ ဖြစ်တယ် ရှေးတုံးက ချောင်းကို တခါကူးလျှင် တမတ်ပေးရပုံ ပေါ်ပါတယ်၊ ကဲစဉ်းစားကြ အသက်လိပ်ပြာ ကလေးဟာ ငါ့ကို ငွေတမတ်ပေးပြီး ကူးတို့ပို့ခိုင်းတယ်လို့ ဘယ်ကူးတို့သမား ပြောဒါ ကြားဘူးကြသလဲ ဒီချောင်းကလေးကိုမှ ကိုယ့်ဟာကိုယ်မကျော်နိုင်ရင် နတ်ပြည်ကိုဘယ်လိုသွားမလဲမယုံရင် တွင်းထဲမှာတူးကြည့် ဘယ်ကိုမှ ပါမသွားပါဘူး မြတ်စွာဘုရားက ခံမှာနိုဿတ္တ နိဇ္ဇီဝသတ္တဝါလဲမဟုတ် ဇီဝခေါ် အသက်လိပ်ပြာလဲမဟုတ် သတ္တဝါလဲမရှိ အသက်လိပ်ပြာလဲမရှိ ရုပ်နာမ် ခံမှု သင်္ခါရသာ ဟုတ်တယ်တဲ့။ ကဲ ဘုရားဟောနှင့် မဆန့်ကျင်ပါလား အဲဒီလို အသက် လိပ်ပြာစွဲကြောင့် သံသရာထဲ ကြာဒါပေါ့။ ကြာပုံကို ပြောအုံးမယ် ရုပ်နာမ်ထဲမှာ အသက်လိပ်ပြာ ရှိတယ်လို့ ထင်မှုဟာ သက္ကာယ ဒိဋ္ဌိကွဲ။ အဲဒီအထင်လွဲမှု ဒိဋ္ဌိဟာ ဘာကြောင့်ဖြစ်ရသလဲလို့ အကြောင်းရှာရင် သစ္စာလေးပါးကို ဖုံးကွယ်တဲ့ အဝိဇ္ဇာကြောင့်ပေါ့ ဥပမာ ပေးရအုံးမယ် မြေကြီးထဲမှာ မျိုးစေ့ ကလေးကို မြှုတ်ပြီးတော့ ရေကလေး လောင်းပေးလိုက်ရင် အပင် ပေါက်မလာ ဘူးလားကွဲ မောင်စိန့်ရဲ့။

မောင်စိန်။ ။ပေါက်လာပါတယ်ဘုရား။

ဆရာ အဲဒီလို ပေါက်လာရင် အသီး သီးပြန်ရောက်တဲ့ သီးလျှင် ပေါက်ပြန် ရောက်တဲ့ ဘာကြောင့်လဲဆို တော့ အသီးသည် အပင်၏အကြောင်း အပင် သည် အသီး၏အကြောင်းဖြစ်တယ်၊ ဒီလိုသီးလိုက် ပေါက်လိုက် ပေါက်လိုက် သီးလိုက်ဆိုရင်ဆုံးပါ မလားကွယ်။

မောင်စိန်။ ။မဆုံးတော့ပါဘုရား။

ဆရာ။ ။အသီးသည် အပင်၏ အကြောင်း အပင်သည် အသီး၏အကြောင်း ဖြစ်သောကြောင့်၊ အပင်မရှိ ဘဲလဲ အသီးမရှိ၊ အသီးမရှိဘဲလဲ အပင်မရှိနိုင် ဖြစ်နေတော့ အစကောရှိရဲ့လားကွယ်။

မောင်စိန်။ ။အစလဲ မရှိပါဘုရား။

ဆရာ။ ။အေးဟုတ်ပြီကွဲ့ အဲဒီဥပမာကို မှီပြီးတော့ ခန္ဓာ ကိုယ်၏အစမရှိ အဆုံးမရှိပုံကို သိရမှာကွဲ့ ခန္ဓာကိုယ်၏ အစမရှိ အဆုံးမရှိကို ပြောကြအုံးစို့။ ပစ္စုပ္ပန် ခန္ဓာကိုယ် ၏ အတိတ် အကြောင်း ၅-ပါး ရှိတယ်။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ သင်္ခါရတဲ့ အဲဒါကို သဘောတူရာ ပေါင်း လိုက်ရင် အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ ကံလို့ လေးမျိုးဖြစ်တယ် အဝိဇ္ဇာက မြေကြီးနှင့်တူတယ်၊ တဏှာဒိဋ္ဌိက ရေနှင့်တူ တယ်၊ ကံကမျိုးစေ့နှင့်တူတယ် အပင်က ခန္ဓာ ငါးပါးနှင့် တူတယ်။ လွန်ခဲ့တဲ့ ဘဝကအဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိ၊ ကံ အကြောင်း တရားကြောင့် ယခုပစ္စုပ္ပန် ခန္ဓာ ငါးပါးကြီး ဖြစ်လာရော့ကွယ် ခန္ဓာ ငါးပါးဆိုဒါ ဝိညာဉ် နာမ် ရုပ်

သဠာယတန ဖဿဝေဒနာ ပေါ့လေ အဲဒီ ခန္ဓာ ငါးပါး ဖြစ်သော ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တရားတွေ ဖြစ်ပေါ်လာရင် တဏှာ ဥပါဒါန် အဝိဇ္ဇာ ဆိုတဲ့ ကိလေသာဝဋ် တရားဟာ မလွဲရှောင်သာ ဖြစ်ပြန်ရော့ ကွယ်. အဲဒီကိလေသာဝဋ် လက်ရှိနှင့် ကုသိုလ်ကံ အကုသိုလ်ကံ ပြုကြရပြန်တော့ မျိုးစေ့များကို မြေ၌ ရေ၌ သင့်သလို အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ ဆိုသည့်အတိုင်း ကံ သင်္ခါရ ခေါ်တဲ့ ကမ္မဝဋ်ဟာ ဖြစ်ပြန် ဒါပေါ့ ကမ္မဝဋ်ကြီး ဖြစ်သော ကံသင်္ခါရ ဖြစ်လာရင် ဝိပါကဝဋ် ဖြစ်တဲ့ ဝိညာဉ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ခန္ဓာ ငါးပါး အပင် ပေါက်ပြန်ဒါပေါ့ အဲဒီလို ဝိပါကဝဋ် ဖြစ်ရင် ကိလေသာဝဋ်ကဖြစ် ကိလေသာဝဋ် ဖြစ်ရင် ကမ္မဝဋ်ကဖြစ် ကမ္မဝဋ်ဖြစ်ရင် ဝိပါကဝဋ်ကဖြစ်နဲ့ သာခနကြရင် အဆုံးရှိပါမလား ကွယ်။

မောင်စိန်။ ။မဆုံးနိုင်ပါဘုရား။

ဆရာ။ ။ဝိပါကဝဋ်ဆိုဒါ ကမ္မဝဋ်မရှိဘဲလဲ မဖြစ်နိုင်ဘူးကွဲ့ ကမ္မဝဋ်ဆိုဒါလဲ ကိလေသာဝဋ်မရှိဘဲမဖြစ်နိုင်ဘူး ကွဲ့၊ ကိလေသာဝဋ်ကလဲ ဝိပါကဝဋ်မရှိဘဲ မဖြစ်နိုင်ဘူးကွဲ့၊ အဲဒီလိုဆိုတော့ ဘယ်ဟာက အစ လဲကွဲ့။

မောင်စိန်။ ။မှန်ပါ အစလဲမရှိပါဘုရား။

ဆရာ။ ။အဲဒါဟာ မင်းကိုယ်ခန္ဓာ ဖြစ်ပုံပျက်ပုံ အစမရှိ၊ အဆုံးမရှိပုံဘဲကွဲ့ ဒီလိုအသက်လိပ်ပြာမရှိပါဘဲ ရှိတယ်လို့

ဘုရားကို ခံညင်းနေကြလို့ သံသရာထဲမှာ ကြာကြာရဒါပေါ့ သည်အထင် မှားမှုဟာလဲ သစ္စာ ၄-ပါး မမြင်ဘဲ ဘယ်တော့မှ မစင်ဘူး၊ ဓမ္မံသရဏံကို သေသေ ချာချာ ဂစ္ဆာမိတော့မှ စင်ကြယ်မှာကွဲ ပြီးတော့ ရှိသေးတယ် မသာချတဲ့အခါ စုံ, မ ရွေးဒါတွေ ဥပမာ ဒီနေ့လူသေ- တယ်ဆိုပါတော့ အချိန်ကညနေဖြစ်နေ၍ ချက်ခြင်းလဲ ကိစ္စ မပြီးနိုင်သည့်အတွက် ဒီနေ့ မချနိုင်ဘူးကွဲ နက်ဖန်ခါ ဆို ပြန်တော့ ရက်က စုံဖြစ်နေပြန်သဖြင့် တလောင်းတည်းနဲ့ ကိစ္စ မပြီးတတ်ဘူး ဆိုတဲ့ အထင်လွဲမှုကြောင့် မချရဲဘူး သဘက်ခါမှ ချရတော့ ၃-ရက်ဖြစ်သွားဒါပေါ့။ ၃ ရက်နှင့် ဆွေးမျိုးမစုံရင် ၅--ရက်ကျအောင် ထားရတယ် -ရက်နဲ့ မချရဲဘူး အဲဒီလို စုံ, မ အယူလွဲမှုကြောင့် ရက်တွေပိုငြိုး ငွေမကုန်သင့်ဘဲ ငွေကုန် ကြရတယ် ရှင်ပြုတဲ့ အခါလဲ ၂-ပါး ၄-ပါး စုံမပြုကောင်းဘူးတဲ့ ၃-ပါး ၅-ပါး စသည် ဖြင့်၊ မ, သာ ပြုကောင်းသတဲ့၊ ဒါတွေဟာ ကံ တရားကို မယုံရာ ကျနေတယ် ဒီအယူကိုမစွန့်နိုင်ရင်လဲ ဓမ္မံသရဏံ ဂစ္ဆာမမိဘူးကွဲ မြတ်စွာဘုရား ဟောဒါက....

**သဗ္ဗေကမ္မသကာ သတ္တာ၊ ကမ္မံသတ္တေ ဝိဘဇ္ဇတိ။**
**ဟီနပဏီတ ဘာဝါယ နစိန္တာယ သမိဇ္ဈတေ။**

သဗ္ဗေ၊ အဟောင်းဘဝနှင့် အသစ်ဘဝ ဖြစ်သမျှဥဿုံ အလုံးစုံ ကုန်သော သတ္တာ၊ သတ္တဝါ အနန္တ မှန်သမျှ တို့သည်။ ကမ္မသကာ ကံနှင့်သာတွဲပျော် အဘော်သဟဲ မြဲမြဲ ခိုင်ခိုင် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြလေကုန်၏ ကမ္မံ၊ ကောင်း မကောင်းနှင့် သောင်းပြောင်း များပြား

ကံတရားသည် သတ္တော၊ သတ္တဝါ အနန္တ မှန်သမျှ တွေကို ဟီနပဏီတ ဘာဝါယ ဇာတိမသန့် မျိုးယုတ်ညံ့နှင့် သန့်ပြန့်မျိုးနွယ် ဂုဏ်သိရ်ကြွယ်၍ တင့်တယ်ပါစေခြင်း အကျိုးငှါ ဝိဘဇ္ဇတိ အလိုက် အလိုက်လိုက်သလိုပင် ပြုပြင်စီမံ ဝေဘန်တတ်လေ၏ တသ္မာ၊ ထို့ကြောင့် စိန္တာနာယ၊ မော်တော်ကားစီး တိုက်ကြီးကြီးနဲ့ အနည်းနည်းပျော် အဘော်စုံညီ နေချင်သည်ဟု ကြံစိစိတ်ကူး ဘဝင်မြူးသဖြင့်။ နသမိဒ္ဓိနော တောင်းတိုင်းမရ တ, တိုင်းမပေါ် အကြံချော်သဖြင့် အမျှော်စွမ်းဟု မပြည့်စုံဘဲ ရှိကြကုန်သည် သာလျှင်တည်း။

ကဲ ဘယ်မှာလဲကွယ် နဂါးခံတွင်းကျရင် ပျက်စီးတတ်တယ်လို့လဲမပါ မသာကို စုံ,ချရင် တလောင်းနှင့် ကိစ္စမပြီးတတ်ဘူးလို့လဲမပါ အိမ်တိုင်ထူဒါ နက္ခတ် မကောင်းရင် ပျက်စီးတတ်တယ်လို့ လဲမပါ မင်္ဂလာဆောင်ဒါ ရက်မရွေးမိလို့ ပျက်စီး ရတယ်လို့လဲမပါ ဓမ္မာ သောကအင်းဝ ရာဇာ ကျလို့ ပျက်စီးဒါလဲမပါ သားဦး စနေမီးလိုမွေ့ ဆိုဒါလဲမပါ တနင်္ဂနွေ, တနင်းလာ၊ အင်္ဂါဆိုဒါတွေဟာ ပညတ် သင်္ကေတတွေဘဲ လူကို ကောင်းအောင်ဆိုးအောင် မလုပ်နိုင်ပါဘူး အကုသိုလ်ကံကသာ ကောင်းအောင်လုပ်နိုင်၍ အကုသိုလ်က မကောင်းအောင် လုပ်နိုင်တယ် ဒီတော့ အကုသိုလ်ဆိုရင် မြွေဆိုး ကင်းဆိုး ကဲ့သို့ ကြောက်လန့်ပြီး ကုသိုလ်ကံကို ဈဋ္ဌာသယ ပဏ္ဍမြား ကဲ့သို့သဘောထားဒါ အားကိုးကြမှ ဓမ္မံ သရဏံ ဂစ္ဆာမိ

မှာမဟုတ်လား အခုတော့ အကုသိုလ်က လုပ်ရမယ် ဆိုရင် အလွန်ပျော်၊ ကုသိုလ် လုပ်ရမယ် ဆိုရင် အလွန်ပျင်း ကြောက်တာက ဓမ္မာ ဧသောက အင်းဝ ရာဇာကို။ ဘယ်တော့ ဂစ္ဆာမိမှာလဲကွယ် ဥဿာ စိန်ပန်း ကြောင့် မိမ္မဆိုး တွေနှင့် ညားကြတဲ့ ယောကျ်ားတွေဟာလဲ မနဲ့ကြပါဘူး ကေနိပါတ်က ဝတ္ထုကလေးတပုဒ် ထုတ်ပြအုံးမကွဲ။

ရှေးတုံးက ဗာရာဏသီပြည်မှာ ဗြဟ္မာဒတ်မင်း မင်းပြု သတဲ့ ထိုအခါ မြို့ကလူက တောရွာ၌နေသော သတို့သမီးကို သားဘို့ တောင်းရမ်းပြီး နေ့ကောင်းများရွေး၍ ကျွေးမွေး ဘွယ်ငွေကို ပြည့်စုံအောင် ပေးထားခဲ့သတဲ့ ဒါနဲ့ အိမ်ပြန် ရောက်တော့ မိမိကိုးကွယ်နေတဲ့ အာဇီဝက အိမ်ကြွအလာ မှာ အရှင်ဘုရားတပည့်တော် တောရွာမှာ မွေးမတောင်း ထားခဲ့ပါတယ်ဘုရား နက်ဖန်ခါ မင်္ဂလာဆောင် သွားမယ် လို့ နေ့များ ကောင်းပါ ရဲ့လား ဘုရားလို့ မေးသတဲ့ ဒီတော့ အာဇီဝကရဲ့ စိတ်ထဲက သူဟာ သူနေ့တွေရွေးခဲ့ ပြီးမှ ငါ့ကို နေ့ကောင်းသလားတဲ့ ရှိစေအုံး သင့်မင်္ဂလာကို ပျက်အောင် ဖျက်မယ်ဟုကြံပြီး တကာ အဲဒီနေ့မှာသာ မင်းသား မင်္ဂလာ ဆောင်ရင် ကြီးစွာသော ပျက်စီးခြင်း နှင့် ကြုံရလိမ့်မည်လို့ ပြောလိုက်သတဲ့၊ ဒါနဲ့ တကာက မသွားရဲတော့ဘူး မိန်းမဘက်ကတော့ ကျွေးဘို့ ချက်ကြ ပြုတ်ကြနဲ့ ပြင်ဆင်ပြီး မျှော်နေဒါပေါ့ အချိန်ကျလို့ မပေါ် လာတော့ ဂဘိပျက်ရကောင်းလားလို့ စိတ်ဆိုးပြီး ဆွေ ထဲမျိုးထဲက ယောကျ်ားကလေး တယောက်နဲ့ အရှက်မခံဘဲ ပေးစားလိုက်ကြသတဲ့ ပေးစားပြီးမှ နောက်တနေ့ကျတော့ မြို့ကလူတွေက ကျကျနန ဗန်ကောက် လုံချီတွေ မောင့်

ကြက်သရေခေါင်းပေါင်းတွေ ပိုးရင်ဖုံး အင်္ကျီတွေ ဝတ်ပြီး မှိုရတဲ့မျက်နှာလို ပြုံးပြုံး ပြုံးပြုံးနဲ့ တောရွာကိုသွားကြ ဒါပေါ့ ဒီတော့ တောရွာကလူတွေက ရွာကိုအဝင်မခံဘဲ ပိတ်ထား သတဲ့၊ ဘာဖြစ်၍ ပိတ်ရ ဒါတုံးလို့ မေးတော့ တောရွာက လူတွေက ငါတို့မှာ မင်္ဂလာ ဆောင်ပြီးပြီလို့ ပြောသတဲ့ ဒီလိုဆိုရင် ငွေကိုပြန်ပေးပါလို့ တောင်းတော့ မပေးနိုင်ဘူး မင်းတို့ကဘာဖြစ်၍ ဂတိပျက် သလဲလို့ ပြန် ပြောသတဲ့ ငါတို့ ကိုးကွယ်တဲ့ အာဇီဝက အရှင်မြတ်က အဲဒီနေ့ မင်္ဂလာဆောင်ရင် ကြီးစွာသော ပျက်စီးခြင်းနှင့် ကြုံရပါလိမ့်မည်၊ နက္ခတ် မကောင်းဘူးလို့ ပြောဒါနဲ့ မလာရဒါပါလို့ တယောက်တခွန်း ငြင်းကြ ခုန်ကြနှင့် ရန်ဖြစ်ကြသတဲ့ အဲဒီအခါ ဘုရားအလောင်း ပညာရှိကလဲ တစုံတရာ ကိစ္စကြောင့် မြို့မှ တောသို့သွားဒါနှင့် ကြုံ၍ သူတို့၏စကားတွေကိုကြားတော့ ဆုံးဖြတ်သတဲ့။

## နက္ခတ္တံ ပဋိမာနေန္တံ အတ္ထော ဗာလံ ဥပစ္စဂါ၊ အတ္ထော အတ္ထဿ နက္ခတ္တံ ကိံ ကရိဿန္တိ တာရကာ

နက္ခတ္တံ၊ မြင်းမိုရ်ကိုလှည့်ပတ်၍ မပြတ်သွားလာ ကောင်းကင်က ကြယ်တာယာကို။ ပဋိမာနေန္တံ အားထား ပြီးခါ ဆိုင်းငံ့၍နေသော ဗာလံ၊ ကြောင်းကျိုးမသိ လူငတိကို အတ္ထော၊ ရှု၍မငြိမ်း သတို့ သမီးကို ရခြင်း တည်းဟူသော အကျိုးသည်။ ဥပစ္စဂါ မျှော်လင့် သူကို ပြစ်ခါ ထား၍ လွန်သွားလေပြီ အတ္ထော အလိုရှိအပ်ကုန်သော အကျိုး သည်။ အတ္ထဿ၊ အလိုရှိသောသူ၏ နက္ခတ္တံ ကောင်း

စွာ မပြက် စောင့်မ တတ်သော နက္ခတ်ပေတည်း။ ဘာရှ
က၊ ကောင်းကင်က ကြယ်တာယာဘို့သည်။ ကံ အတွက်
အဘယ်မည်သော အကျိုးကို ကရိယာ့ ၊ ကောင်းစွာ မ
ခသွ ပြုလုပ်နိုင်ချေအံ့နည်း။

ကဲ ကောင်းကင်ပေါ်က ကြယ်တာယာတွေဟာ လူကို
ကောင်းအောင် ဆိုးအောင် ဘာမှမလုပ်နိုင်ဘူးဆိုတဲ့ ဒီလို
ဆိုတော့ တနင်္ဂနွေ၊ တနင်းလာ၊ အင်္ဂါ၊ တွေဟာ လူကို
ဘာမှ မလုပ်နိုင်ဘူးလို့ ရက်ရာဇာ ပြဿဒါး အထင်မှားနှ
ကကို ပယ်စွန့်ဒါ အကုသိုလ်ကံကို ကြောက်လန့် ကြ၍
ကုသိုလ်ကံကိုသာ အားသားကြရမှာကွဲ ဒေဒင်ဆိုဒါ ဘာ
နှင့် တူသလဲဆိုတော့ ကလေးတွေ မန်ကျည်းစေ့ ဖက်
ကာနှင့် တူသကွဲ၊ ကလေး တယောက်က လက် ထဲမှာ
မန်ကျည်းစေ့ကို ဆုပ်ပြီး ကဲ စုံလား မ,လားလို့ ဆိုတော့
ဒီဘော့ တယောက်က လက်ညှိုးကလေးကိုပါးစပ်ထဲထိုး
ဒါင်ကနဲ့မြည်အောင်လုတ်၍ နံပေါ်ကို ထောက်လိုက်တော့
နံပေါ်ကို ကျဒါနဲ့ မ,ဖို့ဆိုသကွဲ၊ နံကြားကျတော့ စုံ,လို့ ဆို
သကွဲ၊ ဒါဒါ တခါတခါလဲ မှန်သကွဲ တခါတခါလဲ လွဲ
သကွဲ ဒါဒါလိုဘဲ တခါတခါ မှန်သွားဒါဘဲ အစွဲအလမ်း
သိပြီး မကြီးသင့်ဘူးကွဲ ကံကောင်းရင် ဘာဘဲလုပ်လုပ်
အောင်မြင်သကွဲ ကံမကောင်းရင် ရက်ရာဇာ ရွေးလုပ်
ပေမဲ့ ရေခါဘူး၊ သဗ္ဗေကမ္မသကာဟု ဟောပေမဲ့ မြတ်စွာ
ဘုရားက ကံတခုတည်းကို ဟောဒါ မဟုတ်ဘူးကွဲ ကံ
ဉာဏ် ဝိရိယ တဲ့ ကံ အရာမှာ ကံကိုရှိး၊ ဉာဏ်အရာမှာ
ဉာဏ် ရိုး ဝိရိယအရာမှာ ဝိရိယကို ရှိးရမယ် နတ်မြတ်စွာ
ဘုရား ဟောည။ ဒီဝဓ ပုဂ္ဂိုလ်တဲ့ ဘုန်းကံကို မှီပြီးအသက်

မွေးကြတယ် တိရိစ္ဆာန်က ဝိရိယူပဇ္ဇိဝိပုဂ္ဂုိလ် ဘုန်းကံမရှိ ဝိရိယကို သာအားထားရတယ် လူက ဉာဏူပဇ္ဇိဝိပုဂ္ဂုိလ် ဘုန်းကံရော ဝိရိယရော ၂--ပါးလုံးကို အားထားရတယ် ငရဲ ပြိတ္တာက ဘာကိုမှ အားမထားရဘူး အကုသိုလ်ကုန်မှ လွတ်မယ် ဒါကြောင့် ခေါင်းကိုက်တာ ဘိုက်နာဒ'ကစပြီး ကံကိုချီးရင် ပုဗ္ဗေကတဟေတု ဒိဋ္ဌိတဲ့ မာန်လည် ဆရာ တော်က၊ **(ကံ ကို ယုံ ၍ ဆူး ပုံ အ တွင်း မ နင်း ကြ ရာ ကျား ရဲ ရ လည်း ကြမ္မာ အကြောင်း မရိုး ကောင်း လည်း)** လို့ ဆိုခဲ့တယ် ပုံကလေး ပြောအုံးမယ်။

ရှေးတုံးက တငါတယောက်က ငါး ၃-ကောင်ကို ရသတဲ့ ရတော့ လှေထဲထည့်လာတယ် စောစောက သတ်ထားရင် ပုပ်မှာစိုး၍ အရှင်ဘဲ ထားသေးတယ် ဒီငါး သုံးကောင်တို့ တွင် တကောင်က ကံကိုယုံပြီး ကံကောင်းရင် လွတ်မှာ ဆိုပြီး မခုန်တော့ဘဲ အသေကဲ့သို့ နေသတဲ့ တကောင်က ဝိရိယ အားကိုးပြီး ခုန်ရင် လွတ်မှာဘဲဟဲ့လို့ တဖြတ်ဖြတ် ခုန်သတဲ့ ဒီတော့ တငါသည်က ဒီငါးကဲလှတယ် ဆိုပြီး ဒုတ်နှင့် ခေါင်းကိုရိုက်လိုက်လို့ သေသွားသတဲ့ တကောင် ငါးကတော့ ငါဟာကံလဲရှိမယ် ဉာဏ်လဲရှိမယ် ဝိရိယလဲ ရှိမယ် ဆိုရင် လွတ်မှာဘဲလို့ အကြံရှိပြီး လှေအစောင်းကို ကြည့်နေသတဲ့ လှေစောင်းဒါနဲ့ တပြိုင်နက် နိမ့်တဲ့ဘက်ကို ဖြတ်ဆို ခုန်လိုက်တော့ လွတ်သတဲ့ ကံယုံငါးလဲ အမြဲ တော့ ဟင်းဖြစ်သတဲ့ ဒါကြောင့် တ င ါ ေ က် တွ င် း

ခြောက် လျှင် တုံ ညွှား သုံး ကောင် ငါးကိုမှတ်သား ပုံရှ ပ မာ ပြု လော လို့ ပညာရှိကြီးများ စပ်ဆိုထားကြ တယ်အဲဒီပုံလိုလူဆိုဒါ ဥဘယပူပဇ္ဇိဝိပုဂ္ဂိုလ်မို့၊ကံ ဉာဏ် ဝိရိယ သုံးပါးကို အားထားရမယ်ကွဲ၊ ငြီးတော့တစုံတရာ ရောဂါ ဖြစ်လာရင် ကံ နာလား၊ စိတ် နာလား၊ ဥတု နာလား၊ အာဟာရ နာလား၊ ဆိုဒါကိုလဲ စဉ်းစားပြီး ကုရမယ် ဘာကြောင့်လဲဆိုတော့ ခန္ဓာကိုယ်ဟာ ယမုဋ္ဌာန် ၄-ပါးကြောင့်ဖြစ်သည် အဲဒီလို အကြောင်း အမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာ၍ ယူရသောကြောင့် ငါတို့၏ ဘုရားဝါဒကို ဝိဘဇ္ဇ ဝါဒလို့ ခေါ်တယ် ဉာဏ်ရှိမှ ခွဲနိုင်သောကြောင့် ဉာဏဝါဒတဲ့ကွဲ မောင်စိန်ရဲ့။

မောင်စိန်။ ။ဘယ်လိုမှ ဓမ္မံသရဏံဂစ္ဆာမိမှာလဲဘုရား။

ဆရာ။ ။ဘုရားဟောနှင့် ဆန့်ကျင်ဘက်ကျတဲ့ လောကီ ကျမ်း အဆိုများကို မယုံကြည်ပါဘဲ အကုသိုလ် ကို ကြောက်လန့်၍ ကုသိုလ်တရားကိုအလေးပြုဒါ သစ္စာ -၄ပါး ကို သိအောင် တရားနာပြီး ဆည်းပူးနေဒါမှ ဓမ္မံသရဏံ ဂစ္ဆာမိမှာကွဲ လောကီကျမ်း အဆိုများကို မပယ်နိုင်သေး လျှင် ခေတီ ၄-ပါးမှတပါး အခြားကို အားထားသေးလျှင် ဂစ္ဆာ မမိသေးဘူး သစ္စာ ၄-ပါးကို သိတဲ့ မဂ်ဉာဏ် သာ တရားစစ်ကွဲ တရားစစ်ဖြစ်တဲ့ မဂ်ဉာဏ်ကို အား ထားပြီး ၎င်းဉာဏ်ကို မရလျှင် ရအောင် လုပ်မယ့် ဆိုတဲ့ ဒို့နဲ့ အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယမောဆိုဒါလို ရအောင် ဆည်းပူး၍ ရလျှင် သေသေ ချာချာ ဂစ္ဆာမိပြီ ကွဲ ဒါကြောင့်သင့်ကိုယ်ကို ငါဟာ ဂစ္ဆာမိ အစစ်လား

-တုလား ဆိုဒါ စစ်ဆေးပါ အတုဖြစ်နေလျှင် အခင် ဖြစ်စေသော် ကြိုးစားလေ။

**ဓမ္မံ သရဏံ ဂစ္ဆာမိ စစ်တမ်း ပြီးပါပြီ။**

——၀——

# သံဃာသရဏာဂုံ ဆွေးခဲ့မိစစ်တမ်း

မောင်စိန်။ ။ရှေ့သရဏဂုံ ၂-ပါးကို သေချာစွာ စစ်လိုက်တော့ မတည်တာ တွေက များပါတယ်ဘုရား။ သံဃာ သရဏဂုံ ဆွေးခဲ့မိ ကတော့ ရွာတိုင်းပင် ဘုန်းကြီးကျောင်းများ ဆောက်လုပ်၍ သံဃာတော်တွေကို ကိုးကွယ် ကြသောကြောင့် တည်စရာ ရှိပါတယ်ဘုရား။

ဆရာ။ ။သရဏဂုံ ၃-ပါးဆိုဒါ တခုမဟုတ်ချင် အားလုံး မဟုတ်ဘူးကွဲ့ ဥပမာအားဖြင့် ၃-ပါးရှိဒါ မုချ အားဖြင့် တခုတည်းရှိတယ်။

မောင်စိန်။ ။တခုတည်းဖြစ်ပုံကို အမိန့်ရှိပါအုံးဘုရား။

ဆရာ။ ။ဗုဇ္ဈတိ၊ သစ္စာလေးပါးကို သိတတ်၏ ဇာတိတသွာ ကို့ကြောင့် ဗုဒ္ဓေါ၊ ဘုရားမည်၏တဲ့။ ကဲ ဘုရား ကသဲ သစ္စာ ၄-ပါးကိုသိတဲ့ ဉာဏ်ကွယ်။ စတုဘူသု အပါယေသု အပါယ် ၄-ပါးတို့၌။ အပတမာနေ မကျသည် တို့ကို ကဟ္တာ၊ ပြု၍ နိဗ္ဗာနံ နိဗ္ဗာန်သို့ ဓါရေတိ ဆောင်တတ်၏ ဇာတိဘာသွာ၊ ထို့ကြောင့်။ ဓမ္မော တရားမည်၏တဲ့။ ကဲ ဒါလဲ သစ္စာလေးပါးကိုသိမှ အပါယ်ကလွတ်၍ နိဗ္ဗာန်ကိုရမှာ ကြောင့် သစ္စာလေးပါးကို သိတဲ့ဉာဏ် သံသုဋ္ဌု၊ ကောင်းစွာ ကိလေသေ ကိလေသာတို့ကို ဟနတိ သတ်ဘတ်၏

ဇာတိတည်း၊ ထို့ကြောင့် သံဃော၊ သံဃာ မည်၏ တဲ့ ကိလေသာ သေတယ်ဆိုဒါ သစ္စာ ၄-ပါးသိမှ သေဒါကွဲ့ ဒါကြောင့် သူလည်း သစ္စာလေးပါး သိတဲ့ဉာဏ် ကဲ တခု တည်း ဖြစ်မနေဘူးလား။

မောင်စိန်။ ။ဥပမာအားဖြင့် ၃-ပါးဖြစ်ပုံကို အမိန့်ရှိပါ အုံးဘုရား။

ဆရာ။ ။ဆရာမရှိ သစ္စာလေးပါးကို မိမိအလိုလိုကိုယ်တိုင် သိတဲ့ ဉာဏ်တည်ရာ ခန္ဓာငါးပါးကို ဌာနူပစာ အားဖြင့် ဘုရားလို့ ခေါ်ကြတယ် ဥပမာ ဟိုအိမ်ဟာ အလွန်ဆူ တယ်လို့ ဆိုတဲ့နေရာမှာ အိမ်ကမဆူ အိမ်မှာရှိတဲ့ လူက ဆူတာကွဲ့ ဒါပေမဲ့ လူကို အိမ်ပေါ်မှာ တင်စားပြီး ဌာနူ ပစာအားဖြင့် ပြောတဲ့စကားဖြစ်တယ် အဲ့ဒီလိုပေါ့ သစ္စာ ၄-ပါးကို သိဘို့ရာမှာ မြတ်စွာဘုရား၏ စကားတော်ဖြစ်တဲ့ ပိဋကတ် ၃-ပုံဟာ အကြောင်းရင်း ဖြစ်တယ် ဒါကြောင့် ကာရဏူပစာအားဖြင့် သူ့ကို တရားလို့ ခေါ်ကြတယ်။ သပ္ပုရိသက ဟောဒါနဲ့ တဆင့် သစ္စာလေးပါးကို သိတဲ့ ဉာဏ်၏တည်ရာ ခန္ဓာငါးပါးကို ဌာနူပစာ အားဖြင့် သံဃာ လို့ခေါ်တယ်ကွဲ့၊ ဒါကြောင့် ဥပမာအားဖြင့်သာ ၃-ပါး ရှိဒါလို့ ပြောဒါကွဲ့။

မောင်စိန်။ ။ဗမာပြည်မှာ ဂဏ္ဍာမိပုံမဟန်ဒါကို အမိန့်ရှိ ပါအုံးဘုရား။

ဆရာ။ ။ရှေးတုံးကတကာတယောက်က၊ စာတပိုဒ်နှစ်ပိုဒ် လောက်ရေးပြီး ဆရာတော်ကြီးကို အပြင်ခိုင်း လာသတဲ့

မှားတဲ့အလုံး ယုံတို့ ထားပါဘုရားလို့ လျှောက်ထား
သတဲ့ ပေစာကိုးကွဲ ဒါနဲ့ ဆရာတော်ကြီးက ကြည့်ပြီး
တော့ ယုံအိုးထဲကို နှစ်ထားလိုက်သတဲ့ အဲဒါလိုဘဲမဟာန်
ဒါကို ပြောရမယ်ဆိုရင် ပြောခြင်စရာ မကောင်းလောက်
အောင်ကို မဟာန်ဒါကွဲ ဗမာပြည်မှာ ရွာ တိုင်း မှာ လို
ကျောင်းဆောက်ပြီး ကိုးကွယ်ကြဒါက မသာချတဲ့ အခါ
ရေ့ကဝါဝါပါသျှင် ပြီးရော့ဆိုပြီး ဝါဝါသရဏံ ဂစ္ဆာမိကြ
ဒါလားကွဲ ဒါကြောင့် မာန်လည် ဆ ရာ တော် က
မာန်လည်သူ မာန်လည်သား တွေကို ဆဲသတဲ့ နင်တို့
မာန်လည်သူ မာန်လည်သားတွေဟာ ကြာရွက်အောက်က
ဘားနှင့် တူသဟဲ့ ဘားဟာ ကြာရွက်အောက်မှာ နေပေမဲ့
ကြာဝတ်မှုံကို မစားဘူး၊ ပျားပိတုံးသာစားဒါ နင်တို့လဲ
ငါ့အနားမှာ နေပြီး ငါ့ကိုဆည်းကပ်ပေမဲ့ ငါ့အသိကိုမယူ
ဘူးဟဲ့လို့ ဆဲသတဲ့ ပိလိန္ဒဝစ္ဆမထေရ်လို အဆဲဝါသနာ
ပါရှာလို့ ကောင်းသောစေတနာနှင့် ဆဲခဲ့တယ်ကွဲ မာန်
လည်သူသာမဟုတ် တပြည်လုံးဟာ ဇင်းနည်းအတိုင်းချည်း
ပါဘဲ မထူးကြပါဘူး၊ အဲဒါက တကာဘက်က ချွတ်ယွင်းမှု
ဆရာဘက်ကိုလဲ စဉ်းစားရမှာက ငါဂစ္ဆာမိဒါဟာ သံဃာ
ဟုတ်ရဲ့လားလို့ စဉ်းစားရမှာကွဲ သံဃာမဟုတ်ရင်လဲ
သံဃံသရဏံ ဂစ္ဆာမိဘူးကွဲ ဝါဝါသရဏံ ဂစ္ဆာမိ ဖြစ်
ဘတ်ဘယ် ဒါကြောင့်အချို့နေရာမှာ တကာကချွတ်ယွင်း
အချို့နေရာမှာ ဆရာကချွတ်ယွင်း အချို့နေရာမှာ တကာ
ရော ဆရာရော ချွတ်ယွင်းလိုက်ကြဒါ ပြောချင်စရာတောင်
မကောင်းအောင်ဖြစ်နေသကွဲ မောင်စိန်ရဲ့။

မောင်စိန်။ ။ဘယ်လိုမှ သံဃံသရဏံ ဂစ္ဆာမိမှာလဲဘုရား။

ဆရာ။ ။သံဃာက ၂-မျိုးရှိတယ်၊ ပရမတ္ထသံဃာ သမုတိသံဃာတဲ့ကွဲ မောင်စိန့်ရေ ပရမတ္ထတရား ၄-ပါးဖြစ်တဲ့၊ စိတ်စေတသိက် ရုပ်နိဗ္ဗာန်ထဲမှာ လူတွေဘုန်းကြီးတွေ မယ်သီလတွေ ရသေ့တွေ ပါရဲ့လား။

မောင်စိန်။ ။မပါ ပါဘုရား။

ဆရာ။ ။အဲဒီလိုပေါ့ကွဲ အရိယာ ပုဂ္ဂိုလ် ၈-ယောက်ဆိုရင် လူဖြစ်ဖြစ် ဘုန်းကြီးဖြစ်ဖြစ် မယ်သီလဖြစ်ဖြစ် မိမ္မဖြစ်ဖြစ် ယောကျာ်းဖြစ်ဖြစ် ပရမတ္ထသံဃာကွဲ၊ သိမ်ထဲမှာ ကမ္မဝါစာနှင့် သမုတ်၍ဖြစ်ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်ရင်၊ အရိယာဖြစ်ဖြစ်၊ ပုထုဇဉ်ဖြစ်ဖြစ်၊ သမုတိ သံဃာတဲ့ကွဲ မင်းအရေးကြီးဒါက အပါယ်ဘေးမှ အေးဘို့မဟုတ်လား။

မောင်စိန်။ ။ဟုတ်ပါတယ် ဘုရား။

ဆရာ။ ။ဟုတ်ရင် လူသော ဘုန်းကြီးသော မိမ္မသောယောကျာ်းသော လင်ရှိသော မယားရှိသောသောပေါင်း ခြောက်ဆယ် ရှုတ်မနေနှင့်တော့ပရမတ္ထသံဃာကိုတွေ့အောင်ရှာပြီး သစ္စာ ၄-ပါးတရားကိုသာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်အောင်နာကွဲအဲဒါသံဃံ သရဏံ ဂစ္ဆာမိဒါပဲ။

မောင်စိန်။ ။ပရမတ္ထသံဃာ မရှိဘူးတဲ့ဘုရား ဘယ်နှယ်လုပ်ရမှာလဲ။

ဆရာ။ ။ပရမတ္ထသံဃာမရှိပါက သစ္စာလေးပါးကို ပရမတ္ထ သံဃာတွေ သိဒါနှင့်လျော်ညီစွာ ဟောနိုင်သော ရှုဥသောတာပန် ပုဂ္ဂိုလ်ကိုတွေ့အောင်ရှာ၍ မှီဝဲ ဆည်းကပ်မေးမြန်း ဆွေးနွေး တရားနာကွဲ အဲဒါ ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ ဘဲကွဲ။

မောင်စိန်။ ။ရှုဥသောတာပန် ပုဂ္ဂိုလ်မရှိပြန်ရင် ဘယ်နှယ် လုပ်မလဲဘုရား။

ဆရာ။ ။၂၂၇ သွယ်သော သိက္ခာပုဒ်ကို ထိမ်းသိမ်း စောက်ရှောက်၍နေသော သမုတိ သံဃာကို ရှင် သာရိပုတ္တရာရှင်မောဂ္ဂလာန်တို့လဲ ဤအသွင်ဘဲဟု အောင့်မေ့သောအားဖြင့်၎င်း၊ မြတ်စွာဘုရား၏ ပညတ်တော်မူသော သိက္ခာပုဒ်တွေကိုထိမ်းသိမ်း ရှာပေတယ်ဟု သီလကိုကြည်ညိုသော အားဖြင့် ၎င်း၊သင်္ကန်း ဆွမ်း ကျောင်း ဆေးတို့ဖြင့် ချီးမြှင့် ထောက်ပံ့ရမယ်ကွဲ အဲဒါကတတိယမ္ပိ သံဃာ သရဏံ ဂစ္ဆာမိကွဲ။

မောင်စိန်။ ။အရှင်ဘုရား သံဃာသရဏံ ဂစ္ဆာမိမှာတော့ ဒုတိယမ္ပိတတိယမ္ပိ တွေပြလိုက်တာ ဗုဒ္ဓံသရဏံ ဂစ္ဆာမိနှင့် ဓမ္မံသရဏံဂစ္ဆာမိမှာ ဘာပြု၍မ ပါသလဲဘုရား။

ဆရာ။ ။စကားဆိုဒါ အခွင့်ဆိုက်မှ ပြောရဒါကွဲ ကြည့်ပါ လား မြတ်စွာဘုရား ပေါခဲ့ပင်မှာ သစ္စာ ၄-ပါး မြင်စက မြင်ထားတဲ့ ဂိဏ္ဍုဂုတ်တောင်က ပြဿာ

တွေကို အခွင့် မဆိုက်လို့ မဟောဘဲ နေရဒါ တော်တော် ကြာသွားသကွဲ နောက်မှ သျှင်မောဂ္ဂလာန်နှင့် သျှင်လက္ခဏာအမေးအဖြေလုပ်မှ အခွင့် အရေးဆိုက်ပြီး ဟောရသကွဲ။

မောင်စိန်။ ။ဒီလိုဆိုရင် တပည့်တော်လဲ ရှင်မောဂ္ဂလာန်တို့ကဲ့သို့ စကား အခွင့် ဆိုက်အောင် လျှောက်ပါအုံးမယ် ပဌမ ဗုဒ္ဓံသရဏံ ဂစ္ဆာမိက ဘာလဲဘုရား။

ဆရာ။ ။ဘုရားက ၃-မျိုးရှိသကွဲ၊ ပရမတ်ဘုရား သကတ်ဘုရား၊ ဒြဗ်ဘုရားတဲ့ကွဲ မိမိသန္တာန်မှာ သစ္စာ ၄-ပါးကိုသိတဲ့ ဉာဏ်ပရမတ်ဘုရား ပေါ်အောင် လုပ်ပြီးတော့ အဲဒီပရမတ်ဘုရားကို ဂစ္ဆာမိဒါကို ခေါ်သကွဲ။

မောင်စိန်။ ။ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ဆိုဒါက ဘာဘုရားကိုလဲဘုရား။

ဆရာ။ ။အရဟံဂုဏ်တော် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်စသော ဂုဏ်တော် ၉-ပါး သကတ်ဘုရားကို ကြည်ညိုလေးစား၍ ဂုဏ်တော်ကို ပွားများဒါခေါ်သကွဲ။

မောင်စိန်။ ။တတိယမ္ပိက ဘာဘုရားကို ဂစ္ဆာမိဒါပါလဲဘုရား။

ဆရာ။ ။အဲဒါက ပရမတ်ဘုရား၊ သကတ် ဘုရား တို့၏

တည်ရာ ခန္ဓာငါးပါး ဒြပ်တော်ကြီးနှင့် ၎င်း၏ အစွယ်အပွါး စေတီလေးပါးကို ရှိသေလေးစား ဒါကို ခေါ်သကွဲ့။

မောင်စိန်။ ။ဓမ္မသရဏဂစ္ဆာမိ ၃-ပါးကို ခွဲပြပါအုံး ဘုရား။

ဆရာ။ ။တရားကလဲ ၃-မျိုးကွဲ့ ပရိယတ္တိ ပဋိပတ္တိ ပဋိ ဝေဓတဲ့ကွဲ့ ပဋိဝေဓဆိုဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ့ကွယ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဆန္ဒာဓိပတိ ပစ္စည်းတပ်နေဒါ ဓမ္မံသရဏံဂစ္ဆာမိကွဲ့။

ဆန္ဒာဓိပတိ ပစ္စည်းတပ်သည့်အတိုင်း ပဋိပတ်ကို အား ထုတ်နေဒါက ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ပေါ့ကွယ် ပဋိပတ်ကို အားထုတ်ဘို့ နည်းနာနယဖြစ်တဲ့ ပရိယတ္တိကို သင်အံမှတ်သားနေဒါက တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ တဲ့ကွဲ့။

တနည်းအားဖြင့် သစ္စာလေးပါး ဉာဏ်ဘုရား ပဋိဝေဓ ဉာဏ်တရား ပရမတ္ထ သံဃာ တို့ကို ဒဋ္ဌိကမ္မ ဖြစ်အောင် ၃-ကြိမ်ဆိုခြင်း ပါဘဲကွဲ့။

မောင်စိန်။ ။ရဟန်းတော် များကတော့ သူတို့ကိုယ်တိုင် က သံဃာဖြစ်နေ သောကြောင့် သံဃာသရဏံ ဂစ္ဆာမိစရာမလိုတော့ဘူး မဟုတ်ပါလားဘုရား။

ဆရာ။ ။ဘယ်မလိုဘဲ နေမလဲကွဲ့ ပိဋကတ်သုံးပုံ ဆောင် ဆရာတော်ကြီးဖြစ်တဲ့ ပေါဋ္ဌိလ မထေရ်ကြီးဟာ

သခုတိသံဃာ ဖြစ်နေသေးလို့ ပရမတ္တ သံဃာ ဖြစ်တဲ့ သာမဏေကလေးကို ဂစ္ဆာမိရရှာသကွဲ။

ခေါင်စိန်။ ။ဘယ့်နှယ် ဆရာတော်ကြီးက သာမဏေ ကလေးကို ဂစ္ဆာမိရဒါလဲဘုရား သူ့ထက်ကြီးဒါ ကိုဖြစ်စေ ရွယ်တူဂုဏ်တူကိုဖြစ်စေ ဂစ္ဆာမိပါ ဘော့လား။

ဆရာ။ ။ဟဲ့ သူတော်ကောင်းဆိုဒါ မာန မရှိဘူးကွဲ့ ငါ ဘုန်းကြီး ဘယ်သူကိုဂစ္ဆာမိရမှာလဲဟု မာန်ခံရင် သူတော် ကောင်းမဟုတ်ဘူးကွဲ့ သာမာဝတီနှင့်တကွ မိဘုရား ၅၀၀ ဟာ ကျွန်မဖြစ်တဲ့ ခုဇ္ဇုတ္တရာကို ဂစ္ဆာမိကြလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတယ်မဟုတ်လား၊ ငါက မိဘုရား သင်ကကျွန် ဟု မာန်ခံနေရင် ဘယ်ကလာပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရမှာလဲ ဥပမာ စပါး ရှိတဲ့ လူတယောက် ငွေရှိတဲ့ လူ တယောက်ထားကွဲ့ အကြင်အခါ မိုးခေါင် ရေရှား ထမင်း ငတ်ကြ၏ ထိုအခါ ငွေရှင်က စပါးရှင်ကို ဂစ္ဆာမိရတယ် အကြင်အခါ စပါးဈေးတွေကကျ ငွေကရှား၏ ထိုအခါ စပါးရှင်က ငွေရှင်ထံလာပြီး ဂစ္ဆာမိရတယ် မဟုတ်လား ကွဲ့ အဲဒီလိုပေါ့။

ခေါင်စိန်။ ။ပိဋကတ်သုံးပုံဟာ တရားတွေ ဖြစ်နေသော ကြောင့် ပိဋကတ်သုံးပုံကိုတတ်ရင် တရားတွေကို မသိဘူးလားဘုရား။

ဆရာ။ ။ပိဋကတ် သုံးပုံဟာ တရား မဟုတ် သေးဘူး အပါယ်ဘုံ၄ါးပိတ်မှ တရားကွဲ့ စာတတ်ရုံနဲ့ ကိလေသာ

မသေဘူး အပါယ်တံခါး မပိတ်ဘူး ကပိလ ငါးကြီးလဲ ပိဋကတ်သုံးပုံဆောင်ဘဲ သူ့ပိဋကတ်ဟာ အပါယ်ကို မတားနိုင်တာ ကြည့်ပါလား ဘာကြောင့် ပိဋကတ်သည် အပါယ်တံခါး မပိတ်နိုင်သလဲဆိုတော့ စာသိသည် ကလေး သိ၊ သညာ သိသာရှိသေးတယ်။ ပညာသိကို ရောက်ဘို နေနေသာသာ ဝိညာဉ်သိကိုတောင် မရောက် သေးဘူး ဒါကြောင့် အရူးဘဝက အကန်းဘဝက မလွတ်ရသေး ဘူးကွဲ။

မောင်စိန်။ ။အဋ္ဌသာလိနီမှာ ခန္ဓာငါးပါး အာယတန ၁၂--ပါးဓါတ် ၁၈-ပါးတို့ကိုသိလျှင် ကလျာဏ ပုထုဇဉ်လို့ ဆိုထားတော့ ပိဋကတ်ကို တတ်ရင် ဒါဟာတွေကို သိတယ်မဟုတ်လား သိရင်အမိုက် ဘဝ အကန်းဘဝက မလွတ်ပါလားဘုရား။

ဆရာ။ ။ဒါက သညာသိကို ဆိုဒါ မဟုတ်ဘူးကွဲ ခန္ဓာ သည်၊ငါးပါးရှိပါသည် ငါးပါးဆိုဒါ ရူပက္ခန္ဓာ၊ဝေဒနက္ခန္ဓာ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာကို ဆိုပါသည် ရူပက္ခန္ဓာသည် ရုပ် ၂၈-ပါးကိုခေါ်၏ ဝေဒနက္ခန္ဓာသည် ဝေဒနာ စေတသိက်ကိုခေါ်၏ သညာက္ခန္ဓာသည် သညာ စေတသိက်ကို ခေါ်၏ဆိုတဲ့ သရုပ်နှင့် တရားကိုယ် ကလေး ကိုတော့ စကားတတ်ခါစ ကလေးကို သင်ပေးရင်လဲ ဆိုတတ်တာဘဲ တံငါမုဆိုးလုပ်ရင်း ကျက်ရင်လဲ ရဒါဘဲ ဒါကို ရဒါနှင့်တော့ သူတော်ကောင်း မဟုတ် သေးဘူး ကလျာဏ ဆိုဒါ သူတော်ကောင်းလို့ ဆိုဒါ အဲဒါတော့ ခန္ဓာ အာယတန ဓါတ် သစ္စာ တို့ကို စူဠ သောတာပန်

အခြေ ရောက် အောင် သိတဲ့ သူမှ ကလျာဏ ဆိုရမယ် အဋ္ဌသာလိနီ ဆရာလဲဒီ လိုပုဂ္ဂိုလ်ကို ရည်ရွယ်ဒါပဲ ပဋိပတ်ကို မကြိုးစားဘဲ စာတတ်ရုံ ပုဂ္ဂိုလ်တွေကို ကလျာဏ စာရင်း မသွင်းသင့်ပါဘူးကွဲ့။

မောင်စိန်။ ။စာတတ်ရုံနှင့် တရားမသိပုံကို ဥပမာလေး ပေးပါအုံးဘုရား။

ဆရာ။ ။မင်းမှာ ဘာရောဂါရှိသတုံးကွဲ့။

မောင်စိန်။ ။ဘေးနာရင်ကြပ်ရောဂါ ရှိပါတယ်ဘုရား။

ဆရာ။ ။မင်းကို ငါဆေးနည်း ပေးလိုက်မယ် ဖါးပြုတ်ထိုင်တုံး ဥကိုပါးပါးလှွာ၊ နံ့သာဖြူနီ တမတ်စီ အချောင်း အတိုင်းထည့်၍ ရေသင့်ရုံဖြင့်သုံးခွက် တခွက်တင်ကြို ဆားခပ်၍သောက်လျှင် ပျောက်သကွဲ့၊ မှတ်မိပြီလား။

မောင်စိန်။ ။မှတ်မိပါပြီဘုရား။

ဆရာ။ ။မှတ်မိရင် ဆိုစမ်း။

မောင်စိန်။ ။ဖါးပြုတ်ထိုင်တုံး ဥကို ပါးပါးလှွာ နံ့သာဖြူနီ တမတ်စီ အချောင်းအတိုင်း ထည့်၍ ရေသင့်ရုံနှင့် သုံးခွက် တခွက်တင်အောင် ကြို ဆား ခပ်၍သောက် ပျောက်၏တဲ့ဘုရား။

ဆရာ။ ။အဲဒီဆေးရည်အရသာ ဘယ်နှယ်နေသလဲ့။

မောင်စိန်။ ။ဘယ်သိမတုံးဘုရား သောက်မှ မသောက် ရသေးဘဲ။
ဆရာ။ ။မင်းရောဂါကော ပျောက်ပြီလား။
မောင်စိန်။ ။ဘယ်ပျောက်အုံးမလဲ ဘုရား ဆေးနည်းကို မမေ့အောင် တတွက်တွက် ဆိုရဒါနဲ့ ပိုတောင် နာသေးတယ်ဘုရား။
ဆရာ။ ။အဲဒီလိုပေါ့ကွဲ့ ပိဋကတ် သုံးပုံဟာ ဆေးနည်း နှင့် တူသကွဲ့ ဆေးကို မသောက်ရသေးလို့ အရသာမသိ သလို ပဋိပတ်ကို မလုပ်ရသေးလို့ ဘာတရားမှ မသိသေး ဘူး၊ ရောဂါမပျောက်တဲ့အပြင် အနာတိုးသလို ကိလေသာ ခသေးတဲ့အပြင် မာနတောင် ပိုပြီး ဝင်လာသေးရဲ့ကွဲ့။ ဒါကြောင့် အုဋ္ဌတွင်းမြို့ ကံကလေးတောရ ဆရာတော် ဆိုးခဲ့သကွဲ့။

စာမတတ်မူ အခေါက်ထူ လူထဲရှင်သဲ အသုံးမကျ။
စာတတ်ပြန်လျှင် စိတ်ကြီးဝင် လူမြင်တိုင်းက အော့ချင်ကြ။

ဒီပဲရင်း ဆရာတော်ကလဲ----
ကိုယ်မှာမတတ် စာမှာတတ် ဂါဟတ် ကိုက်တတ်သည် ဲ့ ဆိုးမခဲ့ဘယ် မောင်စိန်ရဲ့။
မောင်စိန်။ ။ဒီလိုဆိုလျှင် စာတတ် အန္ဓနှင့် စာမတတ် ကလျာဏ ၂-ပါးတို့တွင် ဘယ်ပုဂ္ဂိုလ်ကို ဂရုစာမိ ရပါမလဲဘုရား။
ဆရာ။ ။အပါယ်ဘေးမှ လွတ်ချင်လျှင်စာမတတ် ကလျာ ဏကို ဂရုစာမိကွဲ့ စာတတ်အန္ဓကို သည်းကာ

မိလ္လျှင်မာနရောဂါတွေ ကူးစက်ပြီး ဟိုသူတော်ကောင်းကို ပြစ်မှားလိုက် ဒီသူတော်ကောင်းကို ပြစ်မှားလိုက်နဲ့ အရိယူပဝါဒန္တရာယ်တွေထိုက်ပြီး အပါယ်ကဘယ်တော့မှ မတက်ရတော့ဘူး ကြပ်ကြပ်သတိထားကြကွဲ။

မောင်စိန်။ ။တပည့်တော်တို့ လူတွေ ကတော့ စာတတ်ပုဂ္ဂိုလ်မှအထင်ကြီးပြီး ဂန္ထာမိချင်ကြတယ်ဘုရား။

ဆရာ။ ။ဒါကြောင့် ဗမာပြည်မှာ အရိယာ နည်းတာပေါ့ ဖိုးသူတော်ကို ချစ်တီးထင်၍ သွီးပေးမှားသလို ဖြစ်ကုန်ကြပြီကွဲ၊ မြတ်စွာဘုရားကလဲ စာမတတ် ကလျာဏကိုသာ သာရုခေါ်တော်မူသကွဲ ဓမ္မပဒက ဝတ္ထုကလေး တပုဒ်ပြောရ အုံးမှာပေါ့၊ မြတ်စွာဘုရား ရှိစဉ်တုံးက သူငယ်ချင်း နှစ်ယောက် ရဟန်း ပြုကြသတဲ့၊ ရဟန်း ဖြစ်ပြီးလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍ လျှောက်ထား ကြဒါပေါ့၊ မြတ်စွာဘုရား သာသနာတော်မှာ အလုပ်ဘယ်နှစ်မျိုးရှိပါသလဲလို့ လျှောက်ထား သတဲ့၊ ဒီတော့ မြတ်စွာဘုရားက ဂန္ထဓူရ စာသင်ခြင်းနှင့် ဝိပဿနာဓူရ ဝိပဿနာပွားများခြင်း၊ အဲဒီ ၂-မျိုး ရှိတယ်လို့ မိန့်တော်မူသတဲ့၊ ဒါနဲ့ တပါးက စာသင်၊ တပါးကဝိပဿနာ ပွားသတဲ့၊ အတော်ကလေး ကြာတော့ စာသင်တဲ့ ကိုယ်တော်က စာတတ်၍ တပည့်ငါးရာကို စာချနေသတဲ့၊ ဝိပဿနာ ပွားတဲ့ ကိုယ်တော်ကလဲ ရဟန္တာ ဖြစ်ပြီး တပည့် ၅၀၀-ကို ကမ္မဋ္ဌာန်း ပြနေ သတဲ့ ဝါကျွတ်၍ တပည့် ကလေး တွေက မြတ်စွာဘုရားထံ၊ ကန်တော့ သွားရန် လျှောက်တဲ့ အခါ၊ အေး

ကောင်းပြီ သွားကြ၊ သွားဆိုသော်လည်း တသုတ်စီသွားကြ ကွဲ၊ ၅၀၀လုံးဆိုလျှင် ဆွမ်းပန်းခက်လိမ့်မည်၊ မြတ်စွာ ဘုရားထံရောက်လျှင် ငါ၏ ရှိခိုးခြင်းဖြင့်လည်း ရှိခိုးလိုက်ကြ ပြီးလျှင် ငါ့သူငယ်ချင်း စာချဆရာထံ သွား၍ တည်းခိုကြ လို့မှာသတဲ့ ဒါနဲ့ တပည့်တွေလဲ ဆရာ့စကားအတိုင်း တသုတ်စီ တသုတ်စီ လာ၍ မြတ်စွာ ဘုရားကို ကန်တော့ ပြီးလျှင် စာချဆရာတော်ထံ တည်းခိုကြဒါပေါ့ ဒီတော့ စာချဆရာတော်က အထင်မှားသတဲ့ ဘယ်လို မှားသလဲ ဆိုတော့ ဒီကောင်က သူ့တပည့်ပေါကြောင်း ငါ့ကိုလာ ကြွားနေပြန်ပါပြီလို့ အထင်မှားသတဲ့ အဲဒါ မာနဝင်လို့ အထင်မှားဒါ မဟုတ်လား လာပါစေအုံး သူလာမှ စာ ကလေးမေးပြီးတော့ အရှက်ခွဲလိုက်ရအုံးမယ်လို့ ပြစ်မှား ပြန်သတဲ့၊ အဲဒါ မာန ဒိဋ္ဌိ ၂-ပါးကြောင့် ပြစ်မှားဒါ မဟုတ်လား အဲ့ဒါ စာတတ် အန္တတဲ့၊ ဒါနဲ့ တပည့်တွေ ပြီး၍ ရဟန္တာ ပုဋ္ဌိလ ဘုရားထံ ဖူးမျှော်ရန် ကြွလာ သတဲ့ ကြွလာ၍ ရောက်လာတော့ သူ ငယ် ချင်း ထံ မှာ သပိတ်များကို ထားခဲ့ပြီး မြတ်စွာဘုရားထံ ဖူးမျှော်ရန် သွားသတဲ့ စာချဆရာတော်ကလဲ ပြန်လာလျှင် စာမေးရန် သူ့ဘို့ဘနေရာ မိမိဘို့ဘနေရာ ခင်းထားဒါပေါ့ ရဟန္တာ ကလဲ မြတ်စွာဘုရားကို ဖူးမျှော်ကန်တော့ပြီးလျှင် သူငယ် ချင်းထံ လာခဲ့သတဲ့ သူငယ်ချင်းကျောင်းကို ရောက်၍ သူ့ နေရာ ကိုယ့်နေရာ ထိုင်၍ နှုတ်ဆက်စကား ပြောကြစဉ် မြတ်စွာ ဘုရားက ရွှေဉာဏ်တော် စက္ခုနှင့် ရှုလိုက်တော့ စာချဆရာသည် ရဟန္တာကို ပြစ်မှား၍ ငရဲလားမည့် ဘေး ကိုမြင်တော်မူဒါနှင့် စာမမေးခင် ဘုရားရှင်က အရောက်

ကြွခဲ့သတဲ့ မြတ်စွာဘုရား ကြွခဲ့တယ်ဆိုရင်ဘဲ ၂-ဦးစလုံး နေရာမှထကြခါ ခရီးဦးကြိုဆို၍ မြတ်စွာ ဘုရားကို အရိုအသေ ပေးနေကြသတဲ့ ဒီတော့ မြတ်စွာဘုရားက စာချဆရာတော်ကို ဈာန်အကြောင်းတွေကို မေးသတဲ့ ဒေသနာအရာဖြစ်တော့ စာချဆရာတော်ကလဲ မထစ်မငေါ့ ဖြေရှာသတဲ့ ပြီးတော့ မဂ်ခန်း ဖိုလ်ခန်းကို မေးဒါပေါ့ အဲဒီတော့ ဒေသနာအရာ မဟုတ်သဖြင့် မဖြေနိုင်ဘူးတဲ့ စာချဆရာတော် မဖြေနိုင်တော့ ရဟန္တာကို မေးသတဲ့ ရဟန္တာက သူစားပြီးသား ဟင်းဖြစ်နေသောကြောင့် မြင်းကောင်းပြေးသလို တွေးမနေဘဲဖြေသတဲ့ အဲဒီတော့ မြတ်စွာဘုရားက ရဟန္တာကို သာဂု ၃-ကြိမ် ခေါ်တော်မူသတဲ့ ဒါနဲ့ စာသင်သားတွေက မြတ်စွာဘုရားဟာ မတရားဘူးလို့ ကဲ့ရဲ့ကြသတဲ့ ဒီတော့ မြတ်စွာဘုရားက ချစ်သားတို့ နွားကျောင်းသားသည် နွားနက် ဘယ်နှစ်ကောင် နွားဖြူ ဘယ်နှစ်ကောင် ချိုကုတ်ဘယ်နှစ်ကောင် ချိုထောင် ဘယ်နှစ်ကောင် ဆိုဒါတော့သိ၏ နွားနို့တော့ မသောက် ရဘူးတဲ့ နွားရှင်သည် နွားစာရင်းကိုတော့ မသိ နွားနို့တော့ ဝအောင် သောက်ရသတဲ့ အဲဒီ ၂ ဦးသို့တွင် ဘယ်သူက မြတ်သလဲလို့ မေးတော်မူသတဲ့ ဒီအခါ ရဟန်း တွေက နွားရှင်က မြတ်ပါတယ် ဘုရားဟု လျှောက်ကြသတဲ့ ဒါနဲ့ မြတ်စွာ ဘုရားက စာချဆရာက နွားကျောင်းသားနဲ့ တူသတဲ့ ခန္ဓာဘယ်နှစ်ပါး အာယတန ဘယ်နှစ်ပါး စသည်ဖြင့် သိတယ် ဒါပေမဲ့ မဂ် ဖိုလ် နိဗ္ဗာန် တည်းဟူသောချမ်းသာကိုတော့ မခံစားရ ကမ္မဋ္ဌာန်း ဆရာက နွားရှင်နဲ့ တူသတဲ့ ခန္ဓာ ဘယ်နှစ်ပါးဆိုဒါ မသိပေမဲ့ မဂ်ဖိုလ်နိဗ္ဗာန်

ဝိမုတ္တိရသကို ခံစားရတယ်လို့ မိန့်တော်မူသတဲ့ ကဲမြတ်စွာ ဘုရားကလဲ စာမတတ်တဲ့ ကလျာဏကိုသာ သာဓုခေါ်တယ်ကွဲ့။ ဗမာပြည်က လူတွေက ဂန္ထာမိဒါမလွှဲသေးဘူးလား။

မောင်စိန်။ ။ဒီလိုဆိုရင်စာသင်ရဒါ့တွေ အပိုဖြစ်နေဒါပေါ့ဘုရား။

ဆရာ။ ။ဘယ်ပိုမလဲကွဲ့ စာတတ်တဲ့ပုဂ္ဂိုလ်တွေက ကလျာဏဖြစ်လာရင် ပဋိသမ္ဘိဒါ ပတ္တပုဂ္ဂိုလ်တွေဖြစ်ပြီး ဗုဒ္ဓသာသနာကို ဝင်းထိန်နေအောင် ပြုနိုင်ဒါပေါ့ ကြည့်ပါလား မိလိန္ဒမင်းကြီးမေးဒါကို မဖြေနိုင်ဘဲ ရှောင်လွှဲနေရတဲ့ ရဟန္တာတထောင်ဟာ ပဋိသမ္ဘိဒါပတ္တမဟုတ် စာမတတ်ကလျာဏသာဖြစ်နေ၍ မိလိန္ဒမင်းကို ကျွတ်အောင် မလုပ်နိုင်ဘူး ရှင်နာဂသိန်ကျတော့ ပဋိသမ္ဘိဒါပတ္တမို့ မိလိန္ဒမင်းကြီးရဟန္တာ ဖြစ်သည်အထိ တတ်နိုင်တယ် ဘယ်လောက် ဟန်သလဲ ဗမာပြည်က စာတတ်ဂ္ဂိုလ်တွေဟာ ကလျာဏဖြစ်အောင် အားထုတ်ပြီးမှ ဘာသာခြား စကားကို သင်ခါနိုင်ငံခြားကို သာသနာပြုကြွကြလျှင် ဘယ်လောက်ကောင်းလိုက်မလဲကွယ် ကလျာဏမဖြစ်ဘဲ သာသနာပြုဘို့ မဖြစ်နိုင်ဘူး မိမိက အကန်းပါဆို၊ သူများကို လမ်းပြမယ်လို့ဘယ်သွားဟန်မလဲကွဲ့ မောင်စိန်ရဲ့ သူတပါးကို သရဏဂုံတည်အောင်ပြုမည့်သူဟာ မိမိလဲ သရဏဂုံတည်မှ ဖြစ်မယ်သရဏဂုံ တည်ဘို့ဆိုဒါ စူဠသောတာပန် အခြေရောက်မှတည်သကွဲ့ မရောက်လျှင် မိဿက သရဏဂုံမျှသာ ဖြစ်နေတတ်တယ်။

ခေါင်စိန်။ ။ဒီလိုဆိုရင် တပည့်တော်တို့၏ ဗမာပြည်မှာ သုဒ္ဒသရဏဂုံ တည်သူဟာ နည်းနည်းပါးပါးဘဲ ရှိမှာပါ ဘုရား။

ဆရာ။ ။မများပါဘူးကွယ် သာဝတ္ထိပြည်မှာ လူဦးရေ ၇-ကုဋေရှိရာ၊ ၅-ကုဋေက အရိယာ တကုဋေက သရဏဂုံ တည်သူ ကျန့်တကုဋေက, ပုထုဇဉ်တဲ့ အဲဒီလိုများ ဗမာပြည် မှာ လူ ၁၀၀-ကျော် ၇၀-ဟာ သရဏဂုံတည်သူတွေဖြစ်ကြ သျှင် လူယဉ်ကျေးတွေ ဖြစ်၍ ရုံးဂါတ်တွေ အပို ဖြစ်ပြီး ကာကွယ်ရေး ဌာနမှာသုံးတဲ့ ငွေသိန်းပေါင်း ၂၉၂၅-နှင့် ရဲအဖွဲ့မှ သုံးငွေ သိန်းပေါင်း (၁၀၆၅) ကို တောင်သူ လယ်သမားတို့အား အမတော်ကြေးတွေ ပေးလိုက် ရလျှင် ဘယ်လောက် ချမ်းသာ မလဲကွဲ့ ယခုတော့ လူတွေမယဉ် ကျေးဒါတွေ ကိုတော့ မကြည့်ကြဘူး အတိုက် အခံက အစိုးရအုပ်ချုပ်ပုံ မဟုတ်လို့ မွဲဒါပါလို့ အောက် အစိုးရက တောထဲက သူပုန်တွေ ဖျက်ဆီးလို့ ကုဋေပေါင်း ၀၀၀ ကျော်ပါပြီ ဒါကြောင့် ဗမာပြည် မကြီးပွားဒါပါလို့ ဆို သူ့အပေါ်ငါချ ငါ့အပေါ်သူချ ဖြစ်နေကြသကွဲ့ အင်္ဂလိပ် မင်း အုပ်စိုးစဉ်က နယ်တနယ်မှာ မိုယ်းခေါင်တော့ အင်္ဂလိပ် လူမျိုး ဝန်ထောက်ထံမှာ လူကြီး တချို့က မင်းမကောင်း ရင်လဲ မိုယ်းခေါင်တတ်တယ်လို့ ပြောသတဲ့ တချို့က ဘုန်း ကြီးတွေ မကောင်းလို့ ခေါင်တာလို့ ပြောသတဲ့ အချို့က လူတွေမကောင်းလို့ ခေါင်တာလို့ ပြောသတဲ့ ဒီတော့ ဝန်ထောက်က ဘယ်သူ့ကြောင့် ဆိုဒါ ဘယ့်နှယ် လုပ် ပြီး သိနိုင်မှာလဲဟု ပြောသတဲ့ ဒါနဲ့ လူကြီးတွေက မင်း အတွက် ဆန်တထုတ်၊ ဘုန်းကြီးပွေ့အတွက် ဆန်တထုတ်

လူတွေအတွက် ဆန်တထုတ်ထုပ်ပြီး ဘုရားထံမှာ မကောင်းသူ၏ဆန်ထုပ် မပွားပါစေနဲ့လို့ သစ္စာဆိုပြီး ညောင်ရေအိုးရေနှင့်ပြွတ်လျှင် မကောင်းသူ၏ အထုပ်ဟာ မပွပါဘူးလို့ ပြောသတဲ့ ဒါနဲ့ဝန်ထောက်က ဒီလိုဆိုရင်လဲ ပြွတ်ကြဒါပေါ့လို့ဆို၍ ပြွတ်ကြတော့ တထုတ်မှမပွဘူးတဲ့ကွဲ ယခုလဲ ဆန်ပြွတ်လျှင် ဒီလိုနေမှာပါဘဲ ဒါကြောင့် သူ့ကိုငါချ ငါ့ကို သူချမဖြုကြဘဲ ဘုန်းကြီးရော လူပါ အစိုးရပါမကျန် သုဒ္ဓသရဏဂုံတည်အောင် ကြိုးစားကြလျှင် ရတနာ မိုးတွေရွာ၍ ချမ်းသာမှာ ကေန်ပါဘဲလို့ဆိုချင်ပါတယ် ဒါကြောင့်မိမိကိုယ်ကိုစစ်ဆေးရမှာက ငါသည်မိမိသဏ္ဍာန်မှာသစ္စာ ၄-ပါးကိုသိတဲ့ ဥာဏ်ဘုရားကို အားကိုးသူ ဟုတ်ရဲ့လား ငါသည် ပဋိဝေဓဉာဏ်တရားကို အားကိုးသူဟုတ်ရဲ့လား ငါသည် ပရမတ္ထသံဃာကို အားကိုးသူ ဟုတ်ရဲ့လား သမုတိသံဃာကိုလဲ အရိုအသေပေးသူ ဟုတ်ရဲ့လားဆိုဒါ စစ်ဆေးရမယ် သူများကို မစစ်ဆေးပါနှင့် မိမိကိုယ်ကိုသာ စစ်ဆေးပါ အဲဒီလိုစစ်ဆေး၍ သုဒ္ဓသရဏဂုံတည်မှငါတော့ဗုဒ္ဓဘာသာဘဲလို့ ဝန်ခံပါ၊ သုဒ္ဓသရဏဂုံမဖြစ်သေးလျှင် ဖြစ်ရအောင် သပ္ပုရိသကို ရှာပါ မယားရယ် လင်ရယ် စီးပွားရေးရယ် ငွေတွေကို နောက်မှရှာပါ အရေးမကြီးဘူး ပေါပါတယ် သရဏဂုံ အစစ်မတည်ဘဲ သေသွားလျှင် လူဖြစ်ရှုံးသွားမယ် ဗုဒ္ဓုပ္ပါဒနဝမ အခါကြီးနဲ့ ကြုံရပါလျက် သရဏဂုံအစစ်ကို လွဲလျှင် ဝေပုလ္လတောင်ကို လွှဲတာထက် အဆပေါင်း များစွာ နစ်နာမည်။

**သံဃာသရဏံ ဂန္တဝါမိ စစ်တမ်းပြီး၏။**

# ဝဋ္ဋ ဝိဝဋ္ဋ ကုသိုလ်

မောင်စိန်။ ။သရဏာဂုံကတော့ မိဿက သရဏာဂုံ မှ သုဒ္ဓ သရဏာဂုံ ဖြစ်အောင် ခွဲပြ၍ သိရပါပြီ ဝဋ္ဋ ကုသိုလ်နှင့် ဝိဝဋ္ဋကုသိုလ်ကို သိလိုပါသေးတယ် ဘုရား။

ဆရာ။ ။လောကီ ကုသိုလ် ၁၇-ပါးသည် ဝဋ္ဋ ကုသိုလ် လောကုတ္တရာကုသိုလ် ၄-ပါးသည် ဝိဝဋ္ဋကုသိုလ် မည်၏ သို့သော်လဲ အရိယာများ၏ လောကီ ကုသိုလ်ကတော့ ဝိဝဋ္ဋကုသိုလ်ဖြစ်သွားပြီကွဲ။

မောင်စိန်။ ။ဆရာတော်ကြီးတွေ ဟောဒါကို ကြားဘူးဒါ ကတော့နိဗ္ဗာန်ကိုအာရုံပြု၍ လုပ်သောကုသိုလ်သည် ဝိဝဋ္ဋကုသိုလ်ဖြစ်တယ်ဟု ကြားဘူးပါသည်ဘုရား။

ဆရာ။ ။ဟုတ်ပါတယ်ကွဲ့ နိဗ္ဗာန်ကို အာရုံပြုတယ် ဆိုဒါ သောတာပန်ဖြစ်မှ ပြုနိုင်ဒါ ပုထုဇဉ်ဟာနိဗ္ဗာန်ကို မမြင်ဘူးဘူး ဒါကြောင့် ဘုရားက ပုထုဇနော အန္ဓောလို့ ဟောဒါပေါ့ မင်းကို ငါ ဥပမာတခု ပေးအုံးမယ် မင်း အဂ္ဂလန်ပြည်ကို ရောက်ဘူး သလား။

မောင်စိန်။ ။မရောက်ဘူးပါဘုရား။

ဆရာ။ ။ခရောက်ဘူးရင် လန်ဒန် မြို့တော် ဒေါင်းနင်း လမ်းကို မှန်းစမ်းကြွယ် တူအောင် မှန်းနိုင်ပါ့ မလား။

မောင်စိန်။ ၊တူအောင်မမှန်းနိုင်ပါဘုရား။

ဆရာ။ ။မင်းတကမ္ဘာပတ်လုံးမှန်းကွဲ မတူစေဘူး ဒီလိုဘဲ ပုထုဇဉ်ဆိုဒါ နိဗ္ဗာန်ကိုမှ မမြင်ဘူးဒါ ဘယ်ကလာပြီးနိဗ္ဗာန် ကို အာရုံ ပြုတတ်မှာလဲ၊ ပုထုဇဉ်တွေ ထင်တဲ့ နိဗ္ဗာန်ဟာ ကောင်းကင်ကြီးလိုဟာလား ဟင်းလင်း ကြီးလို့ ထင်ကြ တယ် ဒီဟာ ဘာ့မှမရှိတဲ့အဘာဝပညတ် အာကာသဓါတ် ကိုအာရုံပြုပြီး ဆုတောင်းလျှင် ကြယ်တလုံးတိုးရုံ ရှိမှာပေါ့ ဒါကြောင့် နက္ခတ်ဆရာကြီးတွေ မှန်ပြောင်းကြီးနဲ့ ကြည့် တဲ့အခါ ဘယ်နားမှာ ကြယ်သစ် တလုံး တွေ့ပြန် ပါပြီ ဘယ်နေရာက ကြယ်ဟာ ပျောက်သွားပြီ ယခုဘယ်နက္ခတ် မှာ ကြယ်ဘယ်နှစ်လုံးသာ ရှိတော့တယ် စသည်ဖြင့် ပြောကြ ဒါပေါ့။

မောင်စိန်။ ။လူမင်းစည်းစိမ် နတ်မင်းစည်းစိမ်ကို တောင့် တပြီး လှူဒါမှ ဝဋ္ဋ ကုသိုလ် မ ဟုတ် ပါ လား ဘုရား။

ဆရာ။ ။လူမင်းစည်းစိမ် နတ်မင်း စည်းစိမ်ကို တောင့်တ ဒါလဲ တဏှာမဟုတ်လားကွဲ့ စင်စစ်မှာ တဏှာ မာနဒိဋ္ဌိခြံရံဒါ ဝဋ္ဋပေါ့ ပုထုဇဉ်ဆိုဒါဒါအစွဲက မပြတ်တော့ ဒါန ပေးရင်လဲ ငါဒါန ပေးရပြီလို့ ငါဆိုတဲ့ဒိဋ္ဌိ မပါလား။

မောင်စိန်။ ။ပါ,ပါတယ် ဘုရား။

ဆရာ။ ငါ့ဒါနလို့ကော မသာယာလား။

မောင်စိန်။ ။သာယာပါတယ်ဘုရား။

ဆရာ။ ။ငါသာဒါနပြုနိုင်တယ် သူများတွေ ငါလိုမပြုနိုင်ဘူးဟု မာနကော မပါလား။

မောင်စိန်။ ။ပါ,ပါတယ်ဘုရား

ဆရာ။ ။သီလစောင့်တဲ့အခါလဲ ငါသီလ စောင့်တယ် လို့ ငါမပါလား။

မောင်စိန်။ ။ပါ,ပါတယ်ဘုရား။

ဆရာ။ ။ငါသီလလို့ မသာယာလား။

မောင်စိန်။ ။သာယာပါတယ် ဘုရား။

ဆရာ။ ။ငါ့မှာသာသီလရှိတယ်၊ သူများတွေ သီလ မရှိဘူးလို့ကော မာနမပါလား။

မောင်စိန်။ ။ပါ,ပါတယ်ဘုရား။

ဆရာ။ ။အဲဒီလို တဏှာမာနဒိဋ္ဌိခြံရံတဲ့ ကုသိုလ်ကို ဝဋ္ဋကုသိုလ်ဟုခေါ်တယ်။

မောင်စိန်။ ။ဒီလိုဆိုလျှင် တဏှာမာန ဒိဋ္ဌိမဖြစ်ရအောင် ဘာကုသိုလ်ဘဲ လုပ်လုပ် ပြုကာ မတ္တကလေးပြုပြီး

ဘာမှ မအောင့်မေ့ဘဲထားရင်ကော ဝဋ္ဋဖြစ်အုံး မှာလားဘုရား။

ဆရာ။ ။အဲဒါမှ စာဂါ နုဿတိ သီလာ နုဿတိလဲမရှိ ပရစေတနာလဲမရှိသဖြင့် သံသရာထဲမှာ ဆင်းဆင်း ရဲရဲနှင့် နေရလိမ့်အုံးမယ် သစ္စာလေးပါးကို မသိလျှင် တဏှာ မာန ဒိဋ္ဌိဟာ အမြဲတန်း အနုသယအားဖြင့် ရှိနေဒါကွဲ့ ဘယ် လိုရှောင်လို့မှ မလွတ်ဘူး ဒါကြောင့် အဝိဇ္ဇာ ပစ္စယာ သစ္စာ ၄-ပါးကို မသိခြင်း ဟူသော အကြောင်းကြောင့် သင်္ခါရာ ပြုသမျှကုသိုလ် အကုသိုလ်တို့ သင်္ခါရဖြစ်ကြရကုန် ၏တဲ့ အောက်သံသရာနှင့် အထက်သံသရာလည်ပုံကို ပြော အုံးမကွဲ့ ပုထုဇဉ်၏ သန္တာန်မှာ အဝိဇ္ဇာ တဏှာ ဒိဋ္ဌိတို့ အနုသယအားဖြင့် အမြဲတန်း ရှိနေကြဒါဖြစ်ခတော့ အကြင် အခါအကုသိုလ်ပြုမိပါရော့ ထိုအခါဒိဋ္ဌိက ငါလုပ်တာဘွလို့ ငါမိုယ်းရွာသကွဲ့ အဝိဇ္ဇာက သစ္စာလေးပါးမသိအောင် ဖုံးငြိုး မြေဋ္ဌေ့ ဟတ်သကွဲ့ အဲဒီလို အဝိဇ္ဇာဒိဋ္ဌိ၏ အငွေ့အသက် ဟဘ်မိတယ်ဆိုရင်ဘဲ အကုသိုလ် မျိုးစေ့ က လေး ဟာ သင်္ခါရဖြစ်ပြီး အပါယ်ပဋိသန္ဓေကို ဖြစ်စေသကွဲ့ အပါယ် ပဋိသန္ဓေဖြစ်တယ် ဆိုလျှင် အပါယ်နာမ်ရုပ် သဠာယတန ဿဝေဒနာ တဏှာတွေ ဖြစ်ပြီးဘော့ အောက်သံသရာ လည်ပါရော့ကွဲ့ အကြင်အခါ ကုသိုလ်ကိုလုပ်ရော့ ထိုအခါ ဘဏှာမိုယ်းက ငါ့ကုသိုလ်ကလေးဟု တဏှာမိုယ်းရွာပါရော့ အဝိဇ္ဇာက သစ္စာလေးပါးကို ဖုံးဘွယ်ပြီး မြေဋ္ဌေ့ ဟတ်ပါ ရော့ကွဲ့ အဲဒီလို အဝိဇ္ဇာ တဏှာတို့၏ အထောက်အပံ့ကို ရတယ်ဆိုလျှင် ကုသိုလ်သည် သင်္ခါရဖြစ်ပြီး သုဂတိပဋိသန္ဓေ ဉာဉ်ဖြစ်တော့ဒါပေါ့ သုဂတိ ပဋိသန္ဓေ ဝိညာဉ်ဖြစ်တယ်

ဆိုလျှင် သုဂတိ နာမ်ရုပ် သဠာယတန ဖဿဝေဒနာ တဏှာ တွေဖြစ်ပြီး အထက် သံသရာ လည်ပါရောကွဲ့ ဒါကြောင့် အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ လက်ရှိနှင့် ကံ ၂၉-ပါးကိုလုပ်ချင် သလိုလုပ် သင်္ခါရ အဖြစ်ရ မလွတ်ဘူးကွဲ့ သင်္ခါရဖြစ်လျှင် သံသရာ လည်အုံးမယ် သံသရာလည်ရင် ဝဋ္ဋကုသိုလ်ဘဲကွဲ့။

ခမောင်စိန်။ ။ဘယ်လိုမှဝိဝဋ္ဋကုသိုလ်ဖြစ်မှာလဲဘုရား။

ဆရာ။ ။ခန္ဓာကြီးကို ငြီးငွေ့သော ဉာဏ်ဖြင့် သံသရာမှ ထွက်လို၍ပြုသော ကုသိုလ်မှ ဝိဝဋ္ဋကုသိုလ် ဖြစ်တယ်ကွဲ့။

ခမောင်စိန်။ ။ဒီလိုဆိုရင် ပုထုဇဉ်အဖြစ်နှင့် ဝိဝဋ္ဋကုသိုလ် ဖြစ်ဘို့ခဲယဉ်းလှချည်လားဘုရား။

ဆရာ။ ။ခဲယဉ်းလွန်းလို့ အရေးတကာ အရေး တို့တွင် သောတာပန် တည်ဘို့ အရေး အကြီး ဆုံးလို့ ဟောတော်မူတာပေါ့ကွဲ့ ဟောပုံက ။

သတ္တဝိယာဝိယဩမဋ္ဌော ဒယှမာနေဝ မတ္ထကေ
သက္ကာယဒိဋ္ဌိ ပဟာနာယ သတောဘိက္ခု ပရိဗ္ဗဇေ ။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေး ကြောက်ငြား အိုချစ်သားဘို့ သတော အစီရဝတိ မဟာ ဂင်္ဂါ ယမုနာဥ္ စုကာသဲဘူ ပွင့်တော်မူသည့် ဆူဆူ သိန်း သောင်း ဘုရားပေါင်းတို့ ပွင့်ညောင်း ကာလ ခါသမယ လည်း လေးပါးသစ္စာ တရားသာလျှင် ပဓါနစစ် ဧကန်

ဖြစ်ဟု သနစ်ပိုင်ပိုင် သိစွမ်းနိုင်သော ဘိက္ခု၊ လေးဖြာ ဘောကြီး ပိတ်ကာဆီး၍ ခရီးဝေးကွာ သံသရာ၌ ခန္ဓာ နာမ်ရုပ် တမှုဟုတ်တွင် ဖြစ်ချုပ် ကြိမ်ဖန် အာတန်တန်ကို ကေန်ရိပ်မိ သတိနှင့် ပြည့်စုံသော လူပညာရှိ ရဟန်းပညာ ရှိသည်။ သတ္တိယာ၊ အသွား ထက်မြက် လှံလက်နက်ဖြင့် ဩမဋ္ဌောဝိယစ၊ မြင်သူခပဲ မရှုရဲအောင် ရင်ဝကို လှံစူး နေသော သူကဲ့သို့ငှင်း။ မတ္တကေ၊ ကိုယ်ဒြပ်တွင် အမြတ် ပင်ဟု လူရှင်မှတ်ကြောင်း ဦးထိပ်ခေါင်း၌ ဍယှမာနောဝ မြင်သူဟူးဟူး မီးရှိန်းမုံးမျှ ဦးခေါင်း တခုလုံးကို မီးလောင် ခံနေရသော သူကဲ့သို့ငှင်း။ သက္ကာယဒိဋ္ဌိ၊ သူငါမဟုတ် သည့် နာမ်ရုပ် နှစ်ဖြာ ငါးခန္ဓာကို သူဘဲငါဘဲအထင်လွဲသည့် သက္ကာယဒိဋ္ဌိ တည်းဟူသော အပါယ်ဗီဇ ထိုလှံမကြီးကို ပဟာနာယ၊ ဝေါတမမြတ်စွာ သာသနာ၌ မကြာချက်ခြင်း လက်ငင်းမကွာ ပယ်သတ်ခြင်းငှါ ပရိဗ္ဗဇေ ဝိပဿနာ ဉာဏ်ပညာဖြင့် ဘာဝနာအရေး မရှာ သေးဘဲ အိုဘေး နာဘေး အသေဘေးနှင့် အပါယ်ဘေး လွတ်ရာ အရေး သာလျှင် ဦးစွာမူလ ပဓါနဟု ကျုနုသေကွေ အားထုတ် သင့်လှပေတော့သတည်း။

အဓိပ္ပါယ်ကတော့ ရင်ဝကိုလှံစူးသောသူသည် စူးသော လှံကို နှုတ်ဘို့ သာလျှင် အရေး အကြီးဆုံး ဖြစ်သလို ဦးခေါင်းကို မီးလောင်သောသူသည် ယင်းမီးကို ငြိမ်းသတ် ဘို့သာလျှင် အရေးကြီးဆုံး ဖြစ်သလို ထို့အတူ ပုထုဇဉ် သတ္တဝါဟာလဲ လင်ရေး သားရေး စီးပွားရေးထက် သော တာပန် တည်ဘို့သာ အရေးကြီးဆုံး ဖြစ်တယ် တဲ့ကွ ဘာကြောင့်လဲဆိုတော့ သောတာပန် မဖြစ်ခင် လင်ယူလျှင်

ငှင်းလင်သည် အပါယ်ကို ချနိုင်သောကြောင့် ရန်သူမည်၏ သားမွေးလျှင်လဲ ငှင်းသားက အပါယ်ချ နိုင်သောကြောင့် ရန်သူမည်၏။ ရွှေငွေ ရှာရင်လဲ ငှင်းရွှေ ငွေက အပါယ်ချ နိုင် သောကြောင့် ရန်သူမည်၏။ ကုသိုလ် လုပ်ရ သော်လဲ ဝဋ္ဋမျှသာ ဖြစ်နေသောကြောင့် အပါယ်ဘေးကို စိတ်မချရ။ သေးငယ်လှစွာသော အကုသိုလ် ကလေးကလဲ အပါယ်ကို ချနိုင် သကွဲ၊ မြတ်စွာ ဘုရား လက်ထက်က တိဿ ဆိုတဲ့ ရဟန်းတပါး ရှိသတဲ့ သီလဝိသုဒ္ဓိဖြစ်၍ အာပတ် အလွန် စင်ကြယ်တယ်၊ တနေ့သောအခါ သူ့နှစ်မက သင်္ကန်းတစုံ လှူသတဲ့ သင်္ကန်းရပြီး မကြာခင် လေနာ ရောဂါကြောင့် သေဆုံး သွားရော့ကွဲ သေသောအခါ မဝတ်ရ သေးတဲ့ သင်္ကန်းကို စွဲပြီး သေဒါနဲ့ သင်္ကန်းအကြားမှာ သန်းဖြစ် ရသတဲ့ ဒါနဲ့ သေသူ၏ ပစ္စည်းဟာ သံဃိက ဖြစ်သော ကြောင့် သင်္ကန်း ဝေဘို့ရာ ရဟန်းတွေ စည်းဝေးကြသတဲ့ ဒီတော့ သန်းက အမယ်လေး ငါ့သင်္ကန်းကို မယူကြပါနှင့် လို့ အော်သတဲ့ ဒီသန်းအော်သံကို မြတ်စွာဘုရားက ဒိဗ္ဗ သောတ နားဖြင့် ကြားဒါနဲ့ ချစ်သားတို့ ၇-ရက် ကြာမှ သင်္ကန်းကို ဝေကြလို့ မိန့်တော်မူသတဲ့ ကဲကြည့်ပါလား မိမိသင်္ကန်းကို တွယ်တာတဲ့ လောဘကလေးဟာ အာပတ် သင့်ဒါလဲ မဟုတ်ပါဘဲနဲ့ ဒိဋ္ဌိရှိနေသည့်အတွက် သန်ါရ ဖြစ်ပြီး အပါယ် ကျရတယ် သီလ ဝိသုဒ္ဓိကြီးကလဲ မကယ် နိုင်ဘူး၊ ပြီးတော့ သိရိဓမ္မာ သောကမင်းကို ကြည့်အုံး ဒါန အရာမှာ ပြိုင်ဘက်မရှိ၊ အလှူခံတွေကလဲ ရဟန္တာ တွေ ဘယ်လောက် ကြီးကျယ်တဲ့ ကုသိုလ်လဲ ဒီလောက်ကြီး ကျယ်တဲ့ ကုသိုလ်တွေဟာ သေခါနီး စိတ်ဆိုးသော ဒေါ

မနဿ အကုသိုလ်ကလေးကို အရှုံးပေးရတယ် ဒီနေရာမှာ ကုသိုလ်ကို အပြစ်တင်နေစရာမဟုတ် ဒိဋ္ဌိကသူတို့အကုသိုလ် အချင်းချင်း ကိုသာ ထောက်ပန့် သောကြောင့် ကုသိုလ်တွေက ရှုံးပြီ အကုသိုလ်ကလေး တွေက နိုင်နေ ရတယ် ပုထုဇဉ်ဘဝမှာ ဒိဋ္ဌိသည် ဝန်ကြီးချုပ် ဖြစ်နေသည့်အတွက် အကုသိုလ် ကလေးတွေက ကုသိုလ်ကြီးတွေကို နိုင်နေကြတယ် ဒါကြောင့် ဒေးရေးတကာတို့တွင် ဒိဋ္ဌိသော့ အရေးအကြီးဆုံးလို့ ဆိုတော်မူဒါပေါ့ ယခုပြောခဲ့ဒါက ဒိဋ္ဌိရှိလို့ နစ်နာရပုံကွဲ ဒိဋ္ဌိမရှိလို့ ချမ်းသာပုံကို ပြောအုံးမယ် သောတာပန် တည်ပြီးသော ဝိသာခါ အနာထပိဏ် တို့ကြတော့ သားတွေ သမီးတွေ ပစ္စည်းတွေကို တွယ်တာတဲ့ တဏှာတွေ သားသမီးအတွက် ဖြစ်ရသော ဒေါမနဿတွေ သောကတွေ ရှိရက်နဲ့တောင် အဲဒီ တဏှာတွေ သောကတွေဟာအပါယ်ကို မချနိုင်ဘဲ သား, သမီး, ပစ္စည်း, မယားလင်, အားလုံးဟာ မိတ်ဆွေတွေ ဖြစ်ကုန်တယ်ကွဲ၊ ဘယ်လောက်ဟန်ရသလဲ။

မောင်စိန်။ ။သောတာပန်သည် လောဘ၊ ဒေါသ၊ မာန ရှိပါရက်နှင့် ၎င်းတို့က အပါယ်မချနိုင်ပုံကိုအမိန့်ရှိပါအုံးဘုရား။

ဆရာ။ ။မျိုးစေ့တွေကို မြေ ရေ နှစ်ပါးနှင့် မတွေ့စေဘဲ အဝတ်နှင့်ထုပ်ပြီး ကြပ်ခိုးစင်မှာ ဆွဲထားရင်အပင် ပေါက်ပါမလား။

မောင်စိန်။ ။မပေါက်ပါဘုရား။

ဆရာ။ ။ဒီလိုပေါ့သစ္စာ၄-ပါးကို ဖုံးကွယ်တဲ့ အဝိဇ္ဇာမြေဒိဋ္ဌိရေတို့မရှိတော့ တသံသရာလုံးက မိုက်ခဲ့သောအကုသိုလ်မျိုးစေ့တွေဟာ အားမရှိတော့ဘဲ သန္ဓိရအဖြစ်မှ လွတ်ကြရော့ကွဲ၊ သန္ဓိရမဖြစ်တော့ အပါယ် 'ပဋိသန္ဓေ ဝိညာဉ်မဖြစ်တော့ဘူး၊ ပဋိသန္ဓေမဖြစ်ရင် အပါယ် နာမ် ရုပ် သဠာယတန ဖဿ 'ဝေဒနာတွေ မဖြစ်တော့ဘဲ အောက်သံသရာလောကသုံးပါးက လွတ်ရော့ သောတာပန် တည်ပြီးနောက်ကျန်ရှိနေသေးတဲ့ လောဘ ဒေါသတို့လဲ့ အဝိဇ္ဇာ ဒိဋ္ဌိတို့၏အထောက် အပံ့ကို မရသောကြောင့် အားမရှိ တော့ဘဲ အပါယဂမနိယ မဖြစ်နိုင်တော့ဘူးကွဲ့ ဒါကြောင့် ရဟန်းတွေက မြတ်စွာဘုရားအား လျှောက်ထားကြတယ် လျှောက်ထားပုံက မြတ်စွာဘုရား ကုက္ကုဋ မုဆိုး ကတော်သည်လင်၏ မိစ္ဆာဇီဝ လုပ်ငန်းတွေမှာ အကူအညီပြုပါလျက်သားနှင့် ဘာကြောင့်သူသည် အပါယ်မကျဒါပါလဲလို့ လျှောက်သတဲ့ ဒါနှင့် မြတ်စွာ ဘုရားက အောက်ပါအတိုင်း ဖြေသကွဲ့။

**ပါဏိမှိစေဝဏောနာဿ ဟရေယျပါဏိနာဝိသံ**
**နာဗ္ဗဏံဝိသမန္ဝေတိ နတ္ထိပါပံ အကုဗ္ဗတော။**

ပါဏိမှိ၊ အရာရာမှာ သူမပါလျှင် မဖြစ်သည့် အသုံးဝင်ပြား လက်ဖဝါး၌။ ဝဏော ဆင်းရဲလှစွာ ယင်းအနာသည်စေနသ အကယ်၍များ မရှိပြားအံ့ ပါဏိနာ အသုံးတဝင် လက်ဝါးပြင်ဖြင့် ဝိသံ လတ်ဘလော ချက်ခြင်းလက်ငင်းခကွာ သေစေနိုင်ပြား အဆိပ်များကို ဟရေယျ မကြောက်မရွံ့နောက်မတွန့်ဘဲ ကမ်းကြောက်ဝမ်းသာ ကိုင်

နိုင်ရာ၏ ဝိသံ လောလော လတ်လတ် သေစေ တတ်သည် ကြောက်ဘွယ် လန့်ထိပ် ထိုအဆိပ်သည် အဗ္ဗဏံ အနာကင်းစင်သည့် လက်ဝါးပြင်ကို နအန္ဝေဘိ အနည်းငယ်လေးပင် ဒုက္ခမပေးနိုင်ချေ၊ ဧဝံ တထာ ထိုနည်းမခြား အလားတူစွာ ဥပမာ အတိုင်း သာလျှင် အကုဗ္ဗတော သတ္တဝါကိုသေစေလိုသော စေတနာမရှိသောသူအား ပါပံ ယုတ်မာညစ်ညူး မကောင်းမှုသည်။ နတ္ထိ၊ မုချ ပုံသေ မရှိ တော့လေပြီတကား။

အဓိပ္ပါယ်ကတော့ လက်ဝါးမှာအနာမရှိလျှင် အဆိပ်ကို ကိုင်ပေမဲ့ လူကို ဒုက္ခမပေးဘူးတဲ့ ထိုအတူဘဲ သောတာပန်တို့သဏ္ဍာန်မှာ ကျန်ရှိနေသေးသည့် အကုသိုလ် ၇-ပါးသည် ဒိဋ္ဌိဝိစိကိစ္ဆာ ၂-ပါး၏ အထောက်အပံ့ကို မရသောကြောင့် အားမရှိ တော့ဘဲ အပါယ ဂမနိယ စေတနာ မပါသည့်အတွက် အပါယ်ကို မချနိုင်တော့ချေ အပါယ်ဒုက္ခတွေ အမြဲအေးနေသည့် သန္တိသုခကြီးကို အမြဲတန်းရပြီး နေသဖြင့် ဘယ်အချိန်မဆို ဖလသမာပတ်ကို ဝင်စားနိုင်တယ်ကွဲ့ ဒါကြောင့် စတူဟိ လေးပါးကုန်သော ဣရိယာပထေဟိ ဣရိယာပုတ်တို့ဖြင့် ဖလသမာပတ္တိ ဖလသမာကို သမာပဇ္ဇန္တိ ဝင်စား နိုင်ကြကုန်၏လို့ ဆိုဒါပေါ့ ဖိုလ်ဝင်စားတယ်ဆိုဒါ မိမိရရှိထားတဲ့ နိဗ္ဗာန်ကို အာရုံပြုပြီး ဖိုလ်ဇောမပြတ် ဖြစ်နေဒါကို ခေါ်တယ် တစုံတရာကို တွေးရင်း သွားနိုင် ရပ်နိုင် ထိုင်နိုင် လျောင်းနိုင် သလိုပေါ့ ဘေးလူက ဖိုလ်ဝင်စားဒါကို မသိနိုင်ပါဘူး၊ ဗိမ္ဗိသာရ မင်းကြီးဝတ္ထုကို ကြည့်ပါလား။

သားတော် အဇာတသတ်က ဗိမ္ဗိသာရမင်းကြီးကို အစာငတ် ရေငတ် ထားတော့ မစားရမည့်အတူတူ ဖိုလ်ဝင်စားပြီး နေပါတော့မည်ဟု စိတ်ကူး၍ ဖိုလ်ဝင်စားရင်း စင်္ကြံသွားနေသတဲ့ ဒါနဲ့ ၇-ရက်စေ့၍ သားတော် အဇာတသတ်က လာကြည့်တော့ စားရတုံးကထက် ဝနေဒါမြင်သဖြင့် အမတ်ကြီးများကို မေးသတဲ့ ငါ၏အဘသည် စားရတုံးကထက် ပိုပြီးဝ၍ နေတယ် ဒါဘာဖြစ်လို့ ဝရဒါလဲဟုမေးသတဲ့ ဒီတော့ ဆိုင်ရာအမတ်များက သံတော်ဦးတင်ဒါပေါ့ မှန်လှပါ ခမည်းတော်သည် စင်္ကြံသွားဒါနှင့် အရိယာပုတ် မျှတပြီး ဝနေဒါပါ ဘုရားလို့ သံတော်ဦးတင်ကြသတဲ့ ဒီတော့သားတော် အဇာတသတ်က ဒီလိုကိုလျှောက် မသွားနိုင်အောင် ခြေဖဝါးကို ဒါးနှင့်ခွဲပြီး ဆားသိတ်၍ ရှားမီးခဲမှာ ကင်စေလို့ အမိန့်ပေးဒါပေါ့ အဲဒါဘာသားတို့လဲ မသွေမတိမ်း အမိန့်အတိုင်း ပြုလုပ်ကြ၍ ဗိမ္ဗိသာရမင်းကြီး ကံတော် ကုန်ရတယ်မဟုတ်လား ဒီနေရာမှာ စဉ်းစားကြကွဲ့ ဖိုလ်ဝင်စားရင်း လမ်းသွားဒါနဲ့ ဖိုလ်မဝင်ဘဲ လမ်းသွားဒါ မတူးလို့သာ အမတ်များသည် ဖိုလ်ဝင်စားမှန်းမသိ၍ ဒီလိုသံတော်ဦးတင်ဒါပေါ့။

မောင်စိန်။ ။ဘချို့ကလဲ အရိယာ ပထမ္ဗိသန္ဒာမေန္တုံ ပုဒ်ကို တောင့်တင်းခိုင်မာရမယ်ဟု ယူဆပြီး အခုသကောင်ကြီးတွေလို တောင့်တောင့်ကြီး ဖြစ်နေဒါ ဘာသဘောလဲ ဘုရား။

ဘုရား။ ။ဒါကတော့ အချင်း ဒေနကာဘိဝါသ၏ အဖြေပြ သင်္ဂြိုဟ် ရှင်ပိုင်းမှာ ကြည့်ရင်ဘဲ အဖြေရနိုင်ပါ

တယ်ကွယ် ငါတို့ ဖြေနေစရာမလိုပါဘူး၊ စဉ်းလဲ့ စဉ်းစားကွဲ၊ သာဝတ္ထိပြည်မှာ လူဦးရေ ၇-ကုဋေ အနက် ၅-ကုဋေသည် အရိယာတွေကွဲ အဲဒီ-၅ ကုဋေဟာ သူ့ဖိုလ် ငါ့ဖိုလ် ဝင်စားကြဒါချည်းဘဲ မင်းပြော သလိုသာ ဆိုရင် သင်္ကြိုင်းကြီးလို ဖြစ်နေမှာပေါ့။

မောင်ဝိန်း။ ။သုတ်မဟာဝါ ပါဠိတော်မှာ မြတ်စွာဘုရား ဖိုလ်ဝင်စားဒါ မိုးကြိုးပစ်တာတောင် မကြား ဘူးလို့ဆိုပါတယ် အရှင်ဘုရား အမိန့်ရှိသလိုသာ ဆိုရင် ကြားစရာကောင်းပါတယ် ဘုရား

ဆရာ။ ။ဈာန်ရ ပုဂ္ဂိုလ်၏ ဖလ သမာပတ်နှင့် ဈာန်မရ ပုဂ္ဂိုလ်၏ ဖလသမာပတ်သည် တရားကိုယ်ချင်း တူပေမဲ့ အားချင်းမတူကြဘူးကွဲ၊ မြတ်စွာဘုရား တို့ ဖိုလ်ဝင်စားသော အခါ ဖိုလ်ဇောမှာ ယှဉ်တဲ့ သမာဓိသည် ဈာန် အဘိညာဉ်မှာ ယှဉ်သော သမာဓိအားလောက် ကောင်းသကွဲ၊ ဒါကြောင့် မိုးကြိုးသံကို မကြားဘူး ဆိုဒါ သမာဓိအား အစွမ်းကြောင့် ဖြစ်ဘယ်ဟု မှတ်ကွဲ၊ ဈာန်မရ သော အရိယာတို့မှာ သမာဓိအား ပျော့ကြတယ် သို့အတွက် ဘုရားနှင့် မနှိုင်းယှဉ်နဲ့ကွဲ။

မောင်ဝိန်း။ ။ယခုလို အသေကောင်ကြီးလို တောင့်တောင့် ကြီးဖြစ်တာ ဖလသမာပတ် မဟုတ်လျှင် နိရောဓ သမာပတ် မဟုတ်လားဘုရား။

။နိရောဓ သမာပတ် ဆိုဒါ ဈာန် ၈-ပါး စလုံးကို ရသော အနာဂါမ် ရဟန္တာမှ ဝင်စား နိုင်တယ်

ဈာန်ရအနာဂါမ် ရဟန္တာဆိုလျှင်တော့ ဟုတ်ပါတယ် ဈာန်မရဆိုလျှင် မဟုတ်ဘူးကွဲ့။

မောင်စိန်။ ။တချို့ကလဲ အနာဂါမ်သည် ကာမ တဏှာကုန်တယ်ဆိုဒါ သုတ်သွေးကုန်မှုဟု ယူဆပြီးဘယ် ကိုယ်တော်က သုတ်သွေးသွန်ဒါ ထွေးခံနှင့်တလုံး ရပါပြီ စသည်ဖြင့် ဂုဏ်ထုတ်နေကြပါတယ် ဟုတ်ပါသလားဘုရား။

ဆရာ။ ။ဒီလိုသာဆိုလျှင် တတိယမဂ်သည် လူတောထဲမတည်ရဲအောင် ဖြစ်နေမှာပေါ့ ဘုရားလက်ထက်က တရားနာရင် အနာဂါမ် တည်သူလဲရှိဒါဘဲ အနာဂါမိ မဂ်သည် သုတ်သွန်တဲ့ မဂ်ဆိုလျှင် ပုဆိုးတွေ ထမိတွေ စိုရွှဲပြီး အကွက်ကြီးတွေဖြစ်၍ ဌမကျ ပေဘူးလား သုတ်ဆိုဒါ ရုပ်တရားကွဲ ကိလေသာ မဟုတ်ဘူး ကိလေသာက နာမ်တရားချုပ်သည် ကိလေသာ မဟုတ်သောကြောင့် အပ္ပဟာတဗ္ဗ မပယ်အပ်သော တရားဟု သင်္ဂဟ အဋ္ဌကထာက ဆိုသကွဲ့ အတွင်းက ကာမတဏှာကုန်လျှင် သူလဲခမ်းချောက်သွားဒါဘဲ အပြင်သို့ ထွက်ကုန်ဒါမဟုတ်ပါဘူး ဒါကြောင့်ဘယ်လိုပုဂ္ဂိုလ်ကဘဲ ပြောပြော အကြောင်းအကျိုးကို ဆက်စပ်ပြီး မစဉ်းစားဘဲ မယုံကြနှင့်လို့ ကာလာမသုတ်ကိုဟောဒါပေါ့

မောင်စိန်။ ။တချို့ကလဲ တရားအားထုတ်တာနှင့် ရူးကြပါတယ် ဒီဟာဘာသဘောလဲ ဘုရား။

ဆရာ။ ။တရား မဟုတ်လို့ ရူးဒါပေါ့ တရား ဟုတ်လျှင် ဘယ်ရူးမလဲကွဲ့ မယ်ပဌာ အရူးမဟာ တရားနှင့်

တွေ့တော့ အရှုံးပျောက်မသွားပါလား ဒါကြောင့် တရားအားထုတ်လို့ ရှုံးဒါလို့မပြောပါနှင့်တရား မဟုတ်တာကို အားထုတ်မိလို့ ရှုံးဒါလို့ပြောကွဲ ပုထုဇနော ဥမ္မတ္တကော ပုထုဇဉ်ဟာ အရူးလို့ မြတ်စွာဘုရားကဟောတော်မူတယ် တရားနှင့်တွေ့ ရင် အရူးပျောက်ပြီး သောတာပန် တည်ရော့ကွဲ

မောင်စိန်။ ။ဘာကြောင့် ပုထုဇနောဥမ္မတ္တကောဟု ဟော တော်မူပါသလဲ ဘုရား။

ဆရာ။ ။ပုထုဇဉ်ဆိုဒါ အသက်လိပ်ပျာ မရှိပါဘဲ ရှိတယ် ထင်ပြီး ဖျားလျှင် နာလျှင် လန့်လျှင် ခေါ်ကြရသကွဲ ကူး တို့ခ ထည့်ကြရသကွဲ ဘာမှမရှိသော ပညတ်များကို အ ဟုတ်ရှိထင်၍ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောက်ျား မိန်းမ-လူနတ်-ဗြဟ္မာဟု စွဲလမ်းကြသကွဲ အရူးသည် ပိုးလုံ ချည်စသော အဘိုးတန် အဝတ်ကို ဆုတ်ဖြဲ၍ အဝတ်စုတ် ကိုမှ ခင်မင်သလို သစ္စာလေးပါးကိုသိသော ဥာဏ်ဘုရားကို အရေး မပြုပါဘဲ သူတပါး လိမ့်ညာစားတဲ့ ဘုရားကိုမှ လေးစားသကွဲ တကယ် အဘိုးတန်သော ခန္ဓာ အာယတန ဓါတ် သစ္စာ တရားကိုတော့ ပျင်းစရာထင်ပြီး လူတကာကို ညာရမ်းမြှောက်ပင့်၍ ငွေအလှူခံသောတရားမှ နာချင်သကွဲ အရိယာ သံဃာ ပေါ်သလား နဲ့သလားဆိုဒါ နားမလည် ပါဘဲ ဝါဝါပေါ်လျှင် သာသနာစည်ပင်တယ်ဟု ထင်သကွဲ အရိယာပုထုဇဉ် အမြင်မတူပုံကို ပြောအုံးမယ်၊ တကာ တယောက်က ဆရာတော်ကြီး တပါးထံမှာ လျှောက်ထား သတဲ့ လျှောက်ပုံက ဆရာတော်ဘုရား တပည့်တော်တို့

မန္တလေး ရွှေမြို့တော်ကြီးဟာ အင်မတန်ဘဲ သာသနာစည်ကားလှပါတယ် ဘုရား၊ ဘာကြောင့်လဲဆိုတော့ ဘယ်နေရာကိုဘဲ ကြည့်ကြည့် သင်္ကန်းရောင်တို့ဖြင့် ဝင်းပြောင်ပြီးနေဒါဘဲဟု လျှောက်ထားသတဲ့ ဒီတော့ ဆရာတော်ကြီးက ပြောသတဲ့ အဲဒါ သာသနာစည်ဒါမဟုတ်ဘူးဟဲ့ သာသနာတော်ကြီး သေရအောင်လို့ ဝမ်းဖေါ ဝမ်းရောင် လိုက်နေဒါဟု ပြောသတဲ့ ဒီနေရာမှာ တကာက ပုထုဇဉ်အမြင်ဆရာတော်က အရိယာအမြင်ကွဲ ပုထုဇဉ်ဆိုဒါ စေတီခြင်း . အတူတူဖြစ်ပါလျှက် ဆုတောင်းပြည့် ဘုရားဟု ဆိုင်းဘုတ်တတ်ထားရင် ပိုပြီး အထင်ကြီးသကွဲ ဂေါတမ၏ ရုပ်ပွားချင်းအတူတူဖြစ်ပါလျှက် မဟာမြတ်မုနိမှ အထင်ကြီးသကွဲဒါကြောင့်အရူးလို့ ဆိုဒါပေါ့။

မောင်စိန်။ ။ဒါကတော့ ဘုရား- မဟာ မြတ်မုနိ ကိုယ်တော်ကြီးကမှ ပိုပြီးတန်ခိုးကြီးဒါကလားဘုရား။

ဆရာ။ ။ရုပ်ပွားမှန်သမျှ လူလုပ်ထားဒါချင်း အတူတူပါဘဲကွဲ ဟိုရုပ်ပွားလဲ အဝိဉာဏပါဘဲ ဒါပေမဲ့ ပုထုဇဉ်၏စိတ်က ရူးနေလို့ ထူးတယ်လို့ ထင်ဒါကွဲ ဥပမာ မဟာမြတ်မုနိရုပ်ပွားတဆူ ဗောဓိရိုးရုပ်ပွားကတဆူ တခုသောအာရုံခံမှာအတူတူထားကွဲ မောင်ဘက ဗောဓိရိုး ရုပ်ပွားထံမှာ ဂုဏ်တော် ၉-ပါးကို အာရုံပြုပြီး ပန်းပူဇော်သတဲ့ မောင်နက မဟာမြတ်မုနိ ရုပ်ပွားထံမှာ ၎င်းကြေးဆင်းတုကိုပင် ဘုရားထင်ပြီး ပန်းပူဇော်သတဲ့ ဒီလူနှစ်ယောက်တို့တွင် ဘယ်သူ၏ကုသိုလ်က ပိုပြီးမြတ်သလဲ။

မောင်စိန်။ ။မောင်ဘ ကုသိုလ်ကမြတ်ပါတယ်ဘုရား။

ဆရာ။ ။အေးဟုတ်တယ် မိမိ၏စေတနာက မိမိကိုအကျိုးပေးဒါကွဲ့ ရုပ်ပွားတွေက ပေးဒါမဟုတ်ဘူး ဒါကြောင့် စိတ်ထားတတ်မှ မြတ်တယ်လို့ ပြောဒါ ရုပ်ပွားဆိုဒါအာရုံပြုရရုံပါဘဲအဲဒီလိုမိမိစေတနာကသာ မိမိအားအကျိုးပေးဒါကိုမသိပါဘဲရုပ်ပွားစေတီ အပေါ်တွေမှာ စေတနာ မညီမျှမှုကြောင့် ပုထုဇနော ဉမ္မတ္တကောလို့ ဟောတော်မူဒါကွဲ့။

မောင်စိန်။ ။ပုထုဇနော ဗာလော ဆိုဒါက ဘယ်လို မိုက်လို့ဟောတော်မူပါသလဲ ဘုရား။

ဆရာ။ ။ပုထုဇဉ်ဆိုဒါ ဘုရားစစ် တရားစစ် သံဃာစစ်ကို မသိသောကြောင့် ၎င်းဘုရား တရား သံဃာ အစစ်ကို ပြစ်မှားဘို့ရာ ဝန်မလေးဘူးကွဲ့ ပြီးတော့ အလွန်ကြောက်စရာကောင်းသော ပဥ္စာနန္တရိယ ကံတို့ကိုလည်း ပြုခွင့်ကြုံလာရင် ပြုအုံးမှာကွဲ့ ဘုရားကိုလည်း အမြဲငြင်းခုံနေသဖြင့် ဘုရား၏ ရန်သူသဘွယ်ဖြစ်သကွဲ့ ဘယ်လို ငြင်းခုံသလဲဆိုတော့ ဘုရားက ရုပ်နာမ် ခန္ဓာသာ ရှိတယ်ဟု ဟောသကွဲ့ ပုထုဇဉ်က ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်ဟု ယူသကွဲ့ ဘုရားက အနိစ္စ ဒုက္ခ အနတ္တ အသုဘဟု ဟောသကွဲ့ ပုထုဇဉ်က နိစ္စ သုခ အတ္တ သုဘဟု ထင်သကွဲ့ မြတ်စွာဘုရားက မြင်သူမရှိ စက္ခု ရူပါရုံ ပေါင်းဆုံခြင်းကြောင့် မြင်မှုပေါ်ဒါဟု ဟောသကွဲ့ ပုထုဇဉ်က ငါမြင်ဒါဟု ယူသကွဲ့ ဘုရားက ကြားသူမရှိ သောတနှင့် သဒ္ဒါရုံ ပေါင်းဆုံခြင်းကြောင့် ကြားမှုပေါ်ဒါဟု ဟောသကွဲ့ ပုထုဇဉ်က ငါကြားဒါဟု ယူသကွဲ့ ဘုရားက နံသူမရှိ ဃာနနှင့် ဂန္ဓာရုံ ပေါင်းဆုံ

ခြင်းကြောင့် နံမှုပေါ်ဒါပဲ ဟောသကွဲ့ ပုထုဇဥ်က ငါနံ့ဒါ ဟု ယူသကွဲ့ ဘုရားက လျှက်သူမရှိ ဇိဝှါနှင့်ရသာရုံပေါင်း ဆုံခြင်းကြောင့် လျှက်သိစိတ်ပေါ်ဒါပဲ ဟောသကွဲ့ ပုထု ဇဥ်က ငါသိဒါဟုယူသကွဲ့ ဘုရားက တွေ့သူမရှိ ကာယနှင့် ဖေါဋ္ဌဗ္ဗာရုံ ပေါင်းဆုံခြင်းကြောင့် တွေ့သိစိတ် ပေါ်ဒါပဲ ဟောသကွဲ့ ပုထုဇဥ်က ငါတွေ့ဒါဟု ယူသကွဲ့ ဘုရားက တွေ့သူမရှိ မနောနှင့် ဓမ္မာရုံ ပေါင်းဆုံခြင်းကြောင့် တွေ့မှု ဖြစ်တာပဲ ဟောသကွဲ့ ပုထုဇဥ်က ငါတွေးဒါ ငါကြံဒါ ဟု ယူသကွဲ့ အဲဒါလို မြတ်စွာဘုရားနှင့် အမြတန်း ငြင်းခုံနေ သောကြောင့် ပုထုဇနော ဗာလောဟု ဟောတော်မူဒါကွဲ့။

မောင်စိန်။ ။ပုထုဇနော အန္ဓောဟု ဆိုရာဝယ် ပုထုဇဥ်တို့ ကန်းပုံကို အမိန့်ရှိပါအုံးဘုရား။

ဆရာ။ ။ပုထုဇဥ်ဆိုဒါ ဘုရားစစ် တရားစစ် သံဃာစစ်ကို မမြင် နိဗ္ဗာန်ကိုမမြင် အနိစ္စ ဒုက္ခ အနတ္တာကိုမမြင် ရုပ် နာမ် ခန္ဓာ အာယတန ဓါတ်သစ္စာတို့ကိုမမြင် ရူပါရုံ ပရမတ်ကို မြင်သော်လဲ ရူပါရုံလို့ မသိဘဲ လူ ခွေး ဝက် ကြက် နွား ကွဲ့၊ ဆင် မြင်းကို မြင်တယ်ဟု ထင်တယ် အဲဒါလိုမရှိဒါ ကိုမှမြင်တယ်ထင်ပြီး တကယ်ရှိသော ပရမတ္ထ တရားကို မမြင်သောကြောင့် ပုထုဇနော အန္ဓောဟု ဟောတော်မူ ဒါကွဲ့ ပုထုဇဥ် အကန်း ဘဝနှင့် ရမ်းဆပြီး လုပ်သော ကုသိုလ်တွေဟာလဲ ဝဋ္ဋကုသိုလ် ဖြစ်ကုန်ရော့ကွဲ့ တရားကို မြင်ပြီးပြုတဲ့ ကုသိုလ်မှ ဝိဝဋ္ဋကုသိုလ်ကွဲ့။

ဝဋ္ဋ ဝိဝဋ္ဋ ကုသိုလ်စစ်တမ်းပြီး၏။

# သီလဝိသုဒ္ဓိ စစ်တမ်း
## ၆

မောင်စိန်။ ။ဒီလိုဆိုတော့ ပုထုဇဉ်လို့ ပြောရမှာတောင် ရှက်စရာ ကြောက်စရာဖြစ်နေမှာပေါ့ဘုရား။

ဆရာ။ ။အေး ဟုတ်သကွဲ့ ပုထုဇဉ်လို့ ပြောရမှာ ရှက်လျှင် ကြောက်လျှင် နိဗ္ဗာန် ရောက်တော့ မှာကွဲ့ ပုထုဇဉ်လို့ ပြောရမှာမရှက်သေးလျှင် မကြောက်သေးလျှင် နိဗ္ဗာန်နှင့် ဝေးသေးတယ် ဘာကြောင့်လဲဆိုတော့ ပုထုဇဉ် ဘဝကို ရွံမုန်းမှ အရိယာဖြစ်ချင်တယ် အရိယာဖြစ်မှ နိဗ္ဗာန်ရောက်မှာကွဲ့။

မောင်စိန်။ ။တပည့်တော်မှာ ပုထုဇဉ် အဖြစ်ကို ရွံ့မုန်း၍ နှလုံးနာပါပြီ သို့အတွက် အရိယာဖြစ်ဘို့ သီလကို စင်ကြယ်အောင် ရှေးဦးစွာ အားထုတ်ရမှာ မဟုတ်ပါလားဘုရား။

ဆရာ။ ။သီလဝိသုဒ္ဓိ ဖြစ်ရုံနှင့် အရိယာမဖြစ်သေးဘူး တရားကိုမြင်မှ အရိယာဖြစ်တာကွဲ့။

မောင်စိန်။ ။သီလဝိသုဒ္ဓိဖြစ်မှ တရားကို မြင်မယ် မဟုတ်ပါလားဘုရား။

ဆရာ။ ။သီလ ဝိသုဒ္ဓိ ဖြစ်ရုံနှင့်တရားကို မမြင်ဒါ ပြောဦးမယ် ရှေးတုံးက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်း

မင်းပြုသတဲ့ ထိုအခါ ဘုရားအလောင်းသည်၊ ကုန် သည် မျိုး၌ဖြစ်၍ အလုံးစုံသော အတတ်တို့ကို အပြီးသို့ ရောက် စေလျက် ဟိမဝန္တာ၌ ရသေ့ ရဟန်းပြု၍ ဈာန် အဘိ ညဉ် တို့ကို ပွားများလျက် နေသတဲ့ တနေ့သောအခါ သ မင်မ တကောင်သည် သုဘ်နှင့်တကွသော ကျင်ငယ်ရေကို သောက်မိ၍ ကိုယ်ဝန်တည်ခါ ဘုရားလောင်း ရသေ့၏ အ နီးအနားမှာ သာလျှင် ကျက်စား သတဲ့ ကိုယ်ဝန် ရင့်လတ် သော် လူယောက်ျားကလေး မွေးဖွားသတဲ့ ၎င်းသမင်မ၏ သား လူတယောက်ျားကလေးကို ဘုရားအလောင်း မြင်လျှင် သားဟူသော ချစ်ခြင်းဖြင့် မွေးစားထားသတဲ့ မွေးစား ၍ ကြီးရင့်လတ်သော ဣတိသိ ဟူသော နာမည်ကို မှည့်၍ ဈာန်အဘိညဉ် တို့ကို ဖြစ်စေသတဲ့ ဤသို့ ရသေ့သားအဘ ၂-ယောက် အတူတကွနေကြ၍ ဘုရားလောင်းသည် သေခါ နီးလတ်သော် ရသေ့ကလေးကို သူယောင်တောသို့ ခေါ် ၍ ချစ်သား လူ့လောက၌ ဤသူယောင်သီးနှင့် တူသော လူမိန်းမတို့သည် ရှိကုန်၏ ထိုလူမိန်းမတို့သည် များသော မာယာ ရှိကုန်၏ ယောက်ျားတို့ကို လှည့်ပတ်၍ ဖျက်ဆီး တတ်ကုန်၏ဟု မိန်းမတို့၏ အပြစ်ကို ပြ၍ ဆုံးမ ပြီးလျှင် သေ၍ ဗြဟ္မာပြည်ကို ရောက်သွားသတဲ့ ဣတိသိင် ရသေ့ ကလေး သည်လည်း ဘုရားအလောင်း ဆုံးမသည့် အ တိုင်း ရသေ့တို့၏ သီလကို အလွန်စင်ကြယ်စေ၍ ဈာန် အဘိညဉ်တို့ဖြင့် မွေ့လျော်၍ နေသတဲ့ ထိုအခါ ဣတိသိင် ရသေ့၏ သီလတန်ခိုးကြောင့် သိကြားမင်းသည် နေရာ၌ မနေနိုင်အောင် ပူပြင်း သတဲ့ သို့နှင့် သိကြား မင်းသည် အကြောင်းကို ဆင် ခြင် လတ် သော် ရ သေ့ က လေး ၏

သီလ တန့်ခိုးကြောင့် မနေနိုင်သည်ကို သိ၍ ထိုရသေ့ကလေး၏ သီလကို ဖျက်ဆီးနိုင်သော မိန်းမသည် ဘယ်မှာရှိသနည်း ဟု လူလောကကို ကြည့်သော် မမြင် တာဝတိံသာ၌ နှစ်ဆယ့်ငါးကုဋေသော နတ်မောင်းမတို့ကို ကြည့်လတ်သော် အလမ္ဗုသာ နတ်သမီးကို ချန်၍ တပါးသော နတ်သမီးကိုမျှ မမြင်ဘဲ ရှိလေ၏ ကဲ ဘယ်လောက်စင်ကြယ်သော သီလ လဲကွယ် သိကြားမင်း၏ သမီး တွေတောင် ဖျက်ဆီး၍ မရသောသီလကွဲ ဒါနဲ့ သိကြားမင်းက အလမ္ဗုသာ နတ်သမီးကို ခေါ်ပြီး သင်သည် လူ့ပြည်ကိုသွား၍ ၎င်း ရသေ့ကလေး၏ သီလကို ဖျက်ဆီးချေရမည်ဟု အမိန့်ပေးသတဲ့ အလမ္ဗုသာ နတ်သမီးခမြာမှာ မဖျက်ဆီးလိုသော်လဲ အမိန့်ကြီးကို မလွန်ဆန်နိုင်ပါသောကြောင့် ငိုယိုခါ လူ့ပြည်သို့ ဆင်းခဲ့ရသတဲ့ လူ့ပြည်ရောက်လျှင် လှပသော မိန်းမကလေးအသွင် ဖန်ဆင်းပြီး ရသေ့ ကလေးနှင့် အကျွမ်းတဝင်ဖြစ်အောင် စကားပြောဒါ ချစ်စရာ ကောင်းသော မာယာ လေးဆယ်တို့ကို အသွယ်သွယ်ပြလျက် စွဲသောက်ပြီ ထင်သောအခါ သွားတော့မည် ဟန်ကို ပြ၍ ဖြေးညှင်းစွာ သွားသတဲ့ ထိုအခါ ရသေ့ကလေး၏ အတွင်းက ကာမတဏှာတို့သည် သီလပိသုဒ္ဓိ ခံတပ်ကြီးကို ဖြိုခွဲလျက် နတ်သမီး၏လက်နှင့် ဆံတုံးတို့ကို ဆွဲရော့တဲ့ ဒီတော့ နတ်သမီးက နူညံ့လှစွာသော လက်ဖဝါး ကလေးဖြင့် ရသေ့၏ ကိုယ်ကောင်ကို ဖက်လိုက်ရာ နတ်၏ အငွေ့ကြောင့် ရသေ့ကလေးသည် နတ်သမီး၏ ရင်ခွင်ထဲသို့ ထိုးလဲလျက် ၃-နှစ်ပတ်လုံး မေ့မြော သွားသတဲ့ ဈာန်အဘိညာဉ်တွေလဲ ပျက်ကုန်ရော့တဲ့ ကဲကြည့်ပါလား ဒီလောက်စင်

ကြွယ်သောသီလသည် တရားကို မမြင်ပါဘဲ ဝိသဘာဂနှင့်
ကျိတော့အမှားတွေဝင်မလာဘူးလား။

ခမောင်စိန်။ ။ဒီလိုဆိုလျှင် ဘယ်လိုမှ သီလဝိသုဒ္ဓိဖြစ်မှာလဲ
ဘုရား။

ဆရာ။ ။တရားကိုမြင်မှ သီလဝိသုဒ္ဓိ ဖြစ်တယ်ကွဲ့ ကြည့်
ပါလား အင်္ဂလိမာလသည် လူတွေသတ်နေစဉ်က ဒုဿီလ
ပုဂ္ဂိုလ်ကြီးဘဲ ဘုရားနှင့် တွေ့၍ တရားကိုမြင်တော့ သတ်
ပါဒုံးဆို၍ မသတ်တော့ဘူး မိမိကသာ သူတပါးအသတ်ကို
ခံတော့မယ် ပြီးတော့ ခုဇ္ဇုတ္တရာကို ကြည့်ပါ မြတ်စွာ
ဘုရား၏တရားကို မနာရခင်က နေ့စဉ် အသပြာ ဝက်ကို
ခိုးနေတယ်မဟုတ်ပါလား တရားလဲမြင်ရော ခိုး မှု ကို လဲ
ဘယ်တော့မှ မလုပ်တော့ဘူး ခေမက သူဌေးသားကို
ကြည့်အုံး၊ တရားမမြင်မှီက အမြဲတန်းကာမေသုကို ကျူး
လွန်နေတယ် မဟုတ်လား တရားမြင်တဲ့နေ့က စပြီး မပြု
တော့ဘူးကွဲ့ ထိုပုဂ္ဂိုလ်တွေဟာ သီလဝိသုဒ္ဓိကို အရင်လုပ်သ
လား တရား မြင်အောင် အရင်လုပ်သလား စဉ်းစားကွဲ့
ဘုရား မြင်အောင် အရင်လုပ်ကြတယ် မဟုတ်ပါလား ဒါ
ကြောင့် ငါတို့က တရားကို မြင်အောင်သာ လုပ်ကြပါ
တရားမြင်လျှင် သီလဝိသုဒ္ဓိ မဖြစ်ပါစေနှင့်ဟု ပြော၍မရ
ဖြစ်မှာ သေချာသောကြောင့် တရားကို မြင်အောင် သပ္ပု
ရှိသထံ ချဉ်းကပ်ကြဘို့ တိုက်တွန်းလိုက်ပါသတည်း။

**သီလဝိသုဒ္ဓိ စစ်တမ်းပြီး၏။**

# စိတ္တဝိသုဒ္ဓိ စစ်တမ်း

မောင်စိန်။ ။ပုထုဇဉ်၏ သီလ ဝိသုဒ္ဓိသည် စိတ်မချရ အရိယာဖြစ်မှ သီလဝိသုဒ္ဓိအစစ် ဖြစ်တယ်ဆိုဒါ သဘောတူပါပြီဘုရား အရိယာဖြစ်ဖို့ဆိုဒါ တရားမြင်မှဖြစ်မယ် တရားမြင်ဖို့ကလဲစိတ္တဝိသုဒ္ဓိဖြစ်မှ မြင်မယ်မဟုတ်ပါလားဘုရား။

ဆရာ။ ။စိတ္တဝိသုဒ္ဓိဆိုဒါ သမာဓိဘဲ သမာဓိဆိုဒါဧကဂ္ဂတာ စေတသိက်ပေါ့ ၎င်းဧကဂ္ဂတာ စေတသိက်သည် သဗ္ဗစိတ္တသာဓာရဏ စေတသိက်ကွဲ ဘယ်စိတ်ဖြစ်ဖြစ် သူပါရတယ်သူမပါမှာ ပူစရာမလိုပါဘူး ဖဲရိုက်ရင်လဲပါဒါဘဲ ကြက်တိုက်ရင်လဲပါဒါဘဲ ငါးမျှားရင်လဲပါဒါဘဲ အကုသိုလ် စိတ်မှာယှဉ်သော ဧကဂ္ဂတာစေတသိက်ကို မိစ္ဆာသမာဓိကုသိုလ်မှာ ယှဉ်သော ဧကဂ္ဂတာ စေတသိက်ကိုသမ္မာသမာဓိလို့ခေါ်တယ် ၎င်းသည် ဘယ်စိတ်မှာမဆို ယှဉ်သကွဲ့ သို့သော်လည်းဈာန်ကို အလိုရှိလျှင်တော့ သူ့ကို တခမ်းတနား ပြုလုပ်ရသကွဲ့ဈာန်သမာဓိလဲ သပ္ပုရိသနှင့်မတွေ့ရင် မဟန်ပါဘူးကွဲ။

မောင်စိန်။ ။ဘဲ့နှယ်မဟန်သလဲဘုရား စိတ်ကြည်လင်မှ အမှန်ကို မြင်မယ်မဟုတ်ပါလားဘုရား။

ဆရာ။ ။မဟန့်ပုံကို ပြောအုံးမယ်ကွဲ ကမ္ဘာကြီး ပျက်၍ အသစ်တဖန် ဖြစ်လာသောအခါ ပဌမဈာန် ဘုံသို့ မဟာ ဗြဟ္မာ မင်းကြီးသည် ရှေးဦးစွာ ရောက်နှင့်ရော့ကွဲ ဒါနဲ့ သူတယောက်ထည်း နေရဒါ ပျင်းသလိုလို ဖြစ်လာဒါပေါ့ ဒီတော့ အခြားသော သတ္တဝါတွေ ဖြစ်ပေါ်လာပါမူကား ကောင်းမှာဘဲဟု တန်းတသတဲ့ တန်းတ၍မကြာခင် ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ကြုံပြီး အထက်ဗြဟ္မာ ဘုံက သတ္တဝါတွေလဲ သက်တန်းကုန်၍၎င်း ကံကုန်၍၎င်း အကြောင်းနှစ်ပါးကြောင့် စုတိစိတ်ကျပြီး ပထမဈာန် ဘုံသို့ ရောက်လာကြသတဲ့ ဒီတော့ မဟာ ဗြဟ္မာ မင်းကြီးက အောင့်မေ့သတဲ့ ဘယ်လိုအောင့်မေ့သလဲ ဆိုတော့ အော် ဒီသတ္တဝါတွေသည် ငါဖန်ဆင်း၍ ဖြစ်လာဒါဘဲဟုအောင့်မေ့သတဲ့ အောင့်မေ့သည့်အတိုင်းလဲ နောက် ရောက် ဗြဟ္မာတွေကို ပြောသတဲ့ ဒီလိုပြောတော့ ကမ္ဘာထုံးစံမှာ တန်ခိုးကြီးသူပြောရာ တန်ခိုးငယ်သူတွေ ယုံကြရသည့်အတိုင်း နောက်ရောက် ဗြဟ္မာတွေလဲ တန်ခိုးငယ်သူမို့ ယုံကြရဒါပေါ့ ဒီလိုယုံကြည်စွာနှင့် နေရင်း မဟာဗြဟ္မာမင်းကြီးမသေခင် နောက်ရောက်သော ဗြဟ္မာအငယ်က သေပြီး လူ့ပြည်သို့ လာဖြစ်သတဲ့ လူဖြစ်လာတော့ ဗြဟ္မာပြည်က လာသူမို့ ကာမဂုဏ်ကိုရွံမုံးပြီး ရသေ့ ရဟန်း ပြုသတဲ့ ရသေ့ရဟန်းပြု၍ မကြာမီ ဈာန်အဘိညဉ်တို့ကိုရပြီး တဘဝကို မြင်သတဲ့ ဒါနဲ့ ငါဘယ်ဘဝက လာဒါလဲလို့ နောက်ဘဝကိုကြည့်ရာ ဗြဟ္မာပြည်က လာဒါကိုမြင်သတဲ့ ငါတို့၏ မဟာ ဗြဟ္မာမင်းကြီး ရှိသေးသလားလို့ ကြည့်တော့ရှိသေးဒါမြင်တယ် ဒါနဲ့ အယူတခုပေါ်လာတယ် ဘယ်လိုပေါ်လာ

သလဲဆိုတော့ ဒီမဟာဗြဟ္မာ မင်းကြီးသည် လောကကို ဖန်ဆင်းသူ ထာဝရ ဘုရားဘဲ အခြားသော သတ္တဝါတို့သည် မဟာဗြဟ္မာမင်းကြီးသည် ဖန်ဆင်း၍ဖြစ်ရသူတွေဘဲ ဒါကြောင့် မဟာ ဗြဟ္မာ မင်းကြီးသည် မအို မနာ မသေ အမြဲနေသူတည်း အခြားသော သတ္တဝါတွေကား အိုကြ နာကြ သေကြရ၏ဟု ကေဝဋသဿတဝါဒကြီး လောကမှာ ပေါ်လာရော့ကွဲ့ အဲဒီဝါဒကို ယခုတိုင် ပုဏ္ဏားတွေယူနေကြသေးတယ် ခရစ်ယာန်နှင့် မဟာမေဒင်လဲ ဒီဝါဒကခွဲဒါဘဲ ဘုရားလွဲပေမဲ့ ယူပုံမှာ အတူတူဘဲ ကဲကြည့်စမ်းပါ စိတ္တဝိသုဒ္ဓိ လောကီသမာဓိသည် အမှန်ကို မမြင်သည့်မြင်မိစ္ဆာဒိဋ္ဌိတောင် ဖြစ်နေသေးတယ် မဟုတ်လားကွဲ၊ စိတ်ကြည်လင်ရင် သူ့ဟာသူ အမှန်ကို မြင်တယ်ဆိုလျှင် နေဝသညာ နာသညာ ဗြဟ္မာ၏ သမာဓိလောက် ကြည်လင်ဒါ ဘယ်ပုဂ္ဂိုလ်မှာရှိသလဲ ဘယ်သူမှမရှိပါဘူး ဒီလောကီသမာဓိကောင်းသော ဘုံတွေသည် သောတာပတ္တိမဂ်ဉာဏ်ကို မရနိုင်သောကြောင့် ရပ်ပြစ် ရှစ်ပါးထဲသို့ သွင်းထားရတယ် မဟုတ်လား ပြီးတော့ သောတာပန် မဖြစ်ဘဲ အထက်မဂ်ကိုလဲ မရကောင်းပါဘူး သောတာပန် တည်ဘို့ သောတာပန် အင်္ဂါကို မဟာဝဂ္ဂ သံယုတ် ပါဠိတော်မှာ ဟောဒါက သပ္ပုရိသ သံသေဝ ဆရာကောင်းကိုမှီ၍ သဒ္ဓမ္မသဝန တရားကိုနာ ယောနိသော မနသိကာရ ရှိရှိသေသေဆင်ခြင် ဓမ္မာနု ဓမ္မပဋိပတ္တိ ခန္ဓာငါးတန် ရုပ်နှင့် နာမ်ကို ငါထင်မှုကို စွန့်တဲ့ကွဲ ပုဂ္ဂလ ပညတ်မှာ ဟောဒါက ပရတော ဃောသ သူတပါးထံ တရားနာ ယောနိသော မနသိ

ကာရ ရှိရှိသေသေဆင်ခြင် အဲဒီလိုတရားနာဘို့ချည်း ဟော ဒါကလားကွဲ့။

ခမောင်စိန်။ ။နေယျပုဂ္ဂိုလ်ဆိုဒါ တရားနာရုံနှင့် ဘယ်ရမလဲ ဘုရားအလုပ်လုပ်မှ ရမှာမဟုတ်လား ဘုရား။

ဆရာ။ ။အလုပ်ဆိုဒါ တရားနာဒါရယ် နာပြီးလျှင် သဘောပေါက်အောင် ဆင်ခြင်ဒါရယ် အဲဒါကိုအလုပ်လို့ခေါ်ဒါကွဲ့ ဒီပြင်အလုပ်မရှိဘူး မြတ်စွာဘုရားက ပုဂ္ဂလပညတ်မှာနေယျပုဂ္ဂိုလ်၏အင်္ဂါကို ဟောခဲ့တယ် ဥဒ္ဒေသတော အကျဉ်း အားဖြင့် တရားကို နာရအောင် ဆောင်ရွက် ဒါမှမရလျှင်ပရိပုစ္ဆတော အကျယ်တဝင့် တရားကို နာဒါမှမရသေးလျှင် ကလျာဏ မိတ္တေ ပယိရုပါသတော သပ္ပုရိသကို အဖန်တလဲလဲ ဆည်းကပ်ပြီး မရှင်းလင်းသမျှ မေးမြန်း၍ ဆင်ခြင်နှလုံးသွင်းတဲ့ အဲဒီလိုသာ ဟောခဲ့ဒါကွဲ့။

ခမောင်စိန်။ ။တရားဟာ ဝါဆိုလပြည့်နေ့တို့ သီတင်းကျွတ်လပြည့်နေ့တို့မှာ ဗမာ တပြည်လုံးမနာသောလူမရှိလောက်အောင် တရားနာကြပါတယ်ဘယ်မှာ သောတာပန်တည်သလဲ ဘုရား

ဆရာ။ ။အဲဒါက တရားနာသူ၏ ချွတ်ယွင်းမှု တရားဟောသူ၏ချွတ်ယွင်းမှုလို့ နှစ်ခုရှိတယ် တရားနာသူ၏ ချွတ်ယွင်းမှုကို ပြောအုံးမယ် တရားနာသော်လဲ တရား ရအောင်ရယ်လို့ မရည်ရွယ်ဘူး ထုံးစံရှိလို့ နာကြတယ် တချို့က အိပ်ငိုက်ရင်းနာတယ် တချို့က တောင်တွေး မြောက်တွေး နာတယ်

## တရားစစ်တမ်းဆွေးနွေးခန်း

တချို့က ဝတ္ထုကြောင်းနှင့် ရယ်စရာလောက်ကို သာ အရေးစိုက်တယ် တရားကို အရေးမစိုက် ဘူး အဲဒီလို ယောနိသောမန သိကာရ အင်္ဂါ ဓမ္မာနု ဓမ္မာပဋိပတ် အင်္ဂါ ပျက်ကြ ဒါကြောင့် သောတာ ပန်မတည်ဘူး။

တရားဟောသူ၏ ချွတ်ရှင်းမှုကို ပြောအုံး မယ် အချို့က သီချင်းနှင့် ရယ်စရာကို အသား လုပ်ဟောတယ် တချို့က ဒါနကထာ သီလ ကထာ သဂ္ဂကထာများကိုသာ ဟောတယ် တရား ကို မဟောဘူး တချို့က စာကို တရား လုပ်၍ ဟောတယ် တချို့ကလဲ ၄-တန်း မအောင်သေး သူကို ၁၀-တန်း မေးခွန်း မေးသလို ဒိဋ္ဌိ သေ အောင် အရင်မပြဘဲ အရဟတ္တ မဂ်နှင့်သာတန် သော တဏှာသတ် တရားကိုဟောတယ် နန်နှင့် မတား နားနှင့်မတန်တာကိုဟော၍ ယုတ်တမ်း ယမ်းတုတ်နေကြတယ်အဲဒီလိုတရားဟောပုဂ္ဂိုလ် ဘက်က သပ္ပုရိသအင်္ဂါ ပျက်နေကြသောကြောင့် သဒ္ဓါဝါတွေ သောတာပန်မတည်ဘူး မြတ်စွာ ဘုရားက-

တယောမေ ဘိက္ခဝေ
အာဟာယ ရာဂံ ပဟာတုံ
ဒေါသံ ပဟာတုံ မောဟံ
ပဟာတုံ အဘဗ္ဗော ကာတမေ

တယော သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ
သီလဗ္ဗတ ပရာမာသောလို့ဟော
တော်မူတယ်။

အဓိပ္ပါယ်ကတော့—သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ
သီလဗ္ဗတ ပရာမာသတို့ကို မပယ်သေးဘဲ
ရာဂ ဒေါသ မောဟတို့ကို ပယ်၍မရဘူးတဲ့ကွဲ။

မောင်စိန်။ ။သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာပေ
သိက္ခာ ၃-ပါးကို မြတ်စွာ ဘုရား ဟောတယ်
ဟုတ်လားဘုရား။

ဆရာ။ ။ဟုတ်ပါတယ်ကွဲ့ သို့သော်လဲ ပညာ မပါသေ
သီလသည် မခိုင်မြဲတတ် ပညာမပါသောသမာဓိ
သည်အမှန်တရားကိုမမြင်နိုင် သို့အတွက် ပည
ပါသောသီလ ပညာပါသောသမာဓိ ဖြစ်အောင်
လို့ပြောနေဒါကွဲ့။

မောင်စိန်။ ။ဒီသမာဓိသည် ဘာကြောင့် အမှန်ကိုမမြ
ရဒါပါလဲဘုရား။

ဆရာ။ ။ဈာန် လုပ်ကတည်းက ပညတ်ကို အာရုံပြုပြီး ပွား
များခဲ့တာကွဲ့ ပရမတ်ကို အာရုံမပြုဘူး မျက်စိ
နှင့်ကသိုဏ်းဝန်းကို ကြည့်ပြီး ပွားတော့ မျက်စိ
က မြင်ဒါက ရူပါရုံ နှုတ်ကဆိုဒါက ပထဝီက
သိုဏ်းဝန်းမှာရှိဒါက အဝိနိဗ္ဘောဂရုပ် ၈-ပါးဆို
ဒါရယ် မြင်ဒါရယ် ရှိဒါရယ် ငုင်း ၃-ပါးသည်
မညီကြဘူး တလွဲစီချည်းဘဲ သို့သော်လဲ စိတ်

သည် ကသိုဏ်းဝန်းမှတပါး အခြားကို မသွား သောကြောင့် ငြိမ်သက် တည်ကြည်တယ် ငြိမ် ပေမဲ့ စိစစ်မှု မပါသောကြောင့် အမှန်ကိုမမြင် ဒါကွဲ။

မောင်စိန်။ ။ဒီလိုဆိုလျှင် ဘယ်တရားမှ အမှန်ကိုမြင်ပါသ လဲဘုရား။

ဆရာ။ ။ဝိပဿနာတရားမှ အမှန်ကို မြင်တယ်ကွဲ ဝိပဿ နာကတော့ တခုသော တရားကို အမှန်ပေါ်အောင် စိစစ် တယ် သမထက ဉာဏ်သေ ဝိပဿနာက ဉာဏ်ရှင် အဲဒီ လို ခြားနားတယ် ဝိပဿနာသည် စိစစ်ပုံကို ပြောအုံး မယ် မြတ်စွာဘုရားသည် အာဠာရရသေ့ ဥဒကရသေ့ တို့ထံမှာ ဈာန်အဘိဉာဏ်ကိုရခဲ့တယ် အမှန်မမြင်၍ဘုရား မဖြစ်ဘူး ၎င်းနောက် ဥရုဝေဠ တောမှာ ဒုက္ကရစရိယာ အကျင့်ကို ၆- နှစ် ကျင့် တယ် ဘုရား မ ဖြစ် ဘူး နောက် ဗောဓိပင် အောက်မှာ ထိုင်ပြီး ဆင်ခြင်တယ် ဘယ်လိုဆင် ခြင်သလဲဆိုတော့ သတ္တဝါတွေ ဘာကြောင့် သေကြရတာ လဲဟု အကြောင်းကိုရှာတယ် စိစစ်တယ် ဒီတော့ အော် ဇာတိဖြစ်မှုရှိလို့ ဇရာ မရဏ အိုရ သေရ ဒါပါလားလို့ ဇာတိပစ္စယာ ဇရာ မရဏ ဆိုတဲ့ အကြောင်းအကျိုးတစုံ ကို မြင်လာတယ် နောက်တခါ ဘာကြောင့် ဇာတိ ခေါ် ဖြစ်မှုပေါ်ရပါလဲလို့ ဇာတိ၏ အကြောင်းကိုရှာတယ် စိစစ် တယ် ဒီတော့ အော်- မျိုးစေ့ရှိလို့ အပင် ပေါက်သလို ကုသိုလ်ကံ အကုသိုလ်ကံ ဟူသော ကမ္မဘဝ မျိုးစေ့ ကြောင့် ဇာတိခေါ် အပင်ပေါက်မှု ဖြစ်တာပါလားလို့ ဘဝပစ္စယာ ဇာတိကို မြင်လာတယ် နောက် ဘာကြောင့်

ကုသိုလ်ကံ အကုသိုလ်ကံ ဖြစ်တာလဲဟု အကြောင်းကို စိစစ်ပြန်တော့ အဝိဇ္ဇာအမှန်တရား သစ္စာလေးပါးကို ဖုံးကွယ်ထားသောကြောင့် လူနတ် ဗြဟ္မာ သတ္တဝါဟု အထင်မှားမှု ဒိဋ္ဌုပါဒါန်ဖြစ် လူစည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်ကိုတောင့်တတဲ့ ကာမုပါဒါန်တွေဖြစ် ကာမုပါဒါန်ဖြစ်တော့ ၎င်းကိုအကြောင်းခံပြီး ကုသိုလ်ကံ အကုသိုလ်ကံတွေ ဖြစ်တာဘဲဟု ဥပါဒါနပစ္စယာ ဘဝေါကိုမြင်လာတယ် နောက်ဘာကြောင့် ဥပါဒါန် ဖြစ်တာလဲလို့ အကြောင်းကို ရှာပြန်တော့ မီးတောက်ကလေးက စပြီး မီးတောက်ကြီးဖြစ်ရဒါလို တဏှာဆိုသော မီးကလေးကြောင့် ဥပါဒါန်ဆိုသော မီးတောက်ကြီး ဖြစ်တာဘဲဟု တဏှာပစ္စယာ ဥပါဒါန်ကို မြင်လာတယ် နောက် ဘာကြောင့် တဏှာဖြစ်တာလဲဟု အကြောင်းကို စိစစ်ပြန်တော့ အာရုံအရသာကို ခံစားမှု ဝေဒနာကြောင့် ဖြစ်ရ ဒါပါ လားလို့ ဝေဒနာပစ္စယာတဏှာကို မြင်ပြန်တယ် နောက်ဘာကြောင့် ဝေဒနာဖြစ်တာလဲဟု အကြောင်းကို စိစစ်ပြန်တော့ အာရုံ ဒွါရ ဝိညာဉ် ၃-ပါးတို့ ပေါင်းဆုံခြင်း ခေါ်သော ဖဿကြောင့် ဖြစ်ထာပါလားဟု ဖဿပစ္စယာ ဝေဒနာကို မြင်ပြန်တယ် တခါဘာကြောင့် ဖဿဖြစ်တာလဲဟု အကြောင်းကို စိစစ်ပြန်တော့ စက္ခုယတနရှိလို့ ရူပါရုံနှင့် တွေ့နိုင်ဒါတွေလို့သာ ဝိညာဉ်ပေါ်ဒါ ပေါ်၍၎င်းသုံးပါး ပေါင်းဆုံမိဒါဟု သဠာယတန ပစ္စယာဖဿကို မြင်လာပြန်တယ် တခါဘာကြောင့် သဠာယတန ဖြစ်ရတာလဲ ဟုအကြောင်းကို ရှာပြန်တော့ ပဋိသန္ဓေတည်စက ကလလရေကြည် အမြှင်သားတစ်ဟူသော ရုပ်နှင့် ၎င်းရုပ်ကိုမှီ၍ ဖြစ်သော နာမ်

တရား ၄င်းနှစ်ပါးကို အကြောင်းခံပြီးတော့ ၇၇-ရက်ကြာသောအခါ စက္ခာယတနစသော သဠာယတန ဖြစ်ရဒါဘဲဟု နာမ ရူပ ပစ္စယာ သဠာယတနံကို မြင်ပြန်တယ် တခါ ဘာကြောင့် နာမ်ရုပ် ဖြစ်ရဒါလဲဟု အကြောင်းကို ရှာပြန်တော့ ပဋိသန္ဓေ စိတ်ကြောင့် ဖြစ်ရဒါဘဲဟု ဝိညာဏ ပစ္စယာ နာမရူပံကို မြင်ပြန်တယ် တခါဘာကြောင့် ပဋိသန္ဓေဝိညာဉ် ဖြစ်ရဒါလဲဟု အကြောင်းကိုစိစစ်ပြန်တော့ မျိုးစေ့ကြောင့် အပင် ပေါက်ရသလို ကုသိုလ်ကံ အကုသိုလ်ကံ မျိုးစေ့ကြောင့် ဖြစ်ရဒါဘဲဟု သင်္ခါရ ပစ္စယာ ဝိညာဏံကို မြင်ပြန်တယ် ကုသိုလ်ကံ အကုသိုလ်ကံသည် ဘာကြောင့် သင်္ခါရ ဖြစ်ရသလဲဟု စိစစ်ပြန်တော့ မျိုးစေ့တို့သည် ရေ မြေ ၂-ပါးနှင့် မတွေ့လျှင် မပေါက်နိုင်ဘဲ တွေ့မှပေါက်နိုင်ဒါလို အကုသိုလ် ကုသိုလ် မျိုးစေ့တွေဟာလဲ အဝိဇ္ဇာ သစ္စာလေးပါး မသိမှုမြေတဏှာဒိဋ္ဌိရေတို့၏ အထောက်အပံ့ကြောင့် ပဋိသန္ဓေအပင်ကို ပေါက်စေနိုင်သော သင်္ခါရ ဖြစ်ရဒါပါလားဟု အဝိဇ္ဇာ ပစ္စာ သင်္ခါရကိုမြင်လာတယ် အဲဒီလို အမှန်ပေါ်လာအောင် စိစစ်လို့ အမှန်မြင်ပြီး ဘုရားဖြစ်ရတယ်ကွဲ့ အဲဒီလို စိစစ်မှုရှိမှ ဝိပဿနာ မစိစစ်လျှင် သမထဒီလိုဝိပဿနာဖြင့် စိစစ်လိုက်တော့ အမှန်ကို ကာကွယ်တဲ့ အဝိဇ္ဇာ အညစ် အကြေးတွေ ပြောင်စင်ပြီး စိတ္တ ဝိသုဒ္ဓိ အစစ်ပေါ်လာတော့ဒါပေါ့ကွဲ့။

စိတ္တဝိသုဒ္ဓိစစ်တမ်းပြီး၏။

# တရားပလ္လင်ခံခန်း

မောင်စိန်။ ။လောကီ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဖြစ်ကာမျှနှင့် တရားမမြင်သေးဘူးဆိုတော့ တရားကိုမြင်အောင်ဘယ်လိုလုပ်ရမှာလဲဘုရား။

ဆရာ။ ။သပ္ပုရိသကို ချဉ်းကပ်၍ တရားကိုနာပြီး ရှိသေစွာဆင်ခြင်မှ တရားကိုမြင်မှာကွဲ့။

မောင်စိန်။ ။ဒီလို တရားကိုနာ၍ တရားကို ဆင်ခြင်ရုံဆိုလျှင် ဘယ်မှာ ပင်ပန်းစရာရှိပါမလဲဘုရား။

ဆရာ။ ။အဲဒီလို ကိုယ်မပင်ပန်းတော့ အတ္တကိလ မထနုယောဂ အကျင့်ယုတ်မှ လွတ်၍ စိတ်ကို ကာမဂုဏ်ကြား မသွားစေဘဲ တရားထဲမှာ ထားသောကြောင့် ကာမသုခလ္လိက နုယောဂ အကျင့်ယုတ်မှလွတ်တာပေါ့။

မောင်စိန်။ ။ဒီလိုဆိုလျှင် တပည့်တော်အား အစဉ်သနားသဖြင့် အပါယ်မှ လွတ်ရာတရားကို ဟောကြားပြသ ဆိုဆုံမရန် တောင်းပန်ပါသည် အရှင်သူမြတ်ဘုရား။

ဆရာ။ ။အင်း ဥပမာကလေး ပြောအုံးမယ် တောထဲသို့သွားကြသောအခါ အရှေ့ဘက်ကမ်းမှာ ကျားတွေတော့ကြောက်လန့်ပြီး အနောက်ဘက် ကမ်းသို့ ကူးကြသလို

ထို့အတူဘဲ သံသရာ၏ဘေးကို မြင်မှလဲ သံသရာမှ ထွက်ချင်သကွဲ့ ဒါကြောင့် ဘေးကြီးလေးပါးကို အရင်ပြရအုံးမယ် သံသရာဘေးကို ကြောက်လန့်တဲ့စိတ်နှင့် နားထောင်ကွဲ့ သံသရာထဲ ကြဉ်လည်ရသော ပုထုဇဉ်တို့မှာ ဘေးကြီးလေးပါးနှင့် အမြဲတန်း ကြုံတွေ့ရတယ်ကွဲ့ ဘေးကြီးလေးပါးက ဘယ်ဟာလဲ့ဆိုတော့--

၁။ နာနာသတ္တုဥလ္လောကနဘေး။
၂။ အပါယဘေး။
၃။ ဒုစ္စရိတဘေး။
၄။ ဝိနိပါတဘေးတဲ့ — ။

၁။ နာနာသတ္တုဥလ္လောကနဘေးဆိုဒါက အမျိုးမျိုးသော ဆရာတို့၏မျက်နှာကို မျှော်ရတဲ့ဘေးတဲ့ အဓိပ္ပါယ်က ဒီလိုကွဲ့ ဘုရားစစ် တရားစစ် သံဃာစစ်ကို မတွေ့ပါဘဲ ဘုရားတု ဘုရားယောင် တရားတု တရားယောင် သံဃာတု သံဃာယောင် တို့နှင့်သာ အချိန်ကုန်၍ တဆရာမကောင်း တဆရာပြောင်းခါ အပါယ်ဘေးမှ မအေးရတဲ့ ဘေးကွဲ့ ဗြဟ္မာကြီးကို ဘုရားထင်၍ ကိုးကွယ်လိုက် အပါယ် ကျလိုက်၊ နတ်ကြီးကို ဘုရားထင်၍ ကိုးကွယ်လိုက် အပါယ် ကျလိုက် ဘောကို ကိုးကွယ်လိုက် အပါယ် ကျလိုက် တောင်ကြီးကို ကိုးကွယ်လိုက် အပါယ်ကျလိုက် သစ်ပင်ကို ကိုးကွယ်လိုက် အပါယ်ကျလိုက် မီးကို ကိုးကွယ်လိုက် အပါယ်ကျလိုက် ရေကို ကိုးကွယ်လိုက် အပါယ်ကျလိုက် ကျောက်ခဲကြီး တန်ခိုးကြီးတယ် ထင်ပြီး ကိုးကွယ်လိုက်

အပါယ်ကျလိုက် ဗြဟ္မာကို ကိုးကွယ်သူနှင့်တွေ့လိုက် ဗြဟ္မာကို ကိုးကွယ်လိုက် နတ်ကို ကိုးကွယ်သူနှင့်တွေ့လိုက် နတ်ကို ကိုးကွယ်လိုက် ၀ိဇ္ဇာဓရ[ိ]ရှိကို ကိုးကွယ်သူနှင့် တွေ့လိုက် ၀ိဇ္ဇာဓရ[ိ]ရှိကို ကိုးကွယ်လိုက် အဲဒီလို တဆရာပြီး တဆရာ ပြောင်းပြီးတော့ ဘုရားစစ် မဟုတ်တာတွေနှင့်သာ အချိန်ကုန်၍ အပါယ်ဘေးမှမအေးရတဲ့ဘေးကွဲ။

၂။ အပါယဘေးဆိုဒါက အပါယ်နှင့် အိုးစားမကွဲရ ဲ့ ဘေးကွဲ အိုးစား မကွဲပုံကို ပြောအုံးမယ် အပါယ်လေးပါးက မျက်ခင်းနှင့် တူတယ် ဒိဋ္ဌိ၀ိစိကိစ္ဆာက ကြိုးနှင့်တူတယ် သတ္တ၀ါတွေက နွားနှင့်တူတယ် နွားသည် ဘယ်ကိုဘဲ သွားသွား ကြိုးတင်းလျှင် ဇတ်ရင်းကို ပြန်ခဲ့ရသ ို့ပုထုဇဉ်တွေလဲ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်သို့ ရောက်နေပေတယ်လို့ ဒိဋ္ဌိ၀ိစိကိစ္ဆာ ကြိုးတင်းလျှင် အပါယ်ဘုံသို့ပြန်ရဒါပါဘဲ ဒါကြောင့် မြတ်စွာဘုရားက အောက်ပါဂါထာကို ဟောတော်မူဒါပေါ့။

ဥဒ္ဓံ တွာ ပုညတေဇေန ကာမရူပဂတိံ ဂတာ
ဘ၀ဂ္ဂတမ္ပိ သမ္ပတ္တာ ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ။

ဘောန္တော ဒေ၀သံဃာ၊ အို နတ်အပေါင်းတို့ ပုညတေဇေန၊ ဒါနသီလ သမထဟု ပြုကြရှိန်စော် ကောင်းမှုအာ နု ဘော် သည် ဥဒ္ဓံ တွာ ပင့် ကော် မြောက် ကြွ ထောက်ထချိုင်ငင် မြင့်တင် သွေးဆောင်အပ်ကုန်သည် ဖြစ်၍ ကာမရူပဂတိံ လူ့ပြည် နတ်ပြည် ဗြဟ္မာ ပြည်သို့ ဂတာ ကတိုက် ကရိုက်နှင့် ရောက်လာ ကြကုန်သော ပုဂ္ဂိုလ်တို့သည် ဘ၀ဂ္ဂတမ္ပိ၊ ဘုံထွဋ် ဘုံဖျား အမြင့်

စားအကျော် နေဝသညာ နာသညာခေါ်တဲ့ အရူပဘုံ သို့လည်း သမ္ဘတ္တာဒိ၊ သမာဓိမြောက် ဈာန်ဟုန်ပေါက်၍ သက္ကာယ ဒိဋ္ဌိမသေ ကမ္ဘာကြီး ရှစ်သောင်းလေးထောင် ပင် နေကြသော်လဲ ပုညက္ခယေန၊ ဆယ်ဖြာပုည ကုသလက မြောက်ပင့် ရင့်သန် စွမ်းအန်ကုန်ခဲ့ခြင်းကြောင့် ပုန၊ အဝိဇ္ဇာစိလောက်ဒုဝိုး လျှိုပေါက်၍ အောက်သို့တုံ့ပြန်တခေါက် တဖန် ဒုဂ္ဂတိ၊ မကောင်းသူတို့လားရာ ပူဆာထန့်ပြင်း မဆန့်မငြင်းနိုင်တဲ့ ငရဲ ပြိတ္တာ တိရစ္ဆာန် အသူရကာယ် အပါယ်လေးဘုံသို့ အာဂန္တုန္တိ ငါငါဆိုတဲ့ တရားက ဆွဲငင်သဖြင့် ကာသိ ကအောင့်နှင့် စောက်ထိုး ထွန်းပြန် ချက်ခြင်းမကြာ သက်ဆင်း၍သာ လာကြရကုန်ပြန်၏တဲ့ ကွဲ နောက်ပြီးတခါ ဒိဋ္ဌိ ဝိစိကိစ္ဆာရှိနေတော့ ဘာအကု သိုလ်ဘဲဖြစ်ဖြစ် အပါယ်ကြရတယ် ကျောက်ခဲကလေးသည် ငယ်ပေမဲ့ လေးတွဲ့သော သဘောရှိသဖြင့် ရေထဲမြုပ်ရသလို ပေါ့ကွဲ ရွှေ ငွေ ကို စွဲပြီး သေလျှင် ပြိတ္တာဖြစ် လယ် စွဲသေတော့ ဖါး ပုဇွန်ဖြစ် အိမ်ကို စွဲပြီးသေတော့ အိမ်မြောင် တောက်တဲ့ ပိုးဟတ်ဖြစ် သားမယား စွဲသေ တော့ အနီးအနား တစ္ဆေဖြစ် ဒေါသနှင့်သေလျှင် ဒေါသနှင့်တူသော ကြောက်စရာကောင်းသည့် ကင်းမြီးကောက် တို့ကင်းပုဇွန်တို့ ကင်းခြေများတို့ မြွေတို့ဖြစ်ရပါပေါ့ အဲဒီ ပို အပါယ်ဘုံသည်မိမိ၏ အမြဲတန်းနေရာဖြစ်တဲ့ဘေးကွဲ။

၃။ ဒုစ္စရိတဘေးဆိုတာက အစမရှိတဲ့သံသရာကပြုလုပ် ခဲ့သော အကုသိုလ်ကံတို့သည် ဒိဋ္ဌိဝိစိကိစ္ဆာ ရှိနေသဖြင့် အပရာပရိယ ဝေဒနိယကံ အဖြစ်နဲ့ အမြဲတန်း ရှိနေဒါကွဲ အတိတ်က ပြုခဲ့သော အကုသိုလ်ကံသည် ဘယ်လောက်

ပေါတယ်ဆိုဒါကို ပြောအုံးမယ် တနေ့မှာ ၂၄-နာရီရှိတယ် အဲဒီလို ၂၄-နာရီမှာအိပ်ပျော်တဲ့ အချိန်က ၆-နာရီထား ကွဲ ၁၈-နာရီကျန်တယ် စိတ်သည် မျက်တောင် တခတ် အတွင်းမှာ ကုဋေတသိန်းဖြစ်၍ ပျက်တယ်လို့ မြတ်စွာ ဘုရားက ဟောတော်မူတယ် ၁၈-နာရီဆိုတော့ စိတ်ပေါင်း ဘယ်လောက် ဖြစ်တယ်ဆိုဒါ ရေတွက်နိုင်ပါမလား ရေ တွက်စရာ ဂဏန်းမရှိတော့ဘူး စိတ်တလုံး မြေတမှုံ့ကျနှင့် တွက်လျှင် မြေမှုံ့ပုံသည် တောင်ငယ် ပမာဏခန့် ရှိပေ လိမ့်မည်၊ အဲဒီလောက် များပြားသော စိတ်တွေ ထဲမှာ ကုသိုလ်စိတ်ကိုရှာလျှင် နှမ်းတောင်းထဲက ပြောင်းဖူးစေ့ ပမာ အနည်းငယ်ဘဲ တွေ့ရမယ် ဘာကြောင့်လဲ ဆိုတော့ ပါပသ္မိံ ရမတိမနော ဟု ဟောတော် မူဒါကွဲ စိတ်ဆိုဒါ မကောင်းမှုမှာ ပျော်သတဲ့ တရက်မှာ အကုသိုလ်စိတ်မှုံ့ပုံ တောင်းငယ်ပမာဏဆိုတော့ နှစ်ပေါင်း ၇၀-ဆိုလျှင် အကု သိုလ် စိတ်ပုံကြီးဟာ ဘယ်လောက် ကြီးမလဲ တသံသရာ လုံးက အကုသိုလ်မျိုးစေ့တွေနှင့် ပေါင်းလျှင် သိဋ္ဌုိးငရဲကို ပစ်ချမည့် အကုသိုလ် မျိုးစေ့တွေက နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီ မြေမှုံ့လောက် ကာလသုတ်ငရဲ ကိုပစ်ချမည့် အကုသိုလ်မျိုးစေ့တွေကမဟာပထဝီမြေမှုံ့ လောက် သင်္ဃာတ ရောရုဝ မဟာရောရုဝ တာပန မဟာ တာပန အဝီစိငရဲကိုပစ်ချမည့် အကုသိုလ် မျိုးစေ့တွေက မဟာပထဝီ မြေမှုံ့လောက် ပြိတ္တာဘုံပစ်မည့် အကုသိုလ် တွေက မဟာပထဝီ မြေမှုံ့လောက် အသူရကာယ်ဘုံပစ် ချမည့် အကုသိုလ်တွေက မြေမှုံ့လောက် တိရိစ္ဆာန်ကို ဖြစ်စေမည့် အကုသိုလ်တွေက မြေမှုံ့လောက် တွေဟာ

အကျိုးပေးဘို့ရာ ခါတ်ရှင်ရုံမှာ လက်မှတ်တိုးသလို သူ့အရင် ါအရင် အကျိုးပေးမယ်လို့ လုနေကြတယ်ကွဲ့ ဘယ် လောက်ကြောက်စရာကောင်းသလဲ အဲဒီလိုမိမိပြုခဲ့သော မ ကောင်းမှုတို့ဖြင့် ဒိုင်းရံနေဒါဟာ ဒုစ္စရိတဘေးတဲ့ကွဲ့။

ဝိနိပါတဘေးဆိုဒါက ငါသေလျှင် ငရဲကျမယ် မကျ ဘူး လူဖြစ်မယ် မဖြစ်ဘူး နတ်ဖြစ်မယ် မဖြစ်ဘူး စသည် ဖြင့် မှန်းထားလို့ မရသောဘေးတဲ့ ဥပမာ သစ်ပင်က သစ်ရွက်ခြောက် တွေကို လေတိုက်တဲ့ အခါ ဘယ်အရွက် သည် ဘယ်နေရာမှာ ကျမယ်ဟု မှန်းထားလို့ မရသလို ဘနည်း အလွန်ရေစီးသန်သော တောင်ကျ ချောင်းကြီး သည် အဟုန်ပြင်းစွာ စီးလာတဲ့အခါ ပါလာသော တုံး ဘိုင် သစ်ဝါးတို့သည် ဘယ်နေရာမှာ တင်မှာဘဲဟု မှန်း ထားလို့မရသလို ဘယ်ဘုံ ဘယ်ဘဝ ဖြစ်ရမယ် ဆိုဒါ မှန်းထားလို့ မရဘူးတဲ့ ဘာကြောင့်လဲ ဆိုတော့ လူတ ယောက်ကို ကြိုးနှင့်တုပ်ပြီး ရေစီးသန်သော ချောင်းထဲ သို့ မျှောချလိုက်ရာ သူတင်ချင်တဲ့ နေရာမှာ မတင်နိုင် ါဘဲ ဟိုတိုက်လိုက် ဟိုခွျန်နဲ့ ထိုးမိလိုက် ဟိုဝဲထဲကျလိုက် ဒီကျောက်ဆောင်နှင့် တိုက်လိုက် အဲဒီလို ဒုက္ခတွေမဆုံး နိုင်ဘဲ ရေ၏ သဘော အတိုင်းသာ မျောပါ နေရသလို ူလူ ငယ် သတ္တဝါ တွေဟာလဲ ဒိဋ္ဌိကြိုးဖြင့် တုပ်လျက် ာကျာ တည်းဟူသော ရေယဉ်ကြောမှာ မြောနေရသဖြင့် ယ္ယည်းဟူသော ဝဲထဲသို့ ကျလိုက် ပြိတ္တာ တည်းဟူသော ျန်နှင့်ထိုးမိလိုက် အသူရကာယ် တည်းဟူသော ကျောက် ဆောင်နှင့် တိုက်မိလိုက် တိရစ္ဆာန် တည်းဟူသော ကမ်း ါးနှင့် ဆောင့်မိလိုက် မဆုံးနိုင်သော အိုဘေး နာဘေး

သေဘေး စခန်းစဉ် အတိုင်း လျှောက်ပြီး ဖြစ်နေ ကြရတယ်ကွဲ ဒါကြောင့် –

ဒိဋ္ဌိဗန္ဓန ဗန္ဓာဃေ တဏှာသောတေန ဝုယှရေ၊
တဏှာသောတေန ဝုယှန္တာ နတေ ဒုက္ခာပမုစ္စရေ။

ဘိက္ခုဝေ့ သံသရာဘေး လာမည့်ရေးကို မျှော်တွေးကြောက်ငြား အိုချစ်သားတို့ ဒိဋ္ဌိဗန္ဓန ဗန္ဓာ အမြင်တွေဖေါက်ပြား၍ မှောက်မှားသော ဒိဋ္ဌိအနွယ်ဖြင့် ငြိတွယ်ရစ်ပတ်လျှက် အမြစ်မပြတ်ဘဲ နေကြကုန်သော ယေသတ္တာ အရိယာ မဂ်စခမ်းသို့ တက်လှန်းဘိုရာ မစွမ်းနိုင်သဖြင့် အပန်းယိုင် ယိုင်၍နေကြကုန်သော အကြင်သတ္တဝါအပေါင်းတို့သည် တဏှာသောတေန စီးဆင်း သုန်သုန် အဟုန်မဆိုင်း လေမုန်တိုင်းနှင့် လှိုင်းတသောသော တဏှာ ဆိုတဲ့ ရေယဉ်ကြောဖြင့် ဝုယှရေ ဝုယှန္တိ ဆင်းရဲနှင့် တွေ့ကြုံအောင် လှိုင်းလေဟုန်တသိမ့်သိမ့်နှင့် ဒလိမ့်ဒလိမ့် မြောပါခါနေကြလေကုန်၏ တဏှာသောတေန၊ အစမဆုံး ဘဝမတုံး တအုံးအုံးထကြွခါ တဏှာဆိုတဲ့ ရေဟုန် စက်ဖြင့် ဝုယှန္တာ ပေါ်လိုပေါ် မြုပ်လိုမြုပ် တရံတခါဝဲစုင်၍ နစ်မြုတ် မြောပါခါနေကြကုန်သော တေသတ္တာ အပူမကင်းလူခပင်း နတ် ဗြဟ္မာ သတ္တဝါအနန္တ မှန်သမျှတို့သည် ဒုက္ခာ သေလို့လဲ လက်စမသိမ်း ရှင်လို့လဲ လက်စမသိမ်း ဖြစ်ကိန်းနှင့်ပျက်ကိန်းမငြိမ်းနိုင် ဆက်ဆက်လဲတဲ့ ဒုက္ခဝဋ်စက်ထဲမှ နပမုစ္စရေ နပမုစ္စန္တိတပြောင်းပြန်ပြန် ခေါင်းငုံ့လို့သာ ခံကြပေတော့ လွတ်မြောက်ရန် ခက်ခဲ၍ မလွတ်နိုင်ဘဲ ရှိကြလေကုန်သတည်း။

အဲဒီလိုဘယ်ဘဝ ဘယ်ဌာနမှာဘဲ ဖြစ်ရမှာ မသိပါ သံသရာ၌ ရယဉ်ကြောမှာ မြောနေဒါဟာ ဝိနပါတ ဘေးတွေကွဲ ပုထုဇဉ် သတ္တဝါမှန်သမျှ ယခုပြောဆိုခဲ့သော ဘေးကြီးလေးပါး အမြဲသင့်နေကြတယ် ဒါကြောင့် သံသရာထဲမှာ ဆိုလည်သည့်နွားလို ချာလည်ပတ်လည် ဖြစ်နေကြဒါပေါ့ မြတ်စွာဘုရားက ချစ်သားတို့ ရြောက်သမုဒ္ဒရာမှာ လိပ်ကန်းတကောင်ရှိတယ် အဲဒီလိပ်ကန်းသည် အနှစ်ဟထောင်မှတကြိမ် ရေပေါ်သို့ ခေါင်းထောင်သတဲ့ တောင်သမုဒ္ဒရာမှာလဲ ကျွဲထမ်းပိုးတခုမျောနေတယ် အဲဒီထမ်းပိုးပေါက်နှင့် လိပ်ကန်းခေါင်း စွပ်မိဘို့ရာ မခဲယဉ်းဘူးလားလို့မေးတော်မူသတဲ့ ဒီတော့ ရဟန်းတွေက ခဲယဉ်းလှပါတယ် ဘုရားလို့ လျှောက်ထား ကြသတဲ့ ဒါနဲ့ မြတ်စွာဘုရားက သတ္တဝါတယောက် သံသရာထဲက လွတ်ဘို့ရာ ဒီထက် အဆတသောင်းလောက် ခဲယဉ်းတယ်လို့ ကာဏကစ္ဆောပမ သုတ်ကို ဟောတော်မူတယ်ကွဲ ကဲ-သံသရာထဲမှာနေရဒါ မကြောက်ဘူးလား မောင်စိန်ရဲ့။

မောင်စိန်။ ။ကြောက်လှပါတယ်ဘုရား။

ဆရာ။ ။ကြောက်လျှင် တရား ဟောတော့ မယ်ကွဲ သို့သော်လဲ ဘာကစပြီး ဟောရ မလဲဆိုတော့ မဂ်ဉာဏ်က လေးပါး ရှိတယ် ၎င်းလေးပါး အနက် သောတာပတ္တိမဂ်ဉာဏ်သည် အောက်ဆုံး မူလတန်းကွဲ ၎င်းမဂ်ဉာဏ်ကပယ်တဲ့ ကိလေသာကလဲ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ဖြစ်တယ် ဝိစိကိစ္ဆာဆိုဒါ ဒိဋ္ဌိ၏ အကိုင်းအခက်ကွဲ ဒိဋ္ဌိသေလျှင် သူပါသေတယ်ကွဲ ဒိဋ္ဌိဆိုဒါက သက္ကာယဒိဋ္ဌိပေါ့ ၎င်းမှ

သဿာတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိလို့ ၂--ပါးပြတယ် ၎င်းမှ တဖန် ၆၂ ပါး ပြပြန့်တယ် ဘယ်လိုပင် ပြသော်လဲ ၆၂ ပါးသော ဒိဋ္ဌိက အခက်နှင့်တူ၍ သဿတ ဥစ္ဆေဒ ၂ ပါးက အကိုင်းကြီးနှင့်တူတယ် သက္ကာယဒိဋ္ဌိက ပင်မ နှင့်တူသောကြောင့် သက္ကာယဒိဋ္ဌိသေလျှင် အကုန်လုံးသေ တော့ဒါပါဘဲ အဲ့အတွက် သက္ကာယဒိဋ္ဌိကို ပါယ်သတ်ခြင်း ငှါ တရားဟောတော့မယ် ယောနိသော မနသိကာရနှင့် သာ နာ၍ ရှုသေစွာ ဆင်ခြင်ပေတော့ကွဲ။

တရားပလ္လင်ခံခန်း ပြီးပါပြီ။

# တရားဟောခန်း

ဆရာ။ ။မောင်စိန့်ရေ မင်းတို့ ပုထုဇဉ်တွေ ထင်ကြဒါက ငါမြင်တယ် ငါကြားတယ် ငါနံတယ် ငါသည် မြင်လဲမြင်နိုင်တယ် ကြားလဲကြားနိုင်တယ် နံလဲ နံနိုင်တယ် အရသာကိုလဲ သိနိုင်တယ် အပူ အအေး အနု အကြမ်းကိုလဲ သိနိုင်တယ် တွေးလဲ တွေးနိုင်တယ် ကြံလဲ ကြံနိုင်တယ် အရာခပ်သိမ်းကို သိနိုင်တယ်လို့ မထင်ကြဘူးလား။

မောင်စိန်။ ။ထင်ကြပါတယ်ဘုရား။

ဆရာ။ ။အဲဒီအထင်ကို ဟုတ်မဟုတ် စစ်တမ်း ထုတ်ရသိမ့်မည် စိစစ်မှ ဝိပဿနာ ဆိုတယ် မဟုတ်လား ဝိသေသတော စိစစ်သောအားဖြင့် ပဿတိ ဉာဏ်နှင့် ရှုတတ်၏ ဣတိတသ္မာ ထို့ကြောင့် ဝိပဿနာ ဝိပဿနာ မည်၏တဲ့ကွဲ့ ဇရပ်ပေါ်မှာ အသာထိုင်ပြီး အနိစ္စ ဈောက်ခနဲ ဒုက္ခ ဈောက်ခနဲ အနတ္တ ဈောက်ခနဲ အဲဒီလို ပုတီးတလုံးစီချတာ ဝိပဿနာ မဟုတ်ဘူး ဒီလိုပုတီးတလုံးစီ ချရုံနှင့်ဘော့ အပတ်ဘထောင်စိတ်ကွဲ ပုတီး ဖင်ခေါင်းကျယ်ရုံဘဲရှိမယ် အနိစ္စကိုမမြင်ဘူး သောတပတ္တိမဂ်ဆိုဒါ ဒဿနမဂ်ကွဲ ဆရာကပြမှမြင်ရမှာ ကိုယ့်ဘာသာကိုယ် မြင်ရတဲ့မဂ်မဟုတ်ဘူး ဒါကြောင့် စိစစ်ကြစို့ကွဲ။

မောင်စိန်။ ။မှန်ပါစိစစ်၍ ပြတော်မူပါဘုရား။

ဆရာ။ ။စည်ထဲမှာ အသံရှိရဲ့လားကွဲ။

မောင်စိန်။ ။မရှိပါဘုရား။

ဆရာ။ ။လက်ထဲကောအသံရှိရဲ့လား။ •

မောင်စိန်။ ။မရှိပါဘုရား။

ဆရာ။ ။ရိုက်ခတ်မည့် လက်မောင်းထဲမှာကော အသံ ရှိရဲ့လား။

မောင်စိန်။ ။မရှိပါဘုရား။

ဆရာ။ ။အားထုတ်ခြင်း ဝါယောဓါတ်ထဲမှာကော အသံ ရှိရဲ့လား။

မောင်စိန်။ ။မရှိပါဘုရား။

ဆရာ။ ။စည်ရယ်၊ လက်ရိုက်ရယ်၊ လက်မောင်းရယ်၊ ဝါယောဓါတ်ရယ် လေးပါးပေါင်းဆုံပြီးတ^{ဒီ}းလိုက် တော့ဗိုင်းဆိုတဲ့အသံကြီးပေါ်ပြီးမလာဘူးလား။

မောင်စိန်။ ။ပေါ်လာပါတယ်ဘုရား။

ဆရာ။ ။အဲဒီအသံကြီးဟာ လုံးလုံးလား ပြားပြားလား

မောင်စိန်။ ။သဏ္ဌာန်မရှိပါဘုရား။

ဆရာ။ ။အဲဒီအသံကြီးဟာ ဘာကောင်ကြီးလဲကွယ်။

မောင်စိန်။ ။အကောင်မဟုတ်ပါဘုရား။

ဆရာ။ ။အေး အဲ့ဒါအသံပရမတ်ကွဲ အဲ့ဒီအသံပရမတ်ကို ဘယ်သူပိုင်အံသကွယ်။

မောင်စိန်။ ။ပိုင်သူမရှိပါဘုရား။

ဆရာ။ ။အမြဲတည်၍ကောခနေသလား။

မောင်စိန်။ ။မနေပါ မြည်ပြီး ပြောက်ဆုံး၍ သွားပါတယ်ဘုရား။

ဆရာ။ ။မြည်စကတော့ အသံဟာအကြီးကြီး နောက်တော့တဖြေးဖြေး သေးစ သေးစ နှင့် ပျောက်ပြီးမသွားလား။

မောင်စိန်။ ။မှန်ပါ ကြီးရာမှ သေးပြီး ပျောက်သွား ပါတယ်ဘုရား။

ဆရာ။ ။စည်၊ လက်ရိုက်၊ လက်မောင်း၊ ဝါယောဓါတ်တို့ဟာ အသံလား အသံဟာ စည် လက်ရိုက်လက်မောင်း ဝါယောဓါတ်တို့လားကွယ်။

မောင်စိန်။ ။မဟုတ်ပါ တခြားစီပါဘုရား။

ဆရာ။ ။တခြားပေမဲ့ အသံသည် စည် လက်ရိုက် လက်မောင်း ဝါယောဓါတ်တို့နှင့် ကင်းပြီး ဖြစ်နိုင်ရဲ့လား။

မောင်စိန်။ ။မဖြစ်နိုင်ပါဘုရား တခုတည်း ကဲ့သို့ စပ်နေပါတယ်။

ဆရာ။ ။စည်ကို လက်ရိုက်နှင့် တ ီးလိုက်ရင် အသံမပေါ်မှာ ပူစရာရှိရဲ့လား။

မောင်စိန်။ ။ပူစရာမရှိပါ အကြောင်းရှိလျှင် အကျိုးရှိမှာပါဘဲ ဘုရား။

ဆရာ။ ။စည်ကို လက်ရိုက်နှင့် တ ီးလျှင် မြည်ရမယ်လို့ ဘယ်သူက အမိန့်ပေးထားသလဲကွယ်။

မောင်စိန်။ ။အမိန့်ပေးသူမရှိပါ အကြောင်းရှိလို့ အကျိုးတရားသည် သဘောတံထွာ ဓမ္မတာအတိုင်း ဖြစ်တာပါဘုရား။

ဆရာ။ ။အဲဒ ီအသံဟာ ဖြစ်ခြင်းရှိလို့ ပျက်ရဒါ မဟုတ်လား။

မောင်စိန်။ ။ဟုတ်ပါတယ် ဖြစ်လျှင် ဘယ်အရာမဆို ပျက်မှာချည်းပါဘဲဘုရား။

ဆရာ။ ။အဲဒါက ဥပမာကွဲ အားမရှိသော သူနာသည်တောင်ဝှေးဆောင်ရသလို ဉာဏ်အားမရှိသော သူကိုလဲ ဥပမာဆောင်ပြီး ပြရတယ် ဒါကြောင့်မောင်စိန်ရေ တရားရှာလျှင် ကိုယ့်ကိုယ်မှာ ဆိုသည့်အတိုင်း မင်း၏ခန္ဓာကိုယ်မှာ စိတ်ကိုထားပြီးရှုရမယ် စီစစ်ရမယ်ကွဲ ရှုပုံစီစစ်ပုံကို ဆရာပြောမယ် နားထောင် စည်နှင့် မျက်စိနှင့် တူတယ် လက်ရိုက်နှင့် ရူပါရုံနှင့်တူတယ် လက်မောင်းနှင့် အလင်းရောင်နှင့်တူတယ် ဝါယောဓါတ်နှင့် မနသိကာရနှင့်တူတယ် အဲဒ ီတော့မျက်စိထဲမှာ မြင်စိတ်ရှိ’ မရှိ စီစစ်ရမယ် စည်ထဲ

မှာအသံမရှိသလို မရှိဒါကို ဉာဏ်မြင်အောင် ပိုင်အောင် ရှုရမယ်၊ ရူပါရုံထဲမှာ မြင်စိတ် ရှိ, မရှိ စီစစ်ရမည် လက် ရိုက်ထဲမှာ အသံခရှိသလို မရှိဒါကို မြင်အောင်ပိုင်အောင် ရှုရမယ် အလင်းရောင်ထဲမှာ မြင်စိတ် ရှိ, မရှိ စီစစ်ရမယ် လက်မောင်းထဲမှာ အသံမရှိဒါလို မရှိဒါကို ဉာဏ်နှင့်မြင် အောင် ပိုင်ခအောင် ရှုရမယ် မနသိကာရ ထဲမှာ မြင်စိတ် ရှိ, မရှိ စီစစ်ရမယ် ဝါယောဓါတ်ထဲမှာ အသံမရှိဒါလို မရှိ ဒါကို ဉာဏ်နှင့် မြင်အောင် ပိုင်အောင် ရှု ရ မယ် ငင်း လေးခုထဲမှာ မြင်စိတ် မရှိဒါကိုမြင်မှ သဿတဒိဋ္ဌိသေမှာ ကွဲ ပုထုဇဉ်၏ အထင်သည် ငါကလေးဟာ ခန္ဓာကိုယ်မှာ အမြဲရှိနေဒါဟု ထင်သကွဲ မရှိဒါကိုမြင်လျှင် ငါစွဲပျောက် ရောပေါ့ အဲ့ဒါက သဿတကို သတ်တာကွဲ။

မျက်စိ အဆင်း အလင်း မနသိကာရဆိုတဲ့ အကြောင်း တရားလေးပါးထဲမှာ မြင်စိတ်မရှိပေမဲ့ ငင်းလေးခုပေါင်းစု မိလျှင် လျှပ်စီးလက်သလို မြင်စိတ်ဖြစ်လာတာကို ဉာဏ်နှင့် ဆင်ခြင်ကွဲ အော်-ငါဟု ထင်ကြသော အသက်လိပ်ပြာ သည်မရှိ အကြောင်းတရား ထောက်ပန့်လျှင် အကြောင်း အားလျော်စွာ အကျိုး တရားတွေ ဖြစ်နေ ဒါပါလားလို့ မြင်အောင်ပိုင်အောင် ရှုကွဲ မြင်လျှင် ဉစ္ဆေဒ ဒိဋ္ဌိသေရော့ ကွဲ ဒီလောက်နှင့် မကြေနပ် သေးလျှင် ပြအုံး မယ်ကွဲ အဲဒီ မျက်စိအဆင်း အလင်း မနသိကာရတို့ ပေါင်းဆုံမိ လျှင် ဖြစ်ပေါ်လာတဲ့ မြင်စိတ်သည် လုံးလုံးလား ပြားပြား လား စီစစ်ကွဲ ဆောင်းအခါ ဖြစ်ပေါ်လာတဲ့ အအေး ဓါတ်ကြီးသည်, သဏ္ဌာန်မရှိသလို မြင်သိစိတ်လဲ သဏ္ဌာန် မရှိပါလားဆိုတဲ့ အသိဉာဏ် ပေါ်အောင်လုပ်၍ သဏ္ဌာန်

ပညတ်ကိုခွာကွဲ မြင်စိတ်သည် လူလား နတ်လား ဗြဟ္မာလား ဘာသတ္တဝါလဲလို့ စိစစ်ကွဲ အသက်လား လိပ်ပြာလားလို့လဲ စိစစ်အုံးကွဲ အဲဒီလိုစိစစ်ပြီး မြတ်စွာဘုရားဟောဒါကို သဘောကျအောင် ဆင်ခြင်ပါ မြတ်စွာဘုရားက, မြင်စိတ်သည် ဝိညာဏက္ခန္ဓာဖြစ်သည် အဲဒီဝိညာဏက္ခန္ဓာကို ဘယ်လိုဟောသလဲဆိုတော့။ --

ဝိညာဏက္ခန္ဓော နသတ္တော နဇီဝေါ နနရော နမာဏဝေါ နဣတ္ထိ နပူရိသော နအဟံ နအတ္တနိယံ နမမ နအညဿ နကဿစိတဲ့။

အဓိပ္ပါယ်ကတော့ ဝိညာဏက္ခန္ဓာ ဖြစ်သော မြင်စိတ်သည် သတ္တဝါလဲမဟုတ် အသက်လိပ်ပြာလဲမဟုတ် လူလဲမဟုတ် မာနထောင်စရာ လုလင်လဲ မဟုတ် ယောကျ်ားလဲမဟုတ် မိန်းမလဲမဟုတ်ငါလဲမဟုတ် ငါနဲ့စပ်သော အရာလဲမဟုတ် ငါ့ဟာလဲမဟုတ် သူတပါးဟာလဲ မဟုတ် ဘယ်သူဟာမှ မဟုတ်ဘူးတဲ့ကွဲ ဒါရင် ဘာဒါဟုတ်သလဲ ဆိုတော့မျက်စိအဆင်း အလင်းမနသီကြောင့် ဖြစ်ပေါ် လာသောမြင်သိစိတ် စက္ခုဝိညာဉ် နာမ် ပရမတ်သာ ဟုတ်တယ်ကွဲအဲဒါက ပညတ် ပရမတ် ခွဲဒါကွဲ ပုဂ္ဂိုလ်စွဲ သတ္တဝါစွဲအသက်စွဲ လိပ်ပြာစွဲကို ခွါဒါ အဲဒါနှင့်မှ မကြေနပ်သေးလျှင် တဆင့်ပြအုံးမယ်နားထောင်--

မျက်စိခေါ် စက္ခုပသာဒသည် ပုဂ္ဂိုလ်လား သတ္တဝါလား ငါလား အသက်လိပ်ပြာလားဟု စိစစ်ကွဲ နေ့ပူကိုသွားမိလျှင် နီမြန်းပြီး အေးမြသော မျက်စဉ်းကို ခပ်လျှင်[illegible]ူလာပြန်တယ် ဒါကြောင့် စက္ခု အကြည်သည် ပုဂ္ဂိုလ်

သတ္တဝါ အသက်လိပ်ပြာ ငါမဟုတ် အပူနှင့်တွေ့လျှင် ဗော မျိုးဖြစ်၍ ဖေါက်ပြန်တတ်သောကြောင့် ရုပ်သာလျှင် ဟုတ် ပါကလားဟု ရှုကွဲ။ မြင်စိတ်ကလဲ ရူပါရုံကိုညွတ်ပြီး ဖြစ်ရ သောကြောင့် ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာ ငါမဟုတ် နာမ်တရားသာလျှင် ဟုတ်ပါကလားဟုရှုကွဲ့ အဲဒါက နာ မရူပ ပရိစ္ဆေဒဉာဏ် သမသနဉာဏ်ပေါ့။

ဒီလောက်နှင့်မကြေနပ်သေးလျှင် လက္ခဏာယဉ်သုံးပါး ြ်ဖြင့် ပြအုံးမယ် - နားထောင်- မြင်စိတ်သည် မျက်စိ အဆင်း အလင်း မနသိ ဆိုတဲ့ အကြောင်း လေးပါး မထောက်ပန့်ပါဘဲ သူ့ဘာသာသူ ဖြစ်နိုင်သော ကာရက သတ္တ်ဝါ၊ အတ္တသတ္တဝါရှိမရှိစိစစ်၍ မရှိဒါကို ဉာဏ်နှင့်ရှုကွဲ့ မရှိဒါကို မြင်ရင် အနတ္တလက္ခဏာကို မြင်ဒါဘဲ ဒါလဲ သမသနဉာဏ်ကွဲ။

ဒီမြင်စိတ်သည် အကြောင်းလေးပါး မထောက်ပံ့မှီက မရှိသေး- ထောက်ပံ့ဆဲ ခဏကလေးဖြစ်ပြီး ဖြစ်တာနှင့် တပြိုင်နက် ပျက်သွားဒါကို ဉာဏ်နှင့်ရှုကွဲ မခိုင်ဒါကိုမြင် လိမ့်မည် မြင်လျှင် အနိစ္စလက္ခဏာကို မြင်ဒါ ဖြစ်တာကို မြင်ဒါက ဥဒယဉာဏ်- ပျက်တာကို မြင်ဒါက ဝယဉာဏ် ပေါင်းလိုက်တော့ ဥဒဗ္ဗယဉာဏ်ကွဲ။

အကြောင်းလေးပါးက မှုံလျှင် မြင်စိတ်သည် ကြည်နိုင် ရဲ့လားလို့ စိစစ်ကွဲ့ အကြောင်းကြည်မှ သူကြည်၍ အ ကြောင်းမှုံလျှင်သူမှုံဒါကိုမြင်လိမ့်မည် ပြီးတော့အကြောင်း ထောက်ပံ့သလိုသာ ဖြစ်ရပြီး မိမိသဘောအတိုင်း မဖြစ် ိုင်ဒါ ချမ်းသာဒါလား ဆင်းရဲ ဒါလား လို့ စိစစ်လိုက်

ဆင်းရဲတာကို မြင်လိမ့်မည် အဲဒါက သင်္ခါရ ဒုက္ခကွဲ့ အကြောင်းခံထောက်ပံ့၍ ဘယ်လိုပင် ဖြစ်လာသော်လဲ အမြဲမနေ ဖေါက်ပြန်ဖျက်ဆီးသွားဒါကို မြင်အောင်ရှု ဖြစ်မှုသဘောမှ ပျက်ခြင်းသဘောသို့ ပြောင်းလဲဒါကို မြင်လိမ့်မည် အဲဒါက ဝိပရိဏာမဒုက္ခကွဲ့ အဲဒါဘင်္ဂဉာဏ်မှစ၍ အထက် ဝိပဿနာဉာဏ် ၇-ပါးဘဲ ဝိပဿနာဉာဏ် ၁၀-ပါးသည် လက္ခဏာယဉ်သုံးပါးကို အကျယ်ပွားဒါကွဲ့။

ဒီလောက်နှင့် မကြေနပ်သေးလျှင် နည်းလေးပါးနှင့် ပြအုံးမယ် နည်းလေးပါးကဒီလို

၁။ နာနတ္တနည်း၊
၂။ ဧကတ္တနည်း၊
၃။ အဗျာပါရနည်း၊
၄။ ဧဝံဓမ္မတာနည်းတွဲ့။

နာနတ္တ နည်းဆိုဒါက အကြောင်းက တသဘော အကျိုးကတသဘော ဖြစ်ဒါကိုပြဒါ။

ဧကတ္တနည်းဆိုတာက အကျိုးသည် အကြောင်းနှင့်မကင်း တခုတည်းကဲ့သို့ ဖြစ်ပုံကို ပြဒါ။

အဗျာပါရနည်း ဆိုဒါက အကြောင်း ရှိလျှင် အကျိုး မဖြစ်မှာ ပူစရာမရှိကို ပြဒါ။

ဧဝံဓမ္မတာနည်း ဆိုဒါက အကျိုး တရားဖြစ်အောင် အမိန့်ပေးသူ ဖန်ဆင်းသူမရှိ သူ့သဘောတံ့ထွာ ဓမ္မတာ အတိုင်း အကြောင်း အားလျော်စွာ ဖြစ်ပုံကိုပြဒါ ဒါကြောင့်

မျက်စိ အဆင်း အလင်း မနသိကာရတို့သည် မြင်စိတ်လား၊ မြင်စိတ်သည် မျက်စိ အဆင်း အလင်း မနသိကာရလား ဆိုဒါကို စိစစ်ကွဲ တသဘောစီ ဖြစ်တာကို ဉာဏ်နှင့်ရှု ဘယ်သဘောဟာ ငါလဲလို့ စိစစ် ငါမရှိဒါကို မြင်အောင် ရှု၍ ငါစွဲကိုစွန့်လိုက် သဿတအတွက်ရှုံကွဲ။

မြင်စိတ်သည် မျက်စိ အဆင်း အလင်း မနသိကာရ မဟုတ်ပေမဲ့ ၎င်းအကြောင်းနှင့် ကင်းပြီး မဖြစ်နိုင်ဘဲ တဆက်တည်းကဲ့သို့ ဖြစ်တာကို ဉာဏ်နှင့်ရှု သရက်စေ့နှင့် သရက်ပင်သည် သဘောကွဲပေမဲ့ တစပ်တည်း ဖြစ်သလို ဆက်စပ် တည်နေဒါကို သဘောပေါက်လိမ့်မည် အဲဒါက ဥစ္ဆေဒအတွက် ရှုပုံကွဲ။

မျက်စိ၊ အဆင်း၊ အလင်း၊ မနသိကာရတို့ ပေါင်းဆုံမိလျှင် မြင်စိတ်မဖြစ်မှာ ပုစရာမရှိဖြစ်မှာ သေချာဒါကို ဉာဏ်နှင့် ရှုကွဲ အဲဒါက နတ္ထိကဒိဋ္ဌိအတွက်ရှုပုံကွဲ။

မျက်စိ အဆင်း အလင်း မနသိကာရ အကြောင်း ၄-ပါး ပေါင်းဆုံမိလျှင် မြင်စိတ်ဖြစ်ရမည်ဟု ဘယ်သူမှ အမိန့်ပေးသူမရှိ ၎င်းလေးခုသည် မြင်စိတ်၏ အကြောင်းတရားတွေမို့ မြင်စိတ် ဖြစ်ရဒါဘဲဆိုတာ ဉာဏ်နှင့် ပိုင်အောင်ရှု အဲဒါက အဟေတုကဒိဋ္ဌိအတွက်ရှုပုံဘဲ။

ယခု စိစစ်ခဲ့သော နည်းအတိုင်း ငါမြင်ဒါလား အကြောင်း ထောက်ပံ့လို့ သူ့သဘော တံထွာ ဓမ္မတာအတိုင်း ဖြစ်ပေါ်ဒါလားဆိုဒါ သေချာစွာစိစစ်၍ ငါစွဲကို ပယ်စွန့်လိုက်ကွဲ ယခုပြောခဲ့ဒါက စိစစ်ပုံ ရှုပုံကို နည်းပေးဒါကွဲ သာဝကဆိုဒါ မိမိဘာသာ မရှုတတ်ဘူး ဆရာထံမှနည်းကိုရမှ ရှုတတ်တယ် ဒါကြောင့် ဆရာပေးတဲ့နည်း

အဘိုင်းစီစစ်ပြီးဆင်ခြင်၍ဖြေကြဲ ငါဆရာမေးမယ်။

ဆရာ။ ။နားထဲမှာ ကြားစိတ်ရှိရဲ့လားကွယ်။
မောင်စိန်။ ။မရှိပါဘုရား။

ဆရာ။ ။အသံထဲမှာကော ကြားစိတ်ရှိရဲ့လား။
မောင်စိန်။ ။မရှိပါဘုရား။

ဆရာ။ ။အာကာသထဲမှာကော ကြားစိတ်ရှိရဲ့လား။
မောင်စိန်။ ။မရှိပါဘုရား။

ဆရာ။ ။နှလုံးသွင်းမှုထဲမှာကောကြားစိတ်ရှိရဲ့လား။
မောင်စိန်။ ။မရှိပါဘုရား။

ဆရာ။ ။နားရယ် အသံရယ် အာကာသရယ် မနသိကာရ
ငှင်းလေးပါး ပေါင်းဆုံမိတော့ မီးချစ်ခွံနှင့်
မီးချစ်ဆံကို ပွတ်ရင် မီးတောက် ပေါ်လာသလို
ကြားစိတ်ပေါ်မလာဘူးလား။

မောင်စိန်။ ။ပေါ်လာပါတယ်ဘုရား။

ဆရာ။ ။ပေါ်လာသော ကြားသိစိတ်သည် လုံးလုံးလား
ပြားပြားလား။

မောင်စိန်။ ။သဏ္ဌာန်မရှိပါဘုရား။

ဆရာ။ ။အဲ့ဒါက သဏ္ဌာန ပညတ်ကိုခွါဒါကွဲ ဒမ္မကြား

စိတ်သည် လူလား နတ်လား ဗြဟ္မာလား ဘာ
သတ္တဝါလဲကွယ်။

မောင်စိန်။ ။ပုဂ္ဂိုလ် သတ္တဝါဟု မဆိုနိုင်ပါဘုရား။

ဆရာ။ ။ဒီကြားစိတ်သည် အသက်လား လိပ်ပျာလား။

မောင်စိန်။ ။အသက်လိပ်ပျာလဲ မဟုတ်ပါဘုရား။

ဆရာ။ ။အဲ့ဒါက ပုဂ္ဂိုလ်စွဲ သတ္တဝါစွဲ အသက်စွဲ လိပ်ပြာစွဲကို ခွာဒါကွဲ့- ဒီကြားစိတ်သည် သောတာဝိညာဉ် ခေါ်နာမ်ပရမတ်တဲ့ ခန္ဓာ အားဖြင့် ဆိုလျှင် ဝိညာဏက္ခန္ဓာ ပေါ့ ဒါကြောင် မြတ်စွာဘုရားက ဝိညာနက္ခန္ဓော နသတ္တော နဇီဝေါ နနရော နမာဏဝေါ နဣတ္ထိနပုရိသော နာဟံနအတ္တနိယံ နမမ နအညဿ နကဿစိလို့ ဟောတော်မူတယ်။ အဓိပ္ပါယ်ကတော့ ကြားသိစိတ် ခေါ် ဝိညာနက္ခန္ဓာ သည် သတ္တဝါလဲ မဟုတ် အသက်လိပ်ပျာလဲ မဟုတ် လူလဲမဟုတ် မ ာ န ဧ ထ ာ င် စ ရာ လုလင်လဲ မဟုတ် မိန်းမလဲမဟုတ် ယောကျ်ားလဲ မဟုတ် ငါလဲ့မဟုတ် ငါနှင့်စပ်သော အရာလဲ မဟုတ် ငါ့ဟာလဲမဟုတ် သူများဟာလဲ မဟုတ် ဘယ်သူ့ဟာမှမဟုတ်တဲ့ ဒါကြောင့် ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ အသက်လိပ်ပျာ ဆိုဒါတွေဟာ သတ္တဝါ တို့၏ စိတ်ထင်မှုကြောင့် ခေါ်ဆိုကြ ပညတ်တွေကွဲ့ အဟုတ်ရှိမဟုတ် သမုတ်ရှိတဲ့ တကယ်ရှိဒါက ကြားသိစိတ်နာမ်ပရမတ်သာ အဟုတ်ရှိ ၎င်းကြားသိ စိတ်၏ **အ**ကြောင်း ဖြစ်တဲ့

စက္ခုနှင့်ရူပါရုံလဲအဟုတ်ရှိ အဲဒီလိုပညတ် ပရမတ်ကွဲပါစေ၊ ယခုပြောဒါက နာမရူပ ပရိစ္ဆေဒ ဉာဏ်က ဝိပဿနာဉာဏ် ဆယ်ပါးတို့တွင် သမ္မသန ဉာဏ်ပေါ့ ဉာဏ်မြန်သူ ဆိုလျှင် ဒီလောက်နှင့်ဘဲ မဂ်ကို ရပါပြီ သို့သော်လဲ

နေယျဆိုတော့ ဒီလောက် အကျဉ်းကလေးနဲ့ မရသေးဘူး နေယျပုဂ္ဂိုလ် အင်္ဂါက ပရိပုစ္ဆတောလို့ ဟောတော်မူသော ကြောင့် လက္ခဏာယဉ်သုံးပါးကို ပြကြအုံးစို့ကွဲ့။

ဒီကြားစိတ်သည် နား အသံ အာကာသ မနသိကာရ အကြောင်း တရား လေးပါး မထောက်ပံ့ ပါဘဲ သူ့ဘာသာသူ ဖြစ် နိုင် သော ကာရက သတ္တိ အတ္တသတ္တိ ရှိရဲ့လားကွဲ့။

မောင်စိန်။ ။မရှိပါဘုရား အကြောင်းတရားထောက်ပံ့မှ ဖြစ်ရပါတယ်။

ဆရာ။ ။အဲဒီ သတ္တိ မရှိဒါကြောင့် အနတ္တကွဲ့ အဲဒီ သတ္တိဆိပ်သုန်းသောကြောင့် သုညတတဲ့ သုညတကို မြင်၍ ရတဲ့မဂ်ကို သုညတဝိမောက္ခ၊ ရတဲ့နိဗ္ဗာန်ကို သုညတနိဗ္ဗာန် ခေါ်တယ် ဒါကြောင့် လယ်တီ ဆရာတော်က ( သုညတကို မြင်တယ်ဆို မဂ်ကိုရတော့သည် ) လို့ စပ်ဆိုတော် မူခဲ့တယ် သုညတကိုမြင်၍ မဂ်ကိုရပုံကို ပြောရအုံးမယ်။

ဒီကြားစိတ်သည် သူ့ ဘာ သာ သူ ဖြစ်နိုင်သော အတ္တ သတ္တိမရှိ ဆိပ်သုန်းနေ၏။ အကြောင်းထောက်မှ ဖြစ်ရသော သဘာ ပါလားလို့ သိလိုက် တာဟာ အနတ္တကို မြင်သည်

မည်တယ် မူလကမရှိ အကြောင်းထောက်ပန့်မှ ဖြစ်တာကို မြင်ဒါဟာ ဥဒယအနိစ္စကို မြင်သည်မည်တယ် သင်္ခါရဒုက္ခကိုမြင်သည်မည်တယ် ၎င်းသင်္ခါရဒုက္ခကို မြင်ဒါဘဲ ဒုက္ခသစ္စာကို ပိုင်းခြား၍သိသည် မည်တယ် အဲဒီလိုဒုက္ခသစ္စာကို ပိုင်းခြား၍ သိဒါနှင့် တပြိုင်နက် ငါမြင်တယ်လို့ ထင်တဲ့ ဒိဋ္ဌိနှင့် ငါမမြင်ရင် ဘယ်သူမြင်ဒါလဲစသည်ဖြင့် တွေးတောပင်ပန်းမှု ဝိစိကိစ္ဆာ ၎င်းနှစ်ပါးနှင့် ယှဉ်ရာ အဝိဇ္ဇာနှင့် ဒိဋ္ဌိဂတ သမ္ပယုတ်တဏှာ သမုဒယသစ္စာသည် တခါတည်း ကင်းငြိမ်းသွားဒါပေါ့ ၎င်းတို့ကင်းငြိမ်းသွားတော့ အနာပျောက်လျှင် အနာဒုက္ခအေးတဲ့ သုခကိုတွေ့ရအလို ဒိဋ္ဌိဝိစိကိစ္ဆာကြောင့် ဖြစ်ရသောဒုက္ခတွေ အေးငြိမ်းတဲ့သန္တိသုခကို တွေ့ပါရော့ အေးငြိမ်းတဲ့ သန္တိသုခက နိရောဓသစ္စာ ၎င်းသုခကို ပဋ္ဌမ တွေ့သောစိတ်က မဂ်စိတ် မဂ္ဂသစ္စာနောက် ဝမ်းမြောက်သောစိတ်က ဖိုလ်စိတ် အဲဒီလိုသစ္စာလေးပါးကိုသိပြီး မဂ်ကိုရတယ်ကွဲ။

အနိစ္စကို ပြကြဦးစို့ကွဲ အကြောင်းတရား မထောက်ပံ့မှီကမရှိ ထောက်ပံ့တော့ ဖြစ်ပေါ်မလာဘူးလား။

မောင်စိန်။ ။ဖြစ်ပေါ်လာပါတယ်ဘုရား။

ဆရာ။ ။အဲဒါက ဥဒယဉာဏ် အသံတိတ်တော့ ပျောက်မသွားဘူးလားကွယ်။

မောင်စိန်။ ။ပျောက်သွားပါတယ်ဘုရား။

ဆရာ။ ။အဲဒါက ဝယဉာဏ် ပေါင်းလိုက်တော့ ဥဒယဗ္ဗယဉာဏ် အနိစ္စလက္ခဏာက မြင်ဒါပေါ့ ဒီကြားသိ

စိတ်သည် အကြောင်းလေးပါးမပြတ်သွားဘဲ သူပြတ်သွားပါမလား။

ခမောင်စိန်။ ။အကြောင်းတရား မပြတ်သွားဘဲ သူမပြတ်သွားပါဘုရား။

ဆရာ။ ။မိမိဘာသာ မထနိုင်ဘဲ သူတပါးကို အားထားနေရသူသည် မချမ်းသာသလို ဒိကြားသိစိတ်သည်လည်း အကြောင်းတရားများကိုသာ အားကိုး၍ အကြောင်းပြုပြင်သလို ဖြစ်ရဒါ ချမ်းသာသလား ဆင်းရဲသလား။

ခမောင်စိန်။ ။ဆင်းရဲပါတယ်ဘုရား။

ဆရာ။ ။အဲဒါက သင်္ခါရဒုက္ခ ပြုပြင်၍ ဖြစ်ပေါ်လာသော်လည်း အမြဲမနေ ပျက်စီး ဖေါက်ပြန်ပြီးမသွားပါလား။

ခမောင်စိန်။ ။ဖေါက်ပြန်၍ ပျက်စီးသွားပါတယ်ဘုရား။

ဆရာ။ ။အဲဒါက ဝိပရိဏာမဒုက္ခ ဒုက္ခလက္ခဏာကို သိသော ဉာဏ်သည် ဘင်္ဂဉာဏ် ဘယဉာဏ် စသော အဆက်ဝိပဿနာဉာဏ် ၈-ပါးဖြစ်သည် ဒါကြောင့် အော်ငင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာသုံးပါးကိုပင် ဖေါက်ပြန်မှုရှိသောကြောင့် ရုပ်အာရုံသို့ ညွတ်တတ်သောကြောင့် နာမ်လို့ မြတ်စွာဘုရားက ဟောတော် မူဒါပါလားလို့ ဒိဋ္ဌာမာနပညတ်ကိုခွာလိုက် ငင်း ရုပ် နာမ်ကိုပင် လူနတ် ဖြဟ္မာ ခွေး ဝက် ကြက် ငှက်လို့ လောက က, ခေါ်ဝေါ်

သမုတ်ကြဒါပါလားလို့ အဝိဇ္ဇာမာနပည်တ်ကို ခွာလိုက်ကွဲ ဒီလောကနဲ့ မကြေနပ်သေးရင်လဲ နည်းလေးပါးနှင့်ပြကြဦးစို့။

နား၊ အသံ၊ အာကာသ၊ မနသိကာရတို့သည် ကြားစိတ်ဟုတ်ရဲ့လား ကြားစိတ်ကလဲ နား၊ အသံ၊ အာကာသ မနသိကာရ ဟုတ်ရဲ့လားကွယ်။

မောင်စိန်။ ။မဟုတ်ပါတခြားစီဖြစ်ပါတယ်ဘုရား။

ဆရာ။ ။အဲဒါ နာနတ္တနည်းခေါ်တယ် နား အသံ အာကာသ မနသိကာရ တို့သည် ငါလား ကြားသိစိတ်က ငါလား။

မောင်စိန်။ ။သယ်ဟာမှငါမဟုတ်ပါဘုရား။

ဆရာ။ ။ငါဆိုဒါရှိရဲ့လား။

မောင်စိန်။ ။မရှိပါ အထင်လွဲမှုသာ ဖြစ်ပါတယ်ဘုရား။

ဆရာ။ ။ဒီလို ငါမရှိလျှင် ငါဆိုတဲ့ အသက်လိပ်ပြာကလေးသည်ဒီဘဝမှဟိုဘဝသို့ ဟိုဘဝမှဒီဘဝသို့ ပြောင်းရွှေ့ကာ နေတယ်ဆိုတဲ့ အယူဟာမှန်ပါမလားကွယ်။

မောင်စိန်။ ။မမှန်ပါဘုရား။

ဆရာ။ ။အဲဒါက သဿတဒိဋ္ဌိကို သတ်တာကွဲ ကြားစိတ်သည် နား အသံ မဟုတ်ပေမဲ့ ၎င်းနားအသံနှင့်ကင်းပြီးဖြစ်နိုင်ရဲ့လား။

မောင်စိန်။ ။မဖြစ်နိုင်ပါဘုရားဟာခုတည်းကဲ့သို့ ဆက်စပ်နေပါတယ်။

ဆရာ။ ။အဲဒါက ကေတ္တနည်းခေါ်တယ် နားနှင့် အသံပေါင်းဆုံမိလျှင် ကြားစိတ်သည်ဆီးမရတားမရ ဖြစ်ပေါ်ရမည်ဆိုတော့နောက်ဘဝ၏အကြောင်း ဖြစ်သော အဝိဇ္ဇာ တဏှာ ဒိဋ္ဌိကံသင်္ခါရတို့ရှိပါလျက် သေလျှင် ဘာမှမဖြစ်ဘူးဆိုသော အယူဟာ မှန်ပါမလားကွယ်။

မောင်စိန်။ မမှန်ပါဘုရား။

ဆရာ။ ။အဲဒါက ဥစ္ဆေဒဒိဋ္ဌိကို သတ်ထာကွဲ နားနှင့် အသံပေါင်းဆုံမိလျှင် ကြားသိစိတ်ဖြစ်မှ ဖြစ်ပါမလားလို့ ပူစရာ ရှိသေးသလား။

မောင်စိန်။ ။ပူစရာမရှိပါဘုရား။

ဆရာ။ ။ဒီလိုဆိုလျှင် ကုသိုလ် အကုသိုလ်ကို ပြုပေမဲ့ ကောင်းကျိုး ဆိုးကျိုးမရှိ ဆိုသော အယူဟာ မှန်ပါမလား။

မောင်စိန်။ ။မမှန်ပါဘုရား

ဆရာ။ ။အဲဒါက အဗျာပါရနည်း နတ္ထိကဒိဋ္ဌိကို သတ်ထာကွဲ နားနှင့်အသံပေါင်းမိလျှင် ကြားရမယ်လို့ ဘယ်သူအမိန့်ပေးထားဒါလဲကွယ်။

မောင်စိန်။ ။ဘယ်သူ၏ အမိန့်ကြောင့်မှ မဟုတ် သူ့သဘောတံထွာခဲမှုတာအတိုင်း အကြောင်းရှိလို့ အကျိုးပေါ်ဒါပါဘုရား။

ဆရာ။ ။ဒီလိုဆိုလျှင် ကောင်းကျိုးဆိုးကျိုးသည်ကုသိုလ်

အကုသိုလ်ကြောင့်မဟုတ် သူဖြစ်ချင်လို့ဖြစ်ထာ
ဆိုတဲ့ အယူဟာမှန်ပါမလားကွယ်။

မောင်စိန်။ ။မမှန်ပါဘုရား။

ဆရာ။ ။အဲဒါက ဝေဘမ္မတာနည်းတဲ့အဟေတုကဒိဋ္ဌိကို သတ်ထာကွဲ ကြားသိစိတ်သည် နားနှင့်အသံ မထောက် ပံ့မှီကမရှိသေး မထောက်ပံ့ဆဲ ခဏမှာဖြစ်ပြီးပျက်သွား တယ် ကြားသိစိတ်သာဖြစ်မှုရှိလို့ ပျက်ရဒါမဟုတ် အလုံး စုံသော ဖြစ်ခြင်းရှိတဲ့ သင်္ခါရမှန်လျှင် ပျက် မှာ ချည်း ဘဲ ဆိုဒါကို ဉာဏ်နှင့် ပိုင်အောင် ရဲအောင် မတွေဝေအောင် ရှုကွဲ။

အဲဒါ ဝိပရိဏာမ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသော သောတာပတ္တိ မဂ်ဉာဏ်တဲ့ မြတ်စွာဘုရားက ဘယ်လို ဟောသလဲဆိုတော့ ဓမ္မစက္ခုံ ဥဒပါဒိ ယံကိဉ္စိ သမုဒယ ဓမ္မံ သဗ္ဗံတံနိရောဓ ဓမ္မန္တိ တိဏ္ဏာဝိစိကိစ္ဆော ဝိဂတ ကထံ ကထော ဝေသာရဇ္ဇ ပတ္တောလို့ ဟောတော် မူတယ် အဓိပ္ပါယ်ကတော့ ဖြစ်ခြင်းရှိတဲ့ တရားမှန်ရင်ပျက်မှာ ချည်းဘဲလို့ မတွေမဝေ ရဲရဲရင့်ရင့် သိတဲ့ ဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ်တဲ့။

**အမှာစာ**

ကျန်သော ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊
ကာယဝိညာဉ်၊ မနောဝိညာဉ်တို့ကိုလည်း
အထက်က နည်းအတိုင်း စီစစ်ခလ။
တရားဟောခန်း ပြီး၏။

# တရားရှင်းခန်း

## သစ္စာလေးပါးသိပုံ၊

ဖြစ်ခြင်းရှိသော တရားမှန်သမျှသည် ပျက်မှာချည်းဘဲ ဟု မတွေမဝေသိသော ဉာဏ်သည် သောတာပတ္တိ မဂ် ဉာဏ်မည်၏ဟု မြတ်စွာဘုရား ဟောတော်မူ၏ ထိုဉာဏ် သည်ပင် သစ္စာလေးပါးကို သိသည်မည်၏ သိပုံကိုရှင်း လင်းဦးအံ့။

ဖြစ်ခြင်းဥပါဒ်သဘောမှ ပျက်ခြင်း ဘင်သဘောသို့ ဖေါက်ပြန်၍ သွားသည်ကို မြင်သောကြောင့် ဝိပရိဏာမ ဒုက္ခသစ္စာကို မြင်သည်မည်၏ ဝါ ပိုင်းခြား၍ သိသည် မည်၏။

## သမုဒယသစ္စာကွာပုံ၊

ဖြစ်ခြင်း ဥပါဒ်ကိုမြင်လျှင်ဥစ္ဆေဒဒိဋ္ဌိသေ၍ ပျက်ခြင်း ဘင်ကိုမြင်လျှင် သဿတဒိဋ္ဌိသေတော့သည်။

အာရုံဒွါရထိခိုက်လျှင်စိတ်ဖြစ်ပေါ်လာ၏ဟု အကြောင်း အကျိုးကို ပိုင်းခြားသိပြီး ဖြစ်သောကြောင့် အာရုံဒွါရ အစမရှိသလို စိတ်၏အစလည်း မရှိသည်ကိုမြင်ပြီး ဖြစ် ခြင်းသည် သံသရာ၏ရှေ့အစွန်း၌ ယုံမှားခြင်း ကင်းသည် မည်၏ ပုဗ္ဗန္တေကင်္ခါဘိဆိုသော ဝိစိကိစ္ဆာ ကင်းပျောက် တော့၏။

အကြောင်းရှိ၍ အကျိုးပေါ်ရဒါပဲဟု သိသောကြောင့် နောက်ထပ်လည်း အကြောင်းထောက်ပံ့တိုင်း ပေါ်ရမှာပဲဟု သိပြီးဖြစ်ခြင်းသည် သံသရာ၏နောက်အစွန်းကိုယုံမှားကင်းတော့၏ အပရန္တေ ကင်္ခါဆိုသော ဝိစိကိစ္ဆာပျောက်တော့၏။

ငှင်းရှေ့အစွန်း နောက်အစွန်း ၂-ပါး၌ ယုံမှားကင်းဒါသည်ပင် ပုဗ္ဗန္တာပရန္တေ ကင်္ခါ ဆိုသော ဝိစိကိစ္ဆာပျောက်တော့၏။

အကြောင်းတရားကြောင့် ဖြစ်ပြီးလျှင် ပျက်စီး တတ်သောတရားသာ ဟုတ်၏ဟု သိခြင်းသည်ပင် တရားကိုမြင်သည်မည်၏ တရားကိုမြင်မှ ဘုရားကလည်း မြင်နိုင်သည် ဆိုသည့်အတိုင်း သစ္စာကိုသိသော ဉာဏ်ဘုရားကို မြင်၍ မြတ်စွာဘုရားအပေါ်၌ ယုံမှားကင်းတော့၏ ဗုဒ္ဓေကင်္ခတိ ဆိုသော ဝိစိကိစ္ဆာပျောက်တော့၏ ဗုဒ္ဓေအဝေစ္စပသာဒေ ဆိုသော သောတာပန်အင်္ဂါနှင့်ပြည့်စုံတော့၏ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ အစစ်ဖြစ်တော့၏။

တရားကိုမြင်သဖြင့် တရား၌လည်း ယုံမှားကင်းတော့၏ ဓမ္မေကင်္ခတိဆိုသော ဝိစိကိစ္ဆာလည်း ပျောက်တော့၏ ဓမ္မေအဝေစ္စပသာဒေ ဆိုသော သောတာပန် အင်္ဂါနှင့်လည်းပြည့်စုံတော့၏ ဓမ္မံသရဏံ ဂစ္ဆာမိ အစစ် ဖြစ်တော့၏။

မိမိကိုယ်တိုင် ပရမတ္ထသံဃာ ဖြစ်သောကြောင့် သံဃာအပေါ်၌လည်း ယုံမှားကင်းတော့၏ သံဃေ ကင်္ခတိ ဆို

သော ဝိစိကိစ္ဆာလည်း ပျောက်တော့၏ သံသယ အဝတ္ထု ပသာဒေါဆိုသော သောတာပန် အင်္ဂါနှင့်လည်း ပြည့်စုံတော့၏ သံဃာသရဏဂုဏ္ဌာ ဂစ္ဆာမိအစစ်လည်းဖြစ်တော့၏။

အမှန်တရားကို မြင်သောကြောင့် အမှန်ကိုဖုံးကွယ်သော မောဟနှင့်တကွ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စတို့ ချုပ်တော့၏ ၎င်းတို့ ချုပ်ခြင်းကြောင့် ဒုစရိုက်ကိုပြုဘို့ရာ ရှက်ကြောက်၍ လာတော့၏ သို့အတွက် သီလလည်း အလိုလို လုံခြုံတော့၏ သီလလုံခြုံသဖြင့် သိက္ခာယကန်တိဆိုသော ဝိစိကိစ္ဆာ ပျောက်တော့၏ အရိယာကန္တေဟိ သီလေဟိ သမန္နာဂတော ဆိုသော သောတာပန် အင်္ဂါနှင့် ပြည့်စုံတော့၏။

အကြောင်းကြောင့် အကျိုးတရားတို့ ဖြစ်ပေါ်ရသည်ကိုမြင်ပြီး ဖြစ်သောကြောင့် ပဋိစ္စ သမုတ်ပ္ပါဒ်၌ ယုံမှားကင်းတော့၏ ပဋိစ္စ သမုပ္ပါဒေ ကင်္ခတိ ဆိုသော ယုံမှားကင်းတော့၏ ဤကား ဝိစိကိစ္ဆာ ၈-ပါး ကင်းပုံ သောတာပန် အင်္ဂါလေးပါး ပြည့်စုံပုံ သရဏဂုံ သုံးပါးတည်ပုံတည်း။

## ယုံမှားခြင်း ၁၆-ပါးကင်းပုံကိုပြဦးအံ့။

ငါဆိုဒါမရှိ အကြောင်းတရားကြောင့် အကျိုးတရား ပေါ်ဒါဟုမြင်ပြီး မြင်သဖြင့် ငါနှင့်စပ်၍ ဖြစ်ပေါ်သော ငါသည် ရှေးဘဝက ဖြစ်ခဲ့လေသလော မဖြစ်ဘဲနေသလော ဘယ်ဇာတိနှင့် ဖြစ်ခဲ့လေသနည်း ဘယ်အသွင်သဏ္ဍာန်ဖြစ်ခဲ့လေသနည်း။

ဘာဖြစ်ပြီး ဘယ်လိုဖြစ်ခဲ့လေသနည်းဟု အတိတ်၌ ၅-ပါး ငါသည် အနာဂါတ်ဘဝသို့ သွားရဦးမည်လော မသွား တော့ဘူးလော ဘယ်ဇာတ်ဖြင့် သွားမည်နည်း ဘယ်အ သွင်သဏ္ဌာန်ဖြင့် သွားမည်နည်း ဘာဖြစ်၍ ဘယ်လိုဖြစ်ဦး မည်နည်းဟုအနာဂါတ်၌ ၅-ပါး။

ငါဆိုဒါဟုတ်လေသလော မဟုတ်လေသလော ငါဆို သော အသက်လိပ်ပြာသည် ဘယ်ဇာတ်ဖြင့် နေရပါလိမ့် ဘယ်ပုံသဏ္ဌာန် နေပါလိမ့်မည်နည်း ဤငါဆိုသော အ သက်လိပ်ပြာသည် ဘယ်ဘဝကလာ၍ ဘယ်ဘဝသို့သွား မှာနည်းဟု ပစ္စုပ္ပန်၌ ၆-ပါး ပေါင်း၁၆-ပါးသောယုံမှား ခြင်းတို့ပျောက်ကုန်၏။

သပ္ပုရိသထံမှာတရားနာ၍ ဆင်ခြင်ဒါနှင့်ဒိဋ္ဌိဝိစိကိစ္ဆာ သေခြင်းသည် ကိုယ်တွေ့ ဖြစ်နေသောကြောင့် ခွေးကဲ့သို့ ကျင့်မှ နွားကဲ့သို့ကျင့်မှ ကိလေသာ သေမှာဟု အထင် မှားသော သီလဗ္ဗတပရာမာသ သံယောဇဉ်လည်းပျောက် ကင်းတော့၏။

ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းလတ်သော် ၎င်းတို့နှင့်ယှဉ်သော အဝိဇ္ဇာဒိဋ္ဌိဂတသမ္ပယုတ် တဏှာလောဘ သမုဒယသစ္စာ တို့လည်း ကင်းပျောက် ကွာရှင်းတော့၏ ဤသည်ပင် သ မုဒယသစ္စာကိုမြင်သည်မည်၏ စွန့်သည်မည်၏။

နိယောဇသစ္စာဆိုဒါက ပါဠိစကား ဗမာပြန်လိုက်ရင် ချုပ်ငြိမ်းရာအမှန်လို့ အဓိပ္ပါယ်ရတယ် ဘာချုပ်ငြိမ်း တာလဲဆိုတော့ ကိလေသာချုပ်တာနှင့် ခန္ဓာချုပ်ထာလို့ဖြေ

ရမယ် ကိလေသာချုပ်ရာက သဥပါဒိသေသနိဗ္ဗာန် ခန္ဓာချုပ်ရာကအနုပါဒိသေသနိဗ္ဗာန် ဖြစ်သည် နိရောဓသစ္စာကို မျက်မှောက်ပြုပုံကိုပြဘို့ရာ ဥပမာကို အရင်ပြအုံးမယ်။

နွေရာသီ ကဆုန်-နယုန်မှာ ဘိနပ်မပါ ထီးမပါဘဲခရီးသွားသောသူသည် အပူဒုက္ခဖြင့် အမြဲဆင်းရဲ နေသည့်အတွက် မခံနိုင်၍ အရိပ်အာဝါသ ဘယ်မှာရှိပါလိမ့်မည်နည်းဟု ဟိုဟိုဒီဒီကြည့်လတ်သော် အေးမြကြည်လင်သောရေကန်ကြီးနှင့် နေပျောက်မထိုးအောင် အရိပ်ကောင်းသည့် မြိုင်တခုကိုမြင်၍ ထိုမြိုင်သို့သွားတော့၏ ရောက်လျှင်အပူဒုက္ခတွေချုပ်ပျောက်ပြီး အေးအေးသုခကို တွေ့ရသကဲ့သို့၎င်း၊ တနည်း နေ့ရောညပါ မအိပ်ရအောင် ပြည်ကိုက်နေသော အနာရှိသောသူသည်မခံနိုင်၍ ပြည်စုပ်သော ဆေးကောင်းကို အုံထားရာ မန်းပြည်ပေါက်၍ ချမ်းသာခြင်းကိုရသကဲ့သို့၎င်း ထိုဥပမာအတိုင်း ဖြစ်သမျှပျက်မှာချည်းဘဲဟု ဒုက္ခသစ္စာကို မဂ်ဉာဏ်နှင့် ပိုင်းခြား၍ သိဒါနှင့်တပြိုင်နက် ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ သံယောဇဉ်သုံးပါး ကင်းငြိမ်းသွားတော့ ၎င်းကိလေသာ အပူဒုက္ခမှအေးမြသော သန္တိသုခကြီးကို မိမိကိုယ်တိုင် မျက်မှောက်တွေ့ရတော့၏ အနာသည် ခန္ဓာငါးပါးနှင့်တူ၏ ပြည်သည်ကိလေသာနှင့်တူ၏ ပြည်စုပ်ဆေးသည် မဂ္ဂသစ္စာနှင့် တူ၏ပြည်ပေါက်ခြင်းသည် သမုဒယသစ္စာကင်းကွာဒါနှင့် တူ၏ပြည်ပေါက်၍ ချမ်းသာသုခရဒါနှင့် သန္တိသုခကို ရဒါနှင့်တူ၏ အဲဒီကဲ့သို့ ဒိဋ္ဌိဝိစိကိစ္ဆာ ချုပ်ငြိမ်း၍အမြဲတန်းအေးမြသော သန္တိသုခကို တွေ့ရခြင်းသည်ပင် နိရောဓသစ္စာကို မျက်မှောက်ပြုသည်မည်၏ ဒုက္ခသစ္စာကို သိပြီး

ဖြစ်ရ၏ အမှန့်သိ၍ အမှောင်လင်းသွားသောအခါ ၎င်း အကုသိုလ်စေတနာသူခိုးသည် မဖြစ်လာတော့ချေ အဟာဝ ရိက အနောဂ္ဂပ္ပဟုဆိုအပ်သော လူမိုက်အားပေး သူခိုး လက်ခံသူလည်းမရှိတော့ရကား ရှက်လည်းရှက် ကြောက် လည်းကြောက် သောကြောင့် အကုသိုလ်စေတနာ မဖြစ် တော့ချေ၊ ဤသို့မဖြစ်ခြင်းကိုပင် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ မဂ္ဂင်ဖြစ်တော့သည် သီလမဂ္ဂင်ခေါ်သည်။

အဲဒီလိုတသံသရာလုံးက မသိခဲ့ဘူးသော အမှန့်သိမင် ကုသိုလ်ကြီး ပေါ်လာခြင်းသည် အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယဝါယမော ဆိုသော သမ္မပ္ပဓါန်ဖြစ်၏၊ မဖြစ်ဘူး သော ကုသိုလ်ကိုဖြစ်အောင် လုပ်သည်မည်၏ ရှေးတုံးက ပြုခဲ့ဘူးသော ပြုနေကြ ဒါနတို့ကိုလည်းအဆုတ်မရှိ တိုး၍ သာ ပြုတော့၏ ရှေးတုံးက စောင့်ခဲ့ဘူးသော သီလတို့ကို လည်း အဆုတ်မရှိ တိုး၍သာ စောင့်တော့၏ ဤကား ဥပ္ပန္နာနံကုသလာနံ ဘိယျောဘာဝါယ ဝါယမောဆိုသော သမ္မပ္ပဓါန်ဖြစ်တော့၏ ဖြစ်ပြီးသော ကုသိုလ်တရား တို့ကို တိုးပွားအောင် အားထုပ်သည်မည်၏ ဤကဲ့သို့ အမှန်ကို သိပြီး အမှားကိုပါယ်လိုက်သောအခါအဝိဇ္ဇာဒိဋ္ဌိဆိုသော မြေခါတ်ရေခါတ်တို့မရှိသဖြင့် အတိတ်ကပြုခဲ့သော အကု သိုလ် တရားတို့အား မရှိတော့ဘဲ ချုပ်ပျောက်ရတော့၏ ဤသည်ပင် ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပါယ်ခြင်း ငါ လုလ္လပြုခြင်းဆိုသော သမ္မပ္ပဓါန် ဖြစ်တော့၏ ဒီဘဝမှာ မပြုရသေးသော ပဉ္စာနန္တရိယကံငါးပါး နိယတမိစ္ဆာဒိဋ္ဌိ တို့ကိုလည်း ဘယ်တော့မှမပြုတော့ချေ ဤသည်ပင် မဖြစ် သေးသော အကုသိုလ်တရားတို့ကို မဖြစ်အောင် လုလ္လံပြု

ခြင်း သမ္မပ္ပဓါန်မည်၏ ဤသမ္မပ္ပဓါန် (၄) ပါးနှင့် ပြည့်စုံခြင်းသည်ပင် သမ္မာဝါယမမဂ္ဂင်ဖြစ်၏ မြင်စိတ် ကြားစိတ်တို့၏ ဖြစ်မှုပျက်မှုကိုအမှတ်ပြု၍ ဆင်ခြင်ဒါသည်ပင် သမ္မာသတိ မဂ္ဂင်မည်၏ ထိုမြင်စိတ် ကြားစိတ် တည်းဟူသောအာရုံ၌ တည်ကြည်ဒါသည်ပင်သမ္မာသမာဓိ မဂ္ဂင်မည်၏ တပြိုင်နက် သူ့ကိစ္စ ငါ့ကိစ္စကို ဆောင်ရွက်နေကြသော ၎င်း(၈)ပါးအစုအဝေးကိုပင် မဂ္ဂသစ္စာခေါ်သည် ဤဆိုအပ်ပြီးသော စကားစုသည် ဖြစ်ခြင်းသဘောရှိက ပျက်ရမှာကေန်ဟုအမှန်သိသောဉာဏ်၌ သစ္စာလေးပါး ပါဝင်ပုံ သရဏဂုံသုံးပါးတည်ပုံကို ပြခြင်းပေတည်း။

## လောကသုံးပါးမှ ထွက်ပုံ၊

အကြောင်းတရား ထောက်ပံ့မှုကြောင့် ဖြစ်ပြီးလျှင်ပျက်စီးတတ်သော ဒုက္ခသစ္စာ တရားသာလျှင် ဟုတ်၏ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ား-မိန်းမအသက်လိပ်ပြာ မဟုတ်ဟု မဂ်ဉာဏ်ဖြင့်အမှန် သိခြင်းသည်ပုဂ္ဂိုလ်သတ္တဝါစွဲပျောက်သောကြောင့် သတ္တလောကမှထွက်သည်မည်၏ ဤကဲ့သို့အမှန်ကို သိသည်ရှိသော် အမှန်ကိုဖုံးကွယ်သော အဇ္ဇာနှင့် အမှားသိ ဒိဋ္ဌိဝိစိကိစ္ဆာတို့ ချုပ်ပျောက်တော့၏ ၎င်းတရားတို့ ချုပ်သည်ရှိသော် မြေရေနှစ်ပါးနှင့်မတွေ့ရသော မျိုးစေ့တို့ကဲ့သို့ တသံသရာလုံးက မိုက်ခဲ့သော အကုသိုလ် မျိုးစေ့တို့သည် သင်္ခါရ မဖြစ်နိုင်တော့ချေဤကဲ့သို့ သင်္ခါရမဖြစ်ခြင်းသည်ပင် သင်္ခါရလောကမှ လွတ်သည်မည်၏ ပဋိသန္ဓေဝိညာဉ်သည် သင်္ခါရရှိမှ ဖြစ်သောကြောင့် အပုညာဘိသင်္ခါရ လောကမှ လွတ်ပြီးသောသူ

ကို မခံစားရကုန်ဟု ဟောတော်မူတာပေါ့ ယခုပြောခဲ့သော သုခတို့သည် နိဗ္ဗာန်အစစ်မဟုတ် လောကီစိတ်နှင့်တွေ့ဒါမို့ လောကီနိဗ္ဗာန်ဟု ဆိုရပေမည် နိဗ္ဗာန်အစစ်ကို နည်းမှီပြီး မှန်းတတ်ဘို့ပါဘဲ သစ္စာယမိုက်မှာ မြတ်စွာဘုရားဟောတော်မူဒါက နိယောဓေါ နိယောဓ သစ္စန္တိ နိယောဓသစ္စံ ထပေတွာ အဝသေသော နိယောဓေါ နနိရောဓသစ္စံ နိယောဓသစ္စံ နိရောဓေါစေဝ နိရောဓသစ္စဉ္စ ဟု ဟောတော်မူတယ်။

အဓိပ္ပါယ်က ဒီလိုကွဲ နိရောဓမည်သော တရားသည် နိရောဓသစ္စာ မည်သလားလို့ မေးခွန်း ထုပ်တော်မူတယ် ၎င်းမေးခွန်းကို မြတ်စွာဘုရားပင်ဖြေတော်မူတယ် ဘယ်လိုဖြေသလဲဆိုတော့ တဒင်္ဂနိရောဓ ဝိက္ခမ္ဘနနိရောဓ သမုစ္ဆေဒနိယောဓ ပဋိပဿဒ္ဓိ နိရောဓတို့သည် နိရောဓသာမည်၍ နိရောဓသစ္စာမမည်နိဗ္ဗာန်သည်နိရောဓလည်းမည်၏နိရောဓသစ္စာလည်း မည်၏တဲ့ ဒီလိုဆိုတော့ နိရောဓနှင့် နိရောဓသစ္စာခွဲခြားရလိမ့်မည် အကျဉ်းစကားပြောရလျှင် နိရောဓသည် စိတ်စေတသိက် နီဝရဏ တို့၏ ချုပ်ခြင်းကိုရ၏ နိရောဓသစ္စာသည် နီဝရဏ ကိလေသာတို့ချုပ်၍ တွေ့ရသော သုခပရမတ်ကိုရ၏ ဒါကြောင့် မဟာကုသိုလ်စိတ်ဖြစ်ဆဲခဏ ဆိုင်ရာကိလေသာတို့ ချုပ်ခြင်းသည် တဒင်္ဂနိရောဓတွေ့ရသော သုခဓါတ်က တဒင်္ဂနိဗ္ဗာန် မဟဂ္ဂုတ်စိတ်တို့ဖြစ်ခိုက် ဆိုင်ရာနီဝရဏတို့ ချုပ်ငြိမ်းကြ၏ ချုပ်ခြင်းက ဝိက္ခမ္ဘနနိရောဓ ချုပ်၍ တွေ့ရသော သုခဓါတ်က ဝိက္ခမ္ဘန နိဗ္ဗာန် ဤကား လောကီနိဗ္ဗာန် နိဗ္ဗာန်အစစ်မဟုတ် မဂ်စိတ်ဖြစ်ခိုက် ဆိုင်ရာကိလေသာ မြစ်ပြတ်

ချုပ်ကြ၏ ချုပ်ငြိမ်းခြင်းသည် သမုဒ္ဒေနိရောဂ ချုပ်၍ တွေ့ရသောသုခပရမတ်က သမုဒ္ဒေနိဗ္ဗာန် နိရောဂသစ္စာ ဖြစ်၏ ဖိုလ်ဇောဖြစ်ခွက် ဆိုင်ရာက ိလေသာတို့ ချုပ်ငြိမ်း ပြီးဖြစ်လေသည် မရှိခြင်းအဘာဝက ပဋိပဿဒ္ဓိ နိရောဓ တွေ့ရသောသုခပရမတ်က ပဋိပဿဒ္ဓိနိဗ္ဗာန်နိရောဂသစ္စာ ဖြစ်သည် ဤကဲ့သို့ခွဲခြား၍ သိရာသည် ဤနိဗ္ဗာန်သည် ဖြစ်ခြင်း ပျက်ခြင်းမရှိ အမြဲ ငြိမ်းနေသောကြောင့် နိရောဂ လည်းမည်၏ ကိလေသာတို့ ချုပ်ရာမှန် သောကြောင့် နိရောဂသစ္စာလည်းမည်၏ ဤသဘောသည် ယမိုက်ကျမ်းကို ချတတ်ရုံနှင့်မမြင် ဝိပဿနာဉာဏ်ရင့်သန်မှမြင်သည်။

မဂ္ဂသစ္စာဆိုဒါက မဂ္ဂင်(၈)ပါးကိုခေါ်တယ် မဂ္ဂင်(၈) ပါးသည် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိကို ခေါ်သည် အဂင်္ပါယ်ကို ပြကြစို့ ဖြစ်သမျှ ပျက်မှာဘဲဟု သိသောဉာဏ်သည် မှန်ကန်သော အသိဉာဏ် ဖြစ်သော ကြောင့် သမ္မာဒိဋ္ဌိမည်၏။

ဖြစ်မှု ပျက်မှု သဘောသို့ တင်ပေးတတ်သော သဘော သည် သမ္မာသင်္ကပ္ပမည်၏ အိဒ္ဓိလို သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဟုဆိုအပ်သော ပညာ မဂ္ဂင်ဖြင့် အမှန်ကို သိလိုက်တော့ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ပါး ဝိစိကိစ္ဆာသဟဂုတ် စိတ် (၁)ပါး၊ ပေါင်း(၅)ပါးမှ ာယှဉ်သောမောဟ အဟာရိက အနောတ္တပ္ပ ဥဒ္ဓစ္စ (၄) ပါးသည် ပျောက်ကွယ်သွားတော့ ၏ သူခိုးသည် အမှောင်ကို အားကိုးပြီး ခိုးဘို့ရာ အား ထုပ်စဉ် မီးလင်းသွားဒါနှင့် မခိုးဖြစ်သလို အကုသိုလ် စေတနာသူခိုးသည်လည်း မောဟမှောင်ကို အားကိုပြီး

နိဗ္ဗာန်ကို တဖန်မြင်အောင် ကြည့်နေရတော့သည် မဟုတ် အလိုလိုတွေ့ရတော့၏ ဥပမာ အမှောင်ထဲ၌ မီးခြစ်ကို ခြစ်လိုက်သည်ရှိသော် အမှောင်ပျောက်၍ အနီးအနားမှာ ရှိတဲ့ ဝတ္ထုကိုအလိုလို တွေ့ရသကဲ့သို့ပေတည်း မီးခြစ်ဆံသည် မဂ္ဂသစ္စာနှင့်တူ၏ ခြစ်မှုသည် ဒုက္ခသစ္စာကိုပိုင်းခြား၍သိဒါနှင့်တူ၏ အမှောင်ပျောက်ခြင်းသည် သမုဒယသစ္စာကွာဒါနှင့်တူ၏ အနီးအနား ဝတ္ထုကို အလိုလိုမရှာရဘဲ တွေ့ခြင်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုဒါနှင့်တူသည် ဤကဲ့သို့ ဘယ်လိုပင် ပြောသော်လဲ ဒုက္ခသစ္စာ မမြင်ပါက နိဗ္ဗာန်ကို မမြင်နိုင်ပါဘူး ဒါကြောင့် ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိလို့ ဟောတော်မူဒါပေါ့ ဒါကြောင့် နိဗ္ဗာန်သည် မိမိတွေ့မှ သိရသော သုခပရမတ်ဖြစ်သည် ပုထုဇဉ်တို့ထင်သလို ဘာမှမရှိ ဟာလာ ဟင်းလင်း ခြောက်သွေ့သွေ့ကြီးလည်းမဟုတ်ချေ နိဗ္ဗာန်သည် ပရမတ္ထ တရားဖြစ်၍ အထင်အရှား တွေ့ရသော ဓါတ်တမျိုးဖြစ်သည် ရုပ်ထူးနာမ်ထူးလည်းမဟုတ် သင်္ဂဟအဋ္ဌကထာ ရုပ် နာမ် ခွဲခန်း၌ စိတ်စေတသိက်နိဗ္ဗာန်ကိုနာမ်ဟုဆိုလေသည် ဤအဓိပ္ပါယ်ကား မဂ်စိတ် ဖိုလ်စိတ်နှင့် ၎င်းတို့၌ယှဉ်ရာ စေတသိက်တို့ အာရုံပြု၍ ညွတ်ရာဖြစ်သောကြောင့် နိဗ္ဗာန်ကို နာမ်စာရင်း ထည့်သွင်းခဲ့လေသည် ဒီလိုဆိုရင် ရုပ်တရားတို့လဲ စိတ်စေတသိက်တို့ ညွှတ်ရာမဟုတ်လားဟု စောဒက ဝင်စရာရှိ၏ ရုပ်တရားမှာ ဖေါက်ပြန်တတ်သော လက္ခဏာထူးရှိသောကြောင့် နိဗ္ဗာန်ဟုမဆိုနိုင် နိဗ္ဗာန်ကား ဖေါက်ပြန်တတ်သော လက္ခဏာမရှိရကား နာမ်စာရင်းသို့ သွင်းရလေသည် နာမ်ထူးတော့ မဟုတ်ချေ အကယ်၍ နာမ်ထူး

ဖြစ်ခဲ့သော် အဇ္ဈတ္တိကာဓမ္မာ ပုဒ်အရ၌ပါဝင်သင့်လေသည် ယခုတော့မပါဝင်ဘဲ ဗဟိဒ္ဓါဓမ္မာပုဒ်အရမှာသာပါဝင်လေသည် ဒါကြောင့် နိဗ္ဗာန်မဂ္ဂဖလာန မာရမ္မဏာ ဘူတော အသင်္ခတ ဓမ္မောဟု အာရုံနာမ် ဖြစ်ကြောင်း သင်္ဂဟ အဋ္ဌကထာ ဆိုလေသည် ထို့ကြောင့် နိဗ္ဗာန်သည် စိတ် စေတသိက် ရုပ်မှ တပါးသော ပရမတ်တမျိုးဖြစ်လေသည် နိဗ္ဗာန်အစွစ်ကို မှန်းသာရုံ လောကီ နိဗ္ဗာန်ကိုပြဦးမည် မိမိတကယ်ချစ်သောသူကို ပထမ မေတ္တာပို့လိုက်ပါ ၎င်း မေတ္တာစိတ်မျိုးနှင့် သဗ္ဗဝါ အပေါင်းအား အာရုံပြုပြီး မေတ္တာပွားလိုက်စမ်းပါ သတ္တဝါ အပေါင်း တကယ်ချမ်းသာစေလိုသော မေတ္တာစိတ်ဖြစ်ပေါ်လာလိမ့်မည် ထိုအခါ အဘိဇ္ဈာ ဗျာပါဒဆိုတဲ့ တရားဆိုးတွေဟာ ချုပ်ငြိမ်းသွားပါလိမ့်မည် ချုပ်ငြိမ်းသွားလျှင် ခေတ္တ ခဏ အေးမြတဲ့ သုခကိုတွေ့ပါလိမ့်မည် တွေ့တတ်တာက မဟာကုသိုလ်စိတ် တွေ့အပ်သော သုခက လောကီနိဗ္ဗာန်ပေါ့ လောကီစိတ် နှင့် တွေ့သောကြောင့် လောကီ နိဗ္ဗာန်ဟု ခေါ်ထား ပါသည်။

တနည်း ကာယကထာသတိခေါ် အသုဘ ဘာဝနာကို တကယ်ရှုရှုသော စိတ်ဖြင့် ကြည့်လိုက်ပါ ရှုရှုသော စိတ်ပေါ်လာလျှင် ရာဂ တရားသည် ခေတ္တ ငြိမ်းသွားပါ လိမ့်မည် ရှုရှုသောစိတ်သည် မဟာကုသိုလ်စိတ် ရာဂ ငြိမ်း၍ အေးမြသော သုခက လောကီနိဗ္ဗာန် ဒါကြောင့် မြတ်စွာဘုရားက အကြင်သူတို့သည်ကာယကထာသတိကို ပွားကုန်၏ ထိုသူတို့သည်၂နိဗ္ဗာန်အရသာကိုခံစားရကုန်၏ အကြင်သူတို့သည်မပွားကုန် ထိုသူတို့သည်နိဗ္ဗာန်အရသာ

တည် အပါယ်လေးပါး ပဋိသန္ဓေဝိညာဉ် မဖြစ်တော့ချေ ဤကဲ့သို့ မဖြစ်ခြင်းသည်ပင် အပါယ်လေးပါး တည်းဟူသော ဩကာသ လောကမှ လွတ်သည် မည်၏ အဲဒီလို လောကသုံးပါးမှ လွတ်အောင် သိသောဉာဏ်နှင့်ယှဉ်ရာ စိတ်ဖြစ်သောကြောင့် လောကုတ္တရာစိတ်ခေါ်သည်။

## ဝဋ်သုံးပါးမှ လွတ်ပုံ၊

မဂ်ဉာဏ်ဖြင့် အမှန်သိသောကြောင့် အမှန်ကိုဖုံးကွယ်သည့်မောဟနှင့်အမှားသိဒိဋ္ဌိဝိစိကိစ္ဆာတို့ချုပ်ပျောက်ကြလေသည် ဤသည်ပင် ကိလေသာ ဝဋ်မှလွတ်သည်မည်၏ မျိုးစေ့တို့သည် မိုးမိမှအပင်ပေါက်နိုင်သလို ကံမျိုးစေ့တို့လည်း ကိလေသာမိုးမိမှ သန္ဓေရ ဖြစ်နိုင်ရကား အပါယ်လေးပါးကို အကျိုးပေးမည့် အကုသိုလ်မျိုးစေ့တို့ကိုဆွတ်ဖြန်းပေးမည့် ကိလေသာဝဋ် မရှိတော့သောကြောင့် ကမ္မဝဋ်လည်းပျက်စီးရတော့၏ အပင်တို့သည် မျိုးစေ့ရှိမှ ပေါက်နိုင်ကြသလို ဝိပါကဝဋ်ခေါ်သော အပါယ် ခန္ဓာသတ္တဝါအပင်တို့သည်လည်း ကမ္မာဝဋ်ရှိမှ ဖြစ်နိုင်ရကား ကမ္မဝဋ်ကြီး ပျက်စီး ဖြစ်သောကြောင့် အပါယ် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့သည် မဖြစ်တော့ချေ ဤသည်ပင် ဝိပါကဝဋ်ကလွတ်သည်မည်၏ ဤကဲ့သို့ ဝဋ်သုံးပါးမှလွတ်စေတတ်သောကြောင့် ၎င်းမဂ်ကုသိုလ်သည် ဝိဝဋ္ဋကုသိုလ်မည်၏။

## ဗောဓိပက္ခိယ တရားများနှင့်ပါဝင်ပုံ။

စက္ခုဝိညာဉ် သောတာဝိညာဉ်တို့၏ ဖြစ်ပုံ ပျက်ပုံကို

သတိထားပြီး ပုဂ္ဂိုလ်သတ္တဝါ အစွဲပျောက်နေဒါသည်ပင် စိတ္တာ နုပဿနာသတိ ပဋ္ဌာန်မည်၏၊ ဖြစ်ပြီးသော အကုသိုလ် တို့ကို ပယ်စွန့်နိုင်ဘို့ မဖြစ်သော အကုသိုလ်တို့ကို မဖြစ်စေဘို့ မဖြစ် သေးသော မဂ် ကုသိုလ်ကို ဖြစ်စေဘို့ ဖြစ်ပြီးသော ကုသိုလ်များကို တိုးပွားစေဘို့ အားထုတ်နေဒါသည်ပင် သမ္မပ္ပဓါန်မည်၏။

သမ္မပ္ပဓါန်ကို အားထုတ်ခြင်းသည် မဂ် ဖိုလ် နိဗ္ဗာန်ကို ဆန္ဒရှိ၍ အားထုတ်ခြင်း ဖြစ်သည် ၎င်းဆန္ဒ စေတသိတ်လည်း ဆန္ဒိဒ္ဓိပါဒ်မည်၏ အားထုတ်ခြင်း ဝိရိယစေတသိတ်သည် ဝိရိယိဒ္ဓိပါဒ်မည်၏ ၎င်းတို့နှင့် ယှဉ်သောစိတ်သည် စိတ္တိဒ္ဓိပါဒ်မည်၏ အားထုတ်မှုနှင့် ယှဉ်သောဉာဏ်သည် ဝိမံသိဒ္ဓိပါဒ်မည်၏။

တရားကို အားထုတ်တယ်ဆိုဒါ ဘုရား တရားကို ယုံကြည်၍ အားထုတ်ခြင်းဖြစ်သည် ၎င်းကဲ့သို့ ယုံကြည်မှုသဒ္ဓါစေတသိတ်သည် ဆိုင်ရာသမ္ပယုတ် တရားတို့ကို ယုံကြည်မှုကိစ္စ၌အစိုးရသောကြောင့် သဒ္ဓိန္ဒြေမည်၏ အားထုတ်ခြင်း ဝိရိယစေတသိတ်သည် အားထုတ်မှုကိစ္စ၌ ဆိုင်ရာ သမ္ပယုတ်တရားတို့ကို အစိုးရသောကြောင့် ဝိရိယိန္ဒြေ မည်၏ တရားကို အမှတ်ပြုနေသော စေတသိတ်သည်လည်း အမှတ်ရခြင်းကိစ္စ၌ ဆိုင်ရာသမ္ပယုတ်တရားတို့ကို အစိုးရသောကြောင့် သတိန္ဒြေမည်၏ တရားအာရုံ၌ တည်ကြည်နေသောသမာဓိသည် တည်ကြည်ခြင်းကိစ္စ၌ အစိုးရသောကြောင့် သမာဓိန္ဒြေမည်၏ အမှန်ကို သိသောပညာသည် အမှန်ကိုသိခြင်း၌ ဆိုင်ရာ သမ္ပယုတ် တရားတို့ကို အစိုးရသောကြောင့် ပညိန္ဒြေမည်၏။

သဒ္ဓိန္ဒြေသည်ပင် ယုံကြည်မှုကိစ္စ၌ ဆိုင်ရာ သမ္မယုတ်တရားတို့၏ အကြီးအကဲဖြစ်သောကြောင့် သဒ္ဓါဗိုလ်မည်၏ ဝိရိယိန္ဒြေသည်ပင် အားထုတ်ခြင်းကိစ္စ၌ ဆိုင်ရာသမ္မယုတ်တရားတို့၏ အကြီးအကဲဗိုလ် ဖြစ်သောကြောင့် ဝိရိယဗိုလ်မည်၏ သတိန္ဒြေသည်ပင် တရားကိုအမှတ်ရခြင်းကိစ္စ၌ ဆိုင်ရာ သမ္မယုတ်တရားတို့၏ အကြီးအကဲဗိုလ်ဖြစ်သောကြောင့် သတိဗိုလ်မည်၏ သမာဓိန္ဒြေသည်ပင် တည်ကြည်ခြင်းကိစ္စ၌ ဆိုင်ရာသမ္မယုတ်တရားတို့၏ အကြီးအကဲ ဗိုလ်ဖြစ်သောကြောင့် သမာဓိဗိုလ်မည်၏ ပညိန္ဒြေသည်ပင်အမှန်သိခြင်းကိစ္စ၌ဆိုင်ရာ သမ္ပယုတ်တရားတို့၏ အကြီးအကဲ ဗိုလ်ဖြစ်သောကြောင့် ပညာဗိုလ်မည်၏။

ဗောဇ္ဈင်ဆိုသည်မှာ သစ္စာ၄-ပါးကို သိကြောင်းအစိတ် အင်္ဂါပေတည်း လှည်းဘီးသည် လိမ့်ခြင်းဖြင့် လှည်း၏ ကိစ္စကိုဆောင်ရွက်၏ဝင်ရိုးသည်လှည်းတန်းကိုထမ်းခြင်း ဘီး ၂-ခုကို မတ်မတ်နေစေခြင်းဖြင့် လှည်း၏ ကိစ္စကို ဆောင်ရွက်၏ လှည်းတန်းသည် လှည်းအိမ်ကို ထမ်းထားခြင်း နွားဆွဲရာသို့ လှည်းကိုပါစေခြင်းဖြင့် လှည်း၏ ကိစ္စကိုဆောင်ရွက်၏ ထမ်းပိုးသည် လှည်းကို ဆွဲခြင်းကိစ္စဖြင့် လှည်း၏ကိစ္စကို ဆောင်ရွက်၏။

ထို့ကြောင့် ၎င်းတို့ကို လှည်း၏ အင်္ဂါဟု ခေါ်ဆိုကြရသလို ထိုအတူ သတိစေတသိက်သည် တရားကိုအမှတ်ရခြင်းဖြင့် မဂ်ဉာဏ်၏အမှုကို ကူညီ ဆောင်ရွက်ကြ၏ သို့အတွက် သတိသမ္ဗောဇ္ဈင်မည်၏ ပညာ စေတသိက်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းဖြင့် မဂ်ဉာဏ်၏ အမှုကိစ္စကို

ဆောင်ရွက်၏ သို့အတွက် ဓမ္မဝိစယ သမ္ဗောဇ္ဈင် မည်၏ ဝီရိယသည် အမှန်သိအောင် အားထုတ်ခြင်းဖြင့်မဂ်ဉာဏ်ကိုကူညီဆောင်ရွက်ပေး၏ သို့အတွက် ဝီရိယ သမ္ဗောဇ္ဈင် မည်၏ ပီတိသည်တရားကို နှစ်သက်ခြင်းဖြင့် မဂ်ဉာဏ်၏ အမှုကိစ္စကို ကူညီ ဆောင်ရွက်ပေး၏ သို့အတွက် ပီတိ သမ္ဗောဇ္ဈင်မည်၏ ပဿဒ္ဓိစေတသိတ်သည် စိတ် စေတသိတ်တို့ကို ငြိမ်းချမ်းစေခြင်းဖြင့် မဂ်ဉာဏ်၏ အမှုကိစ္စကိုဆောင်ပေး၏ သို့အတွက် ပဿဒ္ဓိ သမ္ဗောဇ္ဈင် မည်၏ တတြမဇ္ဈတ္တတာ စေတသိတ်သည် သမ္ပယုတ် တရားတို့ကို အညီအမျှဖြစ်စေခြင်းဖြင့် မဂ်ဉာဏ်၏ အမှုကိစ္စကို ကူညီဆောင်ရွက်ပေ၏ သို့အတွက် ဥပေက္ခာသမ္ဗောဇ္ဈင်မည်၏ ဤကဲ့သို့ မဂ်ဉာဏ်၏ အသင်း အပင်းတွေဖြစ်ကြ သောကြောင့် ဗောဇ္ဈင်ခေါ်သည်။

မဂ္ဂင်မှာ မဂ္ဂသစ္စာ၌ ပြခဲ့ပြီးဖြစ်သည် သို့အတွက် မပြတော့ပြီ ဤကဲ့သို့ဗောဓိပက္ခိယတရားများသည် ပါဝင်ကြကုန်၏။

## ဝိသုဒ္ဓိ ၇ ပါး၊ ပါဝင်ပုံ၊

မဂ်မရမှီ ရှေးအဘို့ဖြစ်သော တရားကိုဆင်ခြင် နှလုံးသွင်းချိန်၌ ကာယဒုစရိုက်ဝစီဒုစရိုက်တို့၏ ငြိမ်းအေးနေမှုသည် လောကီ သီလဝိသုဒ္ဓိမည်၏ ဤကား လူအတွက်ပေတည်း ရဟန်းများမှာ အာပတ်များ ရှိပါက ၎င်းအာပတ်များကို ဆိုင်ရာဝိနည်းဖြင့် ကုစား ရပေဦးမည် ကုစားပြီး သောအခါ တရားကို ဆင်ခြင် နေခြင်းသည် လောကီ သီလဝိသုဒ္ဓိမည်၏ မဂ်ကိုရပြီးသောအခါ အရိ

ယာကန္တ သီလ နှင့် ပြည့်စုံခြင်းသည် လောကုတ္တရာသီလ ဝိသုဒ္ဓိမည်၏။

တရားကို ဆင်ခြင်သောအခါ တရား အာရုံ၌ စိတ်ကို တည်ကြည်စွာ ထားခြင်းသည် လောကီစိတ္တဝိသုဒ္ဓိမည်၏။ သစ္စာလေးပါးကို သိပြီးသော အခါ သစ္စာကို ဖုံးကွယ်သော မောဟ အညစ်အကြေးမရှိခြင်းသည် လောကုတ္တရာ စိတ္တဝိသုဒ္ဓိမည်၏။

ဒိဋ္ဌိဝိသုဒ္ဓိ၌ ဒိဋ္ဌိသည် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဟု ၂-ပါးရှိ၏၊ သဿတဒိဋ္ဌိသည် လွန်ခဲ့သောဘဝက စိတ်သည် ယခုစိတ် ငယ်ငယ်က စိတ်သည် ယခုစိတ် နောက်ဘဝသွား မည့် စိတ်သည် ယခုစိတ် ထိုစိတ်သည် ဖြစ်ခြင်း ပျက်ခြင်း မရှိ၊ တဘဝမှ တဘဝသို လှည့်လည်ကာနေ၏ဟုယူဆခြင်း ပေတည်း၊ ဥစ္ဆေဒဒိဋ္ဌိသည် သေလျှင် နောက်ထပ် မဖြစ်ဟု ယူဆခြင်းပေတည်း၊ သဿတဒိဋ္ဌိကား အပျက်ကို မမြင် သောဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကား အဖြစ်ကိုမမြင်သော ဒိဋ္ဌိ ခပေတည်း။

မြတ်စွာဘုရား၏ ဝါဒကား အဖြစ်အပျက်(၂)ပါးလုံး ကို မြင်သော ကြားဝါဒပေတည်း၊ ဥပမာ ပေးဦးအံ့ ယခု လယ်ပြင် ထဲမှာ ပေါက်နေသော စပါးပင် တို့သည် လွန်ခဲ့ သောနှစ်က စပါးပင်မဟုတ် နောင်နှစ်ခါပေါက်မည့်စပါး ပင်လည်းမဟုတ် တနှစ်လျှင် တပင်စီဖြစ်ကြကုန်၏ သို့သော် လဲ လွန်ခဲ့သော နှစ်က စပါးပင်၏ အသီးကြောင့် ယခုနှစ် စပါးပင် ပေါက်ရ၏ ယခုနှစ် စပါးပင်က သီးသော စပါး ကြောင့် နောက်နှစ်ခါ စပါးပင်ပေါက်ရပေမည် ထိုအတူ လွန်ခဲ့သော ဘဝက ခန္ဓာ ငါးပါးသည် ယခုခန္ဓာ မဟုတ်

ယခုခန္ဓာသည် နောက်ဘဝခါဖြစ်မည့် ခန္ဓာလည်း မဟုတ်ချေ၊ တဘဝမှာ တခန္ဓာစီ ဖြစ်ကြကုန်၏၊ ဤကား အဒ္ဓါနအနိစ္စကို ပြခြင်းတည်း၊ အတိတ်ဘဝကခန္ဓာသည် ယခုခန္ဓာဖြစ်ဘို့ နေနေသာသာ ငယ်ငယ်က ရုပ် နာမ်သည် ယခုရုပ်နာမ် မဟုတ်တော့ချေ၊ ငယ်စဉ်က ရုပ်ကား နုညံ့၏ ယခုရုပ်ကား ရင့်ရော်၏ ငယ်စဉ်က စိတ်ကား နုံ့စို့ လိုသောအာသာမှတပါး ခလောဘမရှိ၊ ယခုစိတ်ကား မြင့်မိုရ်တောင်ပမာဏကြီးသော လောဘတို့ဖြင့် ပြည့်၍နေ၏ တသွင်သွင်စီးဆင်း နေသော မြစ်ရေ အယဉ်သည် ရှေ့ရေ နေရာသို့နောက်ရေ အမြဲရောက်နေသလို ချုပ်ပျောက်လေပြီးသောရှေး ရုပ်နာမ် နေရာသို့ နောက်ရုပ်နာမ် အမြဲရောက်ခြင်းကြောင့် မြဲသည်ဟု ထင်ကြရလေသည် သေသေ ချာချာဆင်ခြင်ကြည့်မှ ပြောင်းလဲဒါကို မြင်ကြရပေသည်၊ ဤကားသန္တတိအနိစ္စကို ပြခြင်းတည်း၊ ဤသို့တဘဝလျှင် တခန္ဓာစီဖြစ်ပြီးသော်လည်း အတိတ်ခန္ဓာဖြင့် ပြုခဲ့သော ကံကြမ္မာကြောင့် ပစ္စုပ္ပန်ခန္ဓာပေါ်ရ၏၊ ပစ္စုပ္ပန် ကံကြမ္မာကြောင့် အနာဂါတ်ခန္ဓာပေါ်ရပေသည်၊ ခန္ဓာသည် စပါးပင်နှင့်တူပေသည်၊စပါးသီးကားကံကြမ္မာနှင့်တူပေသည်၊အတိတ်ပစ္စုပ္ပန်အနာဂါတ် သုံးဘဝ တို့၏ တခန္ဓာစီ ဖြစ်ပုံကို ရှင်းလင်းမှသဿတဒိဋ္ဌိသေမည် ခန္ဓာဟောင်းဖြင့် ပြုသော ကံကြမ္မာထောက်ပံ့မှ ခန္ဓာသစ် ပေါ်ရပုံကို မြင်လျှင် ဥစ္ဆေဒဒိဋ္ဌိသေမည် သို့အတွက် အတိတ်ဘဝကစိတ်သည် ယခုစိတ်မဟုတ် ငယ်ငယ်ကစိတ်သည် ယခုစိတ် မဟုတ် သည်ကို ပြခြင်းငှါ မြင်စိတ် ကြားစိတ် တို့၏ အကြောင်း ( ၄ ) ပါးထောက်ပံ့မှ ဖြစ်ရပုံကို ပြီးလျှင် ပျောက်ပုံတွေကို ပြခဲ့

လေသည် သို့ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိလည်းဖြစ်တော့လေသည်
ဒိဋ္ဌိသေလျှင် ဝိစိကိစ္ဆာလည်းကင်းတော့သဖြင့် ကင်္ခါ
ဝိတရန ဝိသုဒ္ဓိလည်းဖြစ်တော့လေသည်။

မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိဆိုသည်မှာ မဂ်ဟုတ်သည်
မဟုတ်သည်ကို ပိုင်းခြားနိုင်သောဉာဏ်ပေတည်း။

သမထကို အရင်းခံပြီးမှ ဝိပဿနာသို့ တက်သောသူ
သည် ဥဒယဗ္ဗယဉာဏ်ဟု ဆိုအပ်သော အနိစ္စကို ရှုလတ်
သော် သမာဓိ၏ အစွမ်းကြောင့် ကိုယ်ရောင် ကိုယ်ဝါကြီး
သော်၎င်း နှစ်သက်ခြင်းပီတိသော်၎င်း ကိုယ်စိတ်နှစ်ပါး၏
ငြိမ်းအေးခြင်း ပဿဒ္ဓိသော်၎င်း သက်ဝင်ယုံကြည်သော
သဒ္ဓါဟု ဆိုအပ်သော အဓိမောက္ခသော်၎င်း စိတ်ကိုချီး
မြှောက်တတ်သော ဝီရိယသော်၎င်း သုခဝေဒနာ သော်
၎င်း ထက်မြက်လျှင်မြန် အမြင်သန့်သော ဝိပဿနာဉာဏ်
၎င်း အာရုံ၌ စွဲမြဲသော သတိသည်၎င်း အသင့်အားဖြင့်
ရှုစားတတ်သော ဥပေက္ခာသည်၎င်း ဝိပဿနာကို နှစ်
သက်မှု တဏှာသည်၎င်း တခုခုသောအန္တရာယ် ပေါ်လာ
တတ်လေသည်။ ထိုအခါ ဒီတရားတို့သည် မဂ်မဟုတ်သေး
သမာဓိ၏အခိုးအငွေ့တွေဘဲဟုသိခြင်းပေတည်း ဝိပဿနာ
ယာနိကပုဂ္ဂိုလ်များမှာ၎င်း အန္တရာယ်နှင့်ကြုံလေသည်
ဘာကြောင့်ဆိုသော် သမာဓိကိုအားမကိုးဘဲ ဉာဏ်ကိုသာ
အားကိုးသောကြောင့် ဝိသာခါ ခုဇ္ဇုတ္တရာ၊ ကာဠိ အနာ
ထပိဏ်စသော တရားနာရင်းသောတာပန် တည် သူ တို့
သည် အဘယ်မှာအလင်းရောင်စသောအန္တရာယ်တွေပေါ်
နေတော့မည်နည်း မပေါ်တော့ချေ သို့အတွက် ဖြစ်သမျှ

ပျက်မှာဟု မတွေ့မဝေသိလျှင် ၎င်းမဂ္ဂါမဂ္ဂ ဉာဏဒဿန
ဝိသုဒ္ဓိလည်း ပါဝင်တော့သည်သာတည်း။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ဥဒယဗ္ဗယဉာဏ်မှအနု
လောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်(၉)ပါးကို ခေါ်
ပါသည် ဒုက္ခသစ္စာကိုပိုင်းခြား၍မသိမှီ မဂ်ဉာဏ်နှင့် လျော်
သော အနုလောမဉာဏ်သို့ရောက်လျှင်ပဋိပဒါဉာဏဒဿန
ဝိသုဒ္ဓိဖြစ်တော့သည် ဉာဏဒဿနဝိသုဒ္ဓိဆိုသည်ကား မဂ်
ဉာဏ်ကိုပင်ခေါ်သည် ဒါကြောင့်မဂ်ဉာဏ်ကိုရလျှင် ဝိသုဒ္ဓိ
(၇)ပါးစုံတော့သည်။

## ပရမတ်ဒိဋ္ဌိဖြစ်ပုံ၊

ပါဏာတိပါတသည် သူတပါး၏အသက်ကိုသတ်မှဖြစ်
သည် မြတ်စွာဘုရားက အသက် လိပ်ပြာမရှိ ဟောသည်
သို့အတွက် သတ်ချင်ဒါကိုသတ် ပါဏာတိပါတ မဖြစ်ဟု
ဆိုခြင်းသည်၎င်း။

သူတပါးဥစ္စာကိုခိုးမှ အဒိန္နာဒါနဖြစ်၏ ငါသူတပါးမရှိ
သောကြောင့် ခိုးချင်ဒါကိုခိုးကြ အဒိန္နာဒါန မဖြစ်ဟုဆိုခြင်း
သည်၎င်း။

သူတပါး သားမယား ပြစ်မှားမှ ကာမေသုမိစ္ဆာစာရ
ဖြစ်သည် သူတပါး မရှိသောကြောင့် ပြစ်မှားချင်သလို
ပြစ်မှားကြ ကာမေသုမဖြစ်ဟုဆိုခြင်းသည်၎င်း။

သူတပါးကိုလိမ်မှ မုသားဖြစ်သည် သူတပါး မရှိသော
ကြောင့် လိမ်ချင်သလိုလိမ်ကြ မုသားမဖြစ်ဟု ဆိုခြင်း
သည်၎င်း။

ရေလည်းအဋ္ဌကလပ်ရုပ် အရက်လည်း အဋ္ဌကလပ်ရုပ်

ဖြစ်သည့် အရက် ဆိုဒါ ပညတ် သာတည်း၊ သို့အတွက် သောက်ချင်သလို သောက်ကြ သူရာမေရယမဖြစ်ဟု ဆိုခြင်း သည်ငှင်း။

စေတီလည်း အုဋ္ဌ လှေခါးခုံလည်းအုဋ္ဌ အဋ္ဌက လပ်ရုပ် တွေချည်းသာတည်း ရှိသေစရာမဟုတ်ဟု ဆိုခြင်းသည်ငှင်း ပရမတ်ဒိဋ္ဌိတို့ပေတည်း၊ အဟေတုတွက ဒိဋ္ဌိလည်းခေါ်၏။ ဥစ္ဆေဒဝါဒပေတည်း၊ အရိယာကန္တေ ဟိ သီလေဟိ သမ္မန္နာ ဂတော ဟု ဟောတော်မူသည်ကို မသိဘဲ အရမ်း ကာရော လူမိုက်အားပေး စကားတို့ ပေတည်း၊ မပြောအပ် မဆို အပ်ရချေ မြတ်စွာဘုရားကို စွပ်စွဲရာရောက်၏ ဆဲရေးသည် မည်၏ အပြစ်ကြီးစွတကား။

သောတာပန်တည်ပြီးလျှင် လှူစရာမလို ဥပုသ်စောင့်စရာ မလိုဟု ဆိုခြင်းသည်လည်း ဥပ္ပန္နာနံ ကုသလာနံ ဘိယျော ဘာဝါယ ဝါယမော ဟု ဟောတော်မူသော စကားနှင့် ဆန့်ကျင်သဖြင့် မပြောကောင်းချေ သောတာပန် တည်က တိုး၍သာ သဒ္ဓါတရား ကောင်းရပေမည် ဝိသာခါ အနာ တပိဏ်တို့ ထုံးကို နှလုံးမူရမည် သို့သော်လည်း ကျောက်ခဲ မြင်တိုင်း ရှိခိုးလိမ့်မည် မဟုတ်ချေ အများ ဝိုင်းအုံ တိုင်း အထင်ကြီးလိမ့်မည်မဟုတ်ချေ သောတာပန်သည် လောကုတ္တရာ သရဏဂုံ တည်သူမို့ ရတနာ စစ်မှသာ သဒ္ဓါ တရား ကောင်း၏ ရတနာမစစ်က အရေးမလုပ်တော့ချေ ပြော၍မရက ဆိတ်ဆိတ် နေမည်သာတည်း။

**တရားရှင်းခန်းပြီး၏။**

# ကမ္မဋ္ဌာန်းသံပေါက်။

အမည်နာမ ဟူသမျှ မှတ်ကြပညတ်သာ။
ရှာ၍မရ သဘာဝ စိတ်ကထင်မှုသာ။
ပရမတ်မှာ သဘာဝါ သေချာရှိတော့ဒါ။
စိတ်စေတသိတ် ရုပ်နှင့်နိဗ္ဗာန် ခွဲစိတ်မှတ်ဘိုသာ။
စက္ခုပသာဒ ကံကြောင့်ရ မှတ်ကြသင်္ခါရာ။
အဘယ်သူမျှ စိုးမရ မှတ်ကြအနတ္တာ၊
ငယ်ငယ်ကကြည် ကြီးတော့သိ အတည်မမြဲပါ။
အကြည်ရုပ်စု ပျက်စီးမှု ပွားရှုဆင်းရဲဒါ။
ကြည်လင်မှုမှာ သဏ္ဌာန့်ဟာ သေချာမရှိပါ။
သောတပသာဒ ကံကြောင့်ရ မှတ်ကြသင်္ခါရာ။
အဘယ်သူမျှ စိုးမရ မှတ်ကြအနတ္တာ။
ငယ်ငယ်ကကြည် ကြီးတော့သိ အတည်မမြဲပါ။
အကြည်ရုပ်စု ပျက်စီးမှု ပွားရှုဆင်းရဲဒါ။
ကြည်လင်မှုမှာ သဏ္ဌာန့်ဟာ သေချာမရှိပါ။
ဃာနပသာဒ ကံကြောင့်ရ မှတ်ကြသင်္ခါရာ။
အဘယ်သူမျှ စိုးမရ မှတ်ကြအနတ္တာ။
တခါတရံ မကြည်ပြန် အမှန်မမြဲဒါ။
အကြည်ရုပ်စု ပျက်စီးမှု ပွားရှုဆင်းရဲဒါ။
ကြည်လင်မှုမှာ သဏ္ဌာန့်ဟာ သေချာမရှိပါ။
ဇိဝှါပသာဒ ကံကြောင့်ရ မှတ်ကြသင်္ခါရာ။

အဘယ်သူမျှ စိုးမရ မှတ်ကြအနတ္တာ။
တခါတရံ မကြည်ပြန် အမှန်မမြဲဒါ။
အကြည်ရုပ်စု ပျက်စီးမှု ပွားရှုဆင်းရဲဒါ။
ကြည်လင်မှုမှာ သဏ္ဌာန်ဟာ သေချာမရှိပါ။
ကာယပသာဒ က ကြောင့်ရ မှတ်ကြသင်္ခါရာ။
အဘယ်သူမျှ စိုးမရ မှတ်ကြအနတ္တာ။
တခါတရံ မကြည်ပြန် အမှန်မမြဲဒါ။
အကြည်ရုပ်စု ပျက်စီးမှု ပွားရှုဆင်းရဲဒါ။
ကြည်လင်မှုမှာ သဏ္ဌာန်ဟာ သေချာမရှိပါ။
ရူပါရုံအား ကြောင်းလေးပါး ထောက်ပြားကေန်သ
အကြောင်းထောက်မှ ဖြစ်ပေါ်ရ မှတ်ကြသင်္ခါရာ။

အဘယ်သူမျှ စိုးမရ မှတ်ကြအနတ္တာ၊
အမျိုးမျိုးပ ပြောင်းလဲရ မှတ်ကြမမြဲဒါ။
အမြဲမနေ ပျက်စီးချေ မှတ်ခလေဆင်းရဲဒါ။
ရသာရုံမှာ သဏ္ဌာန်ဟာ သေချာမရှိပါ။
ဖေါဋ္ဌဗ္ဗအား ကြောင်းလေးပါး ထောက်ပြားစေကန့်သာ၊
အကြောင်းထောက်မှ ဖြစ်ပေါ်ရ မှတ်ကြသင်္ခါရာ

အဘယ်သူမျှ စိုးမရ မှတ်ကြအနတ္တာ၊
အမျိုးမျိုးပ ပြောင်းလဲရ မှတ်ကြမမြဲဒါ။
အမြဲမနေ ပျက်စီးချေ မှတ်လေဆင်းရဲဒါ
ဖေါဋ္ဌဗ္ဗာမှာ သဏ္ဌာန်ဟာ သေချာမရှိပါ။
စက္ခုဝိညာဉ် ကြောင်းလေးအင်၊ပြုပြင်ထောက်ပံ့ဒါ။
အကြောင်းထောက်မှ ဖြစ်ပေါ်ရ မှတ်ကြသင်္ခါရာ။

အဘယ်သူမျှ စိုးမရ မှတ်ပအနတ္တာ။
မြင်၍ပြီးက ချုပ်ပျောက်ရ မချမမြဲပါ။
အမြဲမနေ ပျက်စီးချေ မှတ်လေဆင်းရဲပါ
မြင်မှုနာမ်မှာ သညာနှင့်ဟာ သေချာမရှိပါ။
သောတဝိညာဉ် ကြောင်းလေးအင် ပြုပြင်ထောက်ပံ့ပါ
အကြောင်းထောက်မှ ဖြစ်ပေါ်ရ မှတ်ပသင်္ခါရာ။
အဘယ်သူမျှ စိုးမရ မှတ်ပအနတ္တာ။
ကြား၍ပြီးက ချုပ်ပျောက်ရ မချမမြဲပါ။
အမြဲမနေ ပျက်စီးချေ မှတ်လေဆင်းရဲပါ
ကြားမှုနာမ်မှာ သညာနှင့်ဟာ သေချာမရှိပါ။
ဃာနဝိညာဉ် ကြောင်းလေးအင် ပြုပြင်ထောက်ပံ့ပါ

အကြောင်းထောက်မှ ဖြစ်ပေါ်ရ မှတ်ကြသင်္ခါရာ။
အဘယ်သူမျှ စိုးမရ မှတ်ကြာအနတ္တ
နံ၍ပြီးက ချုပ်ပျောက်ရ မချမမြဲပါ။
အမြဲမနေ ပျက်စီးချေ မှတ်လေဆင်းရဲပါ
နံမှုဓါတ်မှာ သညာနှင့်ဟာ သေချာမရှိပါ။
ဇိဝှါဝိညာဉ် ကြောင်းလေးအင် ပြုပြင်ထောက်ပံ့ပါ

အကြောင်းထောက်မှ ဖြစ်ပေါ်ရ မှတ်ကြသင်္ခါရာ။
အဘယ်သူမျှ စိုးမရ မှတ်ကြအနတ္တာ။
လျက်သိပြီးက ချုပ်ပျောက်ရ မချမမြဲပါ။
အမြဲမနေ ပျက်စီးချေ မှတ်လေဆင်းရဲပါ
လျက်သိဓါတ်မှာ သညာနှင့်ဟာ သေချာမရှိပါ။
ကာယဝိညာဉ် ကြောင်းလေးအင် ပြုပြင်ထောက်ပံ့ပါ

အကြောင်းထောက်မှ ဖြစ်ပေါ်ရ မှတ်ပသင်္ခါရာ။
အဘယ်သူမျှ စိုးမရ မှတ်ပအနတ္တာ
တွေ့သိပြီးက ချုပ်ပျောက်ရ မှချမမြဲဒါ။
အမြဲမနေ ပျက်စီးချေ မှတ်ခလေဆင်းရဲဒါ။
တွေ့သိဓါတ်မှာ သဏ္ဌာန်ဟာ သေချာမရှိပါ။
မနောဓါတ်မှာ ကြောင်းနှစ်ဖြာ ပြုခါပြင်ကြဒါ။

အကြောင်းထောက်မှ ဖြစ်ပေါ်ရ မှတ်ပသင်္ခါရာ။
အဘယ်သူမျှ စိုးမရ မှတ်ပအနတ္တာ
သိ၍ပြီးက ချုပ်ပျောက်ရ မှချမမြဲဒါ။
အမြဲမနေ ပျက်စီးချေ မှတ်ခလေဆင်းရဲဒါ။
သိမှုဓါတ်ဟာ သဏ္ဌာန်ဟာ သေချာမရှိပါ။

မနောဝိညာဉ် ကြောင်း၂အခင် ပြုပြင်ထောက်ပံ့တာ
အကြောင်းထောက်မှ ဖြစ်ပေါ်ရ မှတ်ပသင်္ခါရာ။
အဘယ်သူမျှ စိုးမရ မှတ်ပအနတ္တာ
တွေးတောပြီးက ချုပ်ပျောက်ရ မှချမမြဲဒါ။
အမြဲမနေ ပျက်စီးချေ မှတ်လေဆင်းရဲဒါ။
တွေးတောမှုမှာ သဏ္ဌာန်ဟာ သေချာမရှိပါ။
ဓမ္မာဓါတ်အား ကြောင်းတရား ပြုပြားပြင်ကြဒါ။

အကြောင်းထောက်မှ ဖြစ်ပေါ်ရ မှတ်ပသင်္ခါရာ။
အဘယ်သူမျှ စိုးမရ မှတ်ပအနတ္တာ
ဖြစ်ပြီးပျက်ခါ ပြောင်းလဲရှာ မှန်စွာမမြဲဒါ။
အမြဲမနေ ပျက်စီးချေ မှတ်လေဆင်းရဲဒါ။
ဓမ္မာဓါတ်မှာ သဏ္ဌာန်ဟာ သေချာမရှိပါ။

အကြောင်းထောက်မှ ဖြစ်ပေါ်ရ မှတ်ပသင်္ခါရာ။
သင်္ခါရမှန် ရွေးမကျန် အမှန်ပျက်စီးမှာ ။
ဤသို့သိတာ အရိယာ သစ္စာဒုက္ခသာ။
ဒုက္ခသစ္စာ သိထုံပါ ကင်းကွာသမုမှာ။
ယခုချုပ်က နိယောဂ မှတ်ပမြဲဘ်သစ္စာ
ဒုက္ခသိဉာဏ် မြဲဧကန် အမှန်မဂ္ဂသာ။
သစ္စာလေးပါး သိတုံပြား မြတ်ဖျားသားတော်သာ။
သားတော်ဖြစ်ခါ သာသနာ သေချာရှိတော့ဒါ။
ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာ ကြုံရကြိုးနပ်တာ။
နိဗ္ဗာန်ရောက်ချင် စိတ်လိုအင် စုံလင်ပြည့်တော့ဒါ

ဂါတ်(၁၈)ပါးသံပေါက် ပြီးပါပြီ။

# သက္ကာယဒိဋ္ဌိခွဲပုံသံပေါက်။

မာမှု နုမှု ထိုနှစ်ခု ခေါ်မှုသညီ ပထဝီ
ဖွဲ့မှု ယိုမှု ထိုနှစ်ခု ခေါ်မှုသည် အာပေါမည်။
ပူမှုအေးမှု ထိုနှစ်ခု ခေါ်မှုသညီ တေဇောမည်
ထောက်မှုလှုပ်မှုထိုနှစ်ခု ခေါ်မှုသညီ ဝါယောမည်

ဓါတ်ကြီး ၄ ခု ပေါင်းခါစု ရှည်ပုမညီ ပေါ်တော့သည်
သဏ္ဌာန်ပေါ်လာသတ္တဝါရှိဒါအတည် ထင်တော့သည်
အသက်လိပ်ပြာသက္ကာယာစွဲဒါတလဲ ဝင်တော့သည်။
ဖဿကြောင့်သာ ဝေဒနာ ဖြစ်တာအတည်ပေါ်တော့သည်။

ခံစားမှုဟာ ငါဟုသာ ထင်ဒါတလဲ မှားတော့သည်
ဖဿဟောထု ထောက်ပံ့ပြု မှတ်မှုတလဲ ပေါ်တော့သည်
မှတ်သားမှုဟာ ငါဟုသာ ထင်ခါတလဲ မှားတော့သည်
ဖဿကြောင့်သာ စေဒနာ ဖြစ်တာအတည်ပေါ်တော့သည်။

စေ့ဆော်မှုဟာ ငါဟုသာ ထင်ခါတလဲ မှားတော့သည်
အာရုံဒွါရ ပေါင်းမိက မနတလဲ ပေါ်တော့သည်
မနဆိုဒါ စိတ်ကိုသာ မှတ်ပါအတည် သိဘို့ရည်
ထိုစိတ်ဖြစ်လာ ငါဟုသာ စွဲဒါတလဲ ထင်တော့သည်

## သက္ကာယ အမြား(၂၀) သံပေါက်

ရုပ်ထဲမှာသာငါဆိုဒါ ရှိတာအတည် ထင်တော့သည်။
ငါထဲမှာသာရုပ်ရှိဒါ ထင်ဒါတလှိမ့် စွဲတော့သည်။
ငါနှင့်ရုပ်ဟာတူတူသာ ဖြစ်တာအတည် ထင်တော့သည်။
ငါနှင့်ရုပ်ဟာတခြားသာ ဖြစ်တာအတည် ထင်တော့သည်။

ဝေဒနာမှာ ငါဆိုဒါ ရှိတာအတည် ထင်တော့သည်။
ငါထဲမှာသာဝေဒနာ ရှိတာအတည် ထင်တော့သည်။
ငါနှင့်ဝေဒနာတူတူသာ ဖြစ်တာအတည် ထင်တော့သည်။
ငါနှင့်ဝေဒနာတခြားသာ ဖြစ်တာအတည် ထင်တော့သည်။

သညာထဲမှာငါဆိုတင် ရှိတာအတည် ထင်တော့သည်။
ငါထဲမှာသာထိုသညာ ရှိတာအတည် ထင်တော့သည်။
ငါနှင့်သညာတူတူသာ ဖြစ်တာအတည် ထင်တော့သည်။
ငါနှင့်သညာတခြားသာ ဖြစ်တာအတည် ထင်တော့သည်။

သင်္ခါရမှာ ငါဆိုတာ ရှိတာအတည် ထင်တော့သည်။
ငါထဲမှာသာသင်္ခါရာ ရှိတာအတည် ထင်တော့သည်။
ငါနှင့်သင်္ခါတူတူသာ ဖြစ်တာအတည် ထင်တော့သည်။
ငါနှင့်သင်္ခါတခြားသာ ဖြစ်တာအတည် ထင်တော့သည်။

ဝိဉာဉ်ထဲမှာငါဆိုတာ ရှိတာအတည် ထင်တော့သည်။

ငါထဲမှာသာဝိဉာဉ်ဟာ ရှိတာအတည် ထင်တော့သည်။

ဝိညာဉ်နှင့်ငါ တူတူသာ ဖြစ်တာအတည် ထင်တော့သည်
ဝိညာဉ်နှင့်ငါ တခြားသာ ဖြစ်တာအတည် ထင်တော့သည်

ခန္ဓာငါးပါး လက္ခဏာယဉ်တင်ပုံ။

ကံစိတ်ဥတုအာဟာရကြောင်းလေးဖြာထောက်ခါတလဲ့ရုပ်ဖြစ်သည်
မိမိသတ္တိ ဆိုပ်သုဉ်းဘိ မရှိအတည် ဖြစ်တော့သည်။
မရှိလို့သာ မမြဲဒါ ပျက်တာအတည် သိဘို့ရည်။

မမြဲပါက ပျယ်စီးရ ဒုက္ခတလဲ့ ဖြစ်တော့သည်။
ပူပြီးအေးဒါ ဖြစ်ပုံဟာ မှန့်စွာအတည် သက်သေမည်။
ဖဿကြောင့်သာ ဝေဒနာဖြစ်တာအတည် ပေါ်တော့သည်

မိမိသတ္တိ ဆိုပ်သုဉ်းဘိ မရှိအတည် ဖြစ်တော့သည်။
မရှိလို့သာ မမြဲဒါ ပျက်တာအတည် သိဘို့ရည်။
မမြဲပါက ပျက်စီးရ ဒုက္ခတလဲ့ ဖြစ်တော့သည်။

ရီးငြီးငိုဒါ ဖြစ်ပုံဟာ မှန့်စွာအတည် သက်သေမည်။
ဖဿဟေတု ထောက်ပံ့ပြု မှတ်မှုတလဲ့ပေါ်တော့သည်။
မိမိသတ္တိ ဆိုပ်သုဉ်းဘိ မရှိအတည် ဖြစ်တော့သည်။

မရှိလို့သာ မမြဲဒါ ပျက်တာအတည် သိဘို့ရည်။
မမြဲပါက ပျက်စီးရ ဒုက္ခအတည် ဖြစ်တော့သည်။

မှတ်ပြီးမေ့ဒါ ဖြစ်ပုံဟာ မှန့်စွာအတည် သက်သေမည်။
ဖဿကြောင့်သာ စေတနာဖြစ်တာအတည် ပေါ်တော့သည်။

မိမိသတ္တိ ဆိပ်သုဉ်းဘိ မရှိအတည် ဖြစ်တော့သည်။
မရှိလို့သာ မမြဲဒါ ပျက်တာအတည် သိဘို့ရည်။
မမြဲပါက ပျက်စီးရ ဒုက္ခတလဲ့ ဖြစ်တော့သည်။
ချစ်မုန်းပြီးမုန်းဒါဖြစ်ပုံဟာ မှန့်စွာအတည် သက်သေမည်။
အာရုံဒွါရ ပေါင်းမိက မနတလဲ့ ပေါ်တော့သည်။
မနဆိုဒါ စိတ်ကိုသာ မှတ်ပါအတည် သိဘို့ရည်။
မိမိသတ္တိ ဆိပ်သုဉ်းဘိ မရှိအတည် ဖြစ်တော့သည်။
မရှိလို့သာ မမြဲဒါ ပျက်တာအတည် သိဘို့ရည်။
မမြဲပါက ပျက်စီးရ ဒုက္ခအတည် ဖြစ်တော့သည်။
သိပြီးချုပ်တာ ဖြစ်ပုံဟာ မှန့်စွာအတည် သက်သေမည်။

ခန္ဓာငါးပါး လက္ခဏာယဉ်တင်ပုံပြီးပါပြီ။

# နိဂုံး

မြန်မာပြည်ရှိဗုဒ္ဓဘာသာဝင်တို့သည်(၁၀၀)လျှင်(၉၀) ရာခိုင်နှုန်းမှာ မိဿက သရဏဂုံသာဖြစ်နေသည်ကို ပညာရှိသူတိုင်းဝန်ခံကြပေမည် သို့အတွက် မိဿကသရဏဂုံမှ သုဒ္ဓသရဏဂုံသို့ ရောက်စေရန် ရည်သန်လျက် သရဏဂုံစစ်တမ်းဖြင့် ရှင်းလင်းခဲ့လေသည်။ အချို့သုဒ္ဓသရဏဂုံတည်သူတို့လည်း လိုရင်းဖြစ်သော ဝိဇ္ဇာစခန်းသို့အရောက်မသွားဘဲ စရဏစခန်းဖြင့် အချိန်ဖြုန်းလျက် ရှိကြကုန်၏ သို့အတွက် ဝဋ္ဋဝိဝဋ္ဋ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ စစ်တမ်းတို့ဖြင့် စစ်တမ်းထုတ်လျက်ဝိဇ္ဇာစခန်းသို့အမြန်ရောက်ရန် ကရုဏာသန့်စွာဖြင့် ရေးခဲ့လေသည် ဝိဇ္ဇာစခန်းကို လှမ်းနေကြသူအချို့လည်း ဆရာကောင်းမရှာဘဲ မိမိဘာသာ စိတ်ပုတီးတကုံးဖြင့် အချိန်ဖြုန်းကြကုန်၏ သို့အတွက် တရားဟောခဏ်းဖြင့် ထိုသူတို့အား လမ်းပြခဲ့ပေသည်။ ဝိပဿနာ ယောဂီအချို့လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုဒါဘယ်လိုကြီး ဖြစ်လာရအုံးမှာလိုလိုနှင့် တရားဦးခေါင်းမချနိုင်ကြဘဲ ဆယမ်းဆယမ်းဖြင့် အချိန်ကုန်ကြကုန်၏ သို့အတွက် တရားရှင်းခဏ်းဖြင့် တရားဦးခေါင်းကျစေရန် အားပေး လိုက်ရ ပေ၏ သို့အတွက် ဤစာအုပ်သည် သရဏဂုံမစစ်သူကို အစစ်ဖြစ်၍ ဝိပဿနာယာနိကသမားများကို အားမငယ်ကြစေရန် အားပေးသော စာအုပ်ဖြစ်သည် မှန်ရာကို ပြောလျှင် စိတ်ဆိုးတတ်သော လူမိုက်တို့၏ သဘောကိုစွန့်၍ မှန်ရာကိုပြ၍ ဆုံးမလျှင်ဝမ်း

သာတတ်သော ပညာရှိ သူတော်ကောင်း လမ်းစဉ်ကို လိုက်ခါ ဤစာအုပ်အား ရန်သူဟု သဘော မထားဘဲ ယောနိသော မနသိကာရဖြင့် ဆင်ခြင်ပါမူကား မိဿက သရဏာဂုံမှ သုဒ္ဓသရဏာဂုံ သို့ ၎င်းမှတဖန် လောကုတ္တရာ ဉာဏ်အခြေခံ ရင့်သန်ပါစေမည်ဆိုဒါ တာဝန်ယူပါ သတည်း။

ဗုဒ္ဓဘာသာအစစ် ဖြစ်ကြစေရန် ရည်သန်လျက်-

( ဦး ဉာဏ )

အသျှင် ဥာဏ၏ ကျမ်းစာများ။

၁။ တရားစစ်တမ်း ဆွေးနွေးခန်း

၂။ နိဗ္ဗာန်ကိုသွားဥာဏ်ရထား။

၃။ ဓမ္မရုံးတော် ဥာဏ်မဟော်။

၄။ ဓမ္မရတနာ မြတ်စကြာ။

ရနိုင်သောဌာန။

အောင်ဇေယျ ပုံနှိပ်တိုက်

အမှတ် (၅၀၇) ဂ၄–လမ်း

ရှမ်းစုစာတိုက်မန္တလေးမြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်

အမှတ် (၁၁၇၈)အရထုတ်ဝေပါသည်။

၂၉